Karen Information Center

# ကရင်သတင်းစဉ်

လူ့အခွင့်အရေး
တိုင်းရင်းသားအခွင့်အရေး
ဒီမိုကရေစီအရေး

ဇူလိုင်လ၊ ၂၀၁၂ခုနှစ် | The Karen Monthly Newsletter | Volume(16), Issue(7)


## ပြည်တွင်းသတင်း

တိုင်းရင်းသားဒေသ လိုအပ်ချက်များ သမ္မတနှင့် ဒီမို ၁၀ပါတီ ဆွေးနွေးခဲ့ စာမျက်နှာ ၂)→

လွတ်မြောက်လာသူ နိုင်ငံသား အကျဉ်းသားများထဲတွင် ကရင် (၃)ဦးပါဝင် စာမျက်နှာ (၄)→

## နယ်စပ်သတင်း

နေပြည်တော်မှ ဘုရားသုံးဆူ လောင်းကစားဝိုင်းကို လာရောက်စစ်ဆေး စာမျက်နှာ (၁၀)→

ဘုရားသုံးဆူရှိ အိမ်ခြေ ၁၀၀ ဝန်းကျင် ပြောင်းရွှေ့ခိုင်းခံရ စာမျက်နှာ (၉)→

## ဆောင်းပါး

ဟိုဘက်ကမ်းခြေ မြစ်ရိုးမှာ မှောင်မိုက်နေပြီ စာမျက်နှာ ၆)→

## လူငယ်များ၏စကားလက်ဆောင်

“ကရင်လူငယ်တွေဟာ ပညာကို တတ်စွမ်းသမျှ ကြိုးစားသင်ယူပြီး ကိုယ့်ကရင်လူထုအတွက် အကျိုးမပြုနိုင်ရင်တောင်မှ အနည်းဆုံး သူတို့ရဲ့ မိသားစုတွေကို အကျိုးပြန်ပြုနိုင်အောင် ကြိုးစားကြပါလို့ တိုက်တွန်း ပါချင်ပါတယ်။” စာမျက်နှာ (၈)→

## အင်တာဗျူး

CDC-ကျောင်းအုပ်ဆရာကြီး မန်းရွှေနင်းနှင့် တွေ့ဆုံမေးမြန်းခြင်း စာမျက်နှာ (၈)→

## ကမ္ဘာ့သတင်း

တောင်အာဖရိက ခေါင်းဆောင်ဟောင်း မန်ဒဲလား၉၄နှစ်ပြည့် စာမျက်နှာ(၁၂)→

ဆီးရီးယား ကာကွယ်ရေးဝန်ကြီး လုပ်ကြံခံရ စာမျက်နှာ(၁၂)→

## အားကစား

အသက်(၁၉)နှစ်အောက် ဥရောပ ချန်ပီယံဘွဲ့ကို ကာကွယ်ခဲ့သည့် စပိန်အသင်း စာမျက်နှာ(၁၃)→

AFFဆုဇူကီးဖလားခြေစစ်ပွဲ ပွဲဦးထွက်အဖြစ် မြန်မာအသင်း ဘရူနိုင်းအသင်းနှင့် ရင်ဆိုင်ရမည် စာမျက်နှာ(၁၃)→


## လောင်စာအခက်ခဲဖြေရှင်းရန် ထင်းဥပဒေမူကြမ်းကို PSDP ဥပဒေအကြံပေး ပြည်နယ်လွှတ်တော်ထံ တင်ပြထား


Photo-KIC

ဇူလိုင်လ ၂၀ရက်၊ ၂၀၁၂ခုနှစ်။
နန်းသူးလေ (ကေအိုင်စီ)

ကရင်ပြည်နယ်ရှိကျေးရွာနေ လူထုများ လိုအပ်နေသည့် လောင်စာ အခက်အခဲများကို ဖြေရှင်းနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း တတ်ရန်အတွက် ဖလုံ–စဝေါ်ဒီမိုက ရက်တစ်ပါတီ-PSDPမှ ဥပဒေ အကြံပေး စောမင်းအောင်လင်းက ထင်း ဥပဒေမူကြမ်းကိုပြည်နယ်လွှတ်တော် ထံသို့တင်ပြထားသည်ဟုသိရသည်။

မြို့နေလူဦးရေထက် ကျေး လက်နေလူဦးရေမှာ များပြားသည့် ကရင်ပြည်နယ်တွင် လျှပ်စစ်မီးပုံမှန် မရရှိသေးသဖြင့် အများစုမှာ ချက် ပြုတ်စားသောက်ရာတွင်ထင်းကိုသာ ဦးစားပေး သုံးစွဲနေရသည့်အပြင် အိမ်မိုးအဖြစ် အသုံးပြုသည့် အင်ဖက် များလည်း ရှားပါးလာကာ ဒေသခံ လူထုမှာ အခက်အခဲများ ကြုံတွေ့နေ ရသဖြင့် ထင်းဥပဒေမူကြမ်းကို လွှတ် တော်သို့ တင်ပြရခြင်းဖြစ်ကြောင်း PSDP ဥပဒေအကြံပေးက ကေအိုင်စီ သို့ ယခုလို ပြောသည်။

၎င်းင်းက “အရင်တုန်းကဆို ထင်းတို့၊ အင်ဖက်နဲ့ ဝါးတို့ဆိုရင် အလွယ်တကူရတယ်။ နောက်ပိုင်းကျ တော့ စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့ လာပြီး ကျေးရွာမှာရှိတဲ့ မြေလွတ်မြေ သိုင်းတွေနေရာမှာ ရာဘာနဲ့ အခြား အစားထိုးသီးနှံတွေစိုက်လာကြ တော့ အခုဆိုရင် ထမင်းချက်ဖို့ထင်း ရှာရတာတောင် တော်တော်ခက်နေ ပြီ။ ရေရှည်မှာဆိုရင် ဒီထက်ပိုပြီး ခက်ခဲလာတော့မယ်”ဟုပြောသည်။

ထင်းဥပဒေမူကြမ်းကို ကရင် ပြည်နယ်လွှတ်တော်သို့ ဇူလိုင်လ ၁၇ရက်က စာတင်ခဲ့ပြီး ယခုကျင်းပနေ သည့် ပြည်ထောင်စုလွှတ်တော် အ ပြီး ပြည်နယ်လွှတ်တော်ကျင်းပချိန် ရောက်မှသာလျှင် ဆွေးနွေး၊ ဆုံးဖြတ် နိုင်ရန် ကြိုတင် စာတင်ထားခြင်းဖြစ် သည်ဟုလည်း သူက ပြောသည်။

အဆိုပါ ထင်းဥပဒေမူကြမ်း ကို ရေးဆွဲရာတွင် သက်ဆိုင်ရာ အစိုး ရသစ်တောဌာနများ၏ ဥပဒေများကို လေ့လာခြင်း၊တတ်သိနားလည်သော ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်ခြင်း၊ ဒေသခံလူထုများနှင့် ဆွေးနွေးဖလှယ် ခြင်းများ ပြုလုပ်ပြီးမှသာလျှင် ဥပဒေ မူကြမ်းကို ပြည်နယ်လွှတ်တော်သို့ တင်ခဲ့ခြင်းဖြစ်သော်လည်း မူကြမ်းထဲ တွင် ပါဝင်သည့် အချက်အလက် အ သေးစိတ်ကိုမူ ပြောဆိုနိုင်ခြင်း မရှိ သေးပေ။

စောမင်းအောင်လင်းက “ဒီ ကိစ္စဖြစ်နေတာ ကျနော်တို့ ကရင် ပြည်နယ် နေရာအနှံ့အပြားပဲလေ။ အခုက စာတင်ထားတာပဲ ရှိသေး တယ်။ လွှတ်တော်ထဲရောက်ပြီး တရားဝင်ဖြစ်တော့မှပဲ အဲဒီအထဲမှာ ဘာတွေပါတယ်ဆိုတာကို ပြောပြလို့ ရမယ်”ဟု ဆိုသည်။

လက်ရှိအနေအထားအရ သစ်တောများပြုန်းတီးလာပြီဖြစ်၍ ကျေးရွာနေ ဒေသခံများအနေဖြင့် လောင်စာများကို စနစ်တကျ ထုတ် ယူသုံးစွဲနိုင်ရန်နှင့် သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းကြရန် သက်ဆိုင်ရာ ကျေးရွာလူထုနှင့် သစ်တောရေးရာ ဝန်ထမ်းများ ပူးပေါင်းလုပ်ဆောင်သင့် သည်ဟုလည်း ဝေဖန်ပြောဆိုသူများ လည်း ရှိသည်။

“ဒီထင်းဥပဒေတွေက တင် သင့်တာကြာလှပါပြီ။ ရွာမှာက အဓိ က ထင်းကိုပဲ အားကိုးပြီး ချက်ပြုတ် နေရတာလေ။ မိုးတွင်းဆိုရင် ထင်းက ရှာလို့ မကောင်းတော့ဘူး။ နွေက တည်းက ထင်းတွေ စုထားရတာလေ။ အခုဆိုရင်တော့ စုဖို့ နေနေသာသာ ထင်းရှာလို့တောင်မလွယ်တော့ဘူး” ဟု ကြာအင်းဆိပ်ကြီးမြို့နယ်မှ ကရင် အမျိုးသမီးတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် သစ်တော ပြုန်းတီးမှုမှာ လူနေထိုင်ရန်နှင့် စိုက် ပျိုးမြေများတိုးချဲ့ခြင်း၊ ထင်း၊ မီးသွေး အသုံးပြုခြင်း၊သစ်ကို စီးပွားဖြစ် ထုတ် လုပ်ခြင်း၊ ပုစွန်ကန်များ တိုးချဲ့ခြင်း၊ တောမီးလောင်ခြင်း၊ စားအုန်းဆီ ထုတ်လုပ်ခြင်း၊ လမ်းဖောက်ခြင်း၊ တိ ရိစ္ဆာန်စားကျက်ချခြင်းများကြောင့် ဖြစ်ပြီး အထူးသဖြင့် နယ်စပ်ဒေသ များတွင် သစ်တောပြုန်းတီးမှု ပိုမိုမြင့် တက်နေကြောင်း သစ်တောပညာ ရှင်များက ဆိုသည်။

## နိုင်ငံရေးကို စုပေါင်းလုပ်ဆောင်သွားမည်ဟု UNFC ဆုံးဖြတ်


Photo-KIC

ဇူလိုင်လ ၂၀ရက်။ ၂၀၁၂ခုနှစ်
နန်းယဉ် (ကေအိုင်စီ)

အပစ်ခတ်ရပ်စဲရေးကိုတစ်ဖွဲ့ ချင်းစီ လုပ်ဆောင်နေသော်လည်း နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကို စုပေါင်း လုပ်ဆောင်သွားမည်ဟု ညီညွတ် သော တိုင်းရင်းသားလူမျိုးများ ဖက်ဒ ရယ်ကောင်စီ(UNFC)အနေဖြင့် ဆုံး ဖြတ်ထားသည်။

“အပစ်ခတ်ရပ်စဲရေးကိစ္စကို ကျမတို့ တစ်ဖွဲ့ချင်းစီ ဆွေးနွေးသွား မယ်။ နိုင်ငံရေး တွေ့ဆုံဆွေးနွေးတဲ့ အခါကျတော့ ကျမတို့ တိုင်းရင်းသား အဖွဲ့ကိုယ်စားလှယ်ပေါင်းစုံပါတဲ့ UNFC အနေနဲ့ပဲ အစိုးရနဲ့ တွေ့ဆုံ ဆွေးနွေးမှာဖြစ်တယ်”ဟု UNFC အဖွဲ့ဝင်ဖြစ်သည့် KNU ၏ အထွေ ထွေ အတွင်းရေးမှူးချုပ် နော်စီဖိုးရာ စိန်က ပြောသည်။

UNFC သည် ပထမအဆင့် အနေဖြင့်အပစ်ခတ်ရပ်စဲရေးကိုအရင် လုပ်ဆောင်သွားမည် ဖြစ်ပြီး ထိုမှ တ ဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကို တက်လှမ်းသွားမည်ဖြစ်သည်။

နိုင်ငံရေးတွေ့ဆုံဆွေးနွေး ပွဲကို တက်လှမ်းနိုင်ရန်အတွက်လည်း အပစ်ခတ်ရပ်စဲရေးအဆင့်မှာပင် တပြေးညီဖြစ်ရန် လိုအပ်သည်ဟုUN FC၏ တွဲဖက်အတွင်းရေးမှူးဗိုလ်မှူး ကြီးခွန်ဥက္ကာက ပြောသည်။

၎င်းင်းက“UNFCတစ်ဖွဲ့လုံး အနေနဲ့ အပစ်ခတ်ရပ်စဲရေးအဆင့်ကို ကျော်မယ်။ ပြီးတော့ ကျနော်တို့ နိုင် ငံရေးဆွေးနွေးပွဲကို တက်မယ်ဆိုတဲ့ နေရာမှာ ကျနော်တို့အဖွဲ့ထဲမှ တချို့ အဖွဲ့တွေက အခုချိန်ထိ အပစ်ခတ် ရပ်စဲရေးမှာ သဘောမတူသေးတာ တွေ့ရတယ်။ အပစ်ခတ်ရပ်စဲရေးမှာ ဖြစ်နေခါကျတော့ အပစ်ခတ်ရပ်စဲရေး မှာ တပြေးညီဖြစ်သွားပြီးရင်တော့ ကျနော်တို့ နိုင်ငံရေးဆွေးနွေးပွဲကို တက်လှမ်းဖို့ဖြစ်တယ်”ဟု ဆိုသည်။

> “အပစ်ခတ်ရပ်စဲရေးကိစ္စကို ကျမတို့ တစ်ဖွဲ့ချင်းစီ ဆွေးနွေးသွားမယ်။ နိုင်ငံရေး တွေ့ဆုံဆွေးနွေးတဲ့ အခါကျတော့ ကျမတို့ တိုင်းရင်းသား အဖွဲ့ကိုယ်စားလှယ်ပေါင်းစုံပါတဲ့ UNFC အနေနဲ့ပဲ အစိုးရနဲ့ တွေ့ဆုံ ဆွေးနွေးမှာဖြစ်တယ်”

ထိုအခြေအနေတွင် ပြည် ထောင်စုအစိုးရအနေနှင့်ငြိမ်းချမ်းရေး ကိုအမှန်တကယ်လိုလားမည်ဆိုပါက တိုင်းရင်းသားဒေသရှိ တပ်စခန်းများ ကို ပြန်သုပ်သိမ်းပေးပြီးမှသာ အပစ် ခတ်ရပ်စဲရေးတပြေးညီဖြစ်နိုင်မည်ဟု လည်း ခွန်ဥက္ကာက ပြောသည်။

UNFCသည် အပစ်ခတ်ရပ် စဲရေး ညီညွတ်စွာချမှတ်ရန်နှင့်အပစ် ခတ်ရပ်စဲထားပြီး အခြေအနေများကို ပြန်လည် သုံးသပ်သည့်အနေဖြင့် ပြီး ခဲ့သည့် ဇူလိုင်လ ၁၇ရက်နှင့် ၁၈ရက် နေ့များက ခြောက်လပတ် အစည်း အဝေး ခေါ်ယူကျင်းပခဲ့ရာ UNFC အဖွဲ့ဝင် ၁၁ဖွဲ့မှ ထိပ်ပိုင်း ခေါင်းဆောင် ၂၀ကျော် တက်ရောက်ခဲ့ကြသည်။

ယခုအစည်းအဝေးမှာ UNFC ၏ ပုံမှန် အစည်းအဝေးသာ ဖြစ်၍ အပစ်ခတ်ရပ်စဲရေး တပြေးညီ မူဝါဒ ရရှိအောင် ဆွေးနွေးဆုံးဖြတ် နိုင်ခြင်း မရှိသော်လည်း ကချင်ပြည် နယ်မှ တိုက်ပွဲများ ရပ်တန့်စေရန်နှင့် နိုင်ငံရေးခြေလှမ်းများ စတင်သွားရန် ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

ကရင်သတင်းဌာနမှ လစဉ်ထုတ်ဝေဖြန့်ချီသည်။

အယ်ဒီတာ့အာဘော်

# တိုင်းရင်းသားအရေးသည် တိုင်းပြည် အခြေခံအုတ်မြစ်

နေပြည်တော်၌ကျင်းပလျှက်ရှိသည့်ပြည်သူ့လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးတွင် တက်ရောက်နေကြသူ ပါတီပေါင်းစုံမှ အမတ်များက တိုင်းရင်းသားအရေးအရာများကို အတော်လေး ဆွေးနွေးတင်ပြ ထောက်ခံနေကြသည်ကို ကြား၊ သိနေရသည်။ ပြည်တွင်းစစ်မီး မငြိမ်းချမ်းသေးသည့် တိုင်းရင်းသားဒေသများအရေးမှစ၍ တိုင်းရင်းသားစာပေများကိစ္စ၊ မတိုးတက်သည့် တိုင်းရင်းသားဒေသများ၏ ဆင်းရဲမွဲတေမှု ပြဿနာအဆုံး ကြားနာဆွေးနွေးနေကြသည်။ သည့်အပြင် တိုင်းရင်းသားနိုင်ငံရေး အင်အားစုများကလည်း တိုင်းရင်းသား ညီလာခံကြီးတစ်ရပ် ကျင်းပသွားရန် အစိုးရ အာဏာပိုင်များကို တိုက်တွန်းတောင်းဆိုလိုက်သေးသည်။

လက်ရှိ အာဏာရပါတီဖြစ်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်မြေမှပြည်သူ့လွှတ်တော်အမတ်ဦးတီခွန်မြတ်ကိုယ်တိုင် "တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သော ဥပဒေပြဋ္ဌာန်းခွင့်"အဆိုကို ဇူလိုင်လ ၂၅ရက်နေ့က တင်ပြခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲအနိုင်ရပါတီ NLDဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ထောက်ခံခဲ့သည်။ ဗမာပြည်တွင် တိုင်းရင်းသားများနှင့် ပတ်သက်သည့် အခန်းကဏ္ဍတိုင်းမှာ မပြောမပြီး၊ မတီးမမြည် ဆိုသလို အရေးတယူ ဆောင်ရွက်ရန်လိုကြောင်း ၎င်းင်းတင်ပြမှုများက မီးမောင်းထိုးပြလိုက်ခြင်းပင် ဖြစ်သည်။

ယင်းသို့ တင်ပြလိုက်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သော ဥပဒေပြဋ္ဌာန်းရေးအဆိုကို လူဝင်မှု ကြီးကြပ်ရေး (လဝကြ) ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်သုံးမှ ဒုတိယရှေ့နေချုပ်တို့က ထောက်ခံဆွေးနွေးပြီး ဇူလိုင်လ ၃၀ရက်နေ့တွင် ပြည်သူ့လွှတ်တော် အစည်းအဝေးက အတည်ပြုလိုက်ပြီ ဖြစ်သည်။ တိုင်းရင်းသားပေါင်းစုံမှီတင်းနေထိုင်သည့် တိုင်းပြည်တွင် ခေတ်အဆက်ဆက်၊ အစိုးရအဆင့်ဆင့်က ပြဋ္ဌာန်းရန် ဥပေက္ခာပြု၊လစ်လျူသူခဲ့ခြင်းကို ယခုကျမှသာ ဆွေးနွေးအတည်ပြုနေရခြင်းဖြစ်သည်။

တိုင်းပြည်အတွင်း လူမျိုးတမျိုး၏ အခွင့်အရေးကို ချိုးဖောက်ခံနေရ၍သာ လွှတ်တော်တွင် ယခုလို တင်ပြတောင်းဆိုမှုများ ဖြစ်လာရခြင်း ဖြစ်သည်။ လူမျိုးတမျိုးချင်းစီ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုများကို လွတ်လပ်စွာ ထိန်းသိမ်းဖော်ထုတ်ခွင့်မရှိဘဲ ကန့်သတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများဖြင့် ဘောင်ခတ်ထားပါက အကြင်သူသည် ထိုလူမျိုး၏ အခွင့်အရေးကို ချိုးဖောက်လိုက်ခြင်းမည်၏။ "စာပေမြင့်မှ လူမျိုးတင့်မည်"ဟူသည့် ဆိုသိုးစကား ရှိပေသည်။ မိမိတို့၏ လူမျိုးတင့်တယ်ရန်အတွက် စာပေကို ရေးသားထိန်းသိမ်းဖော် ထုတ်ရန်မှာလည်း များစွာလိုအပ်လှသည်။

လက်ရှိ လွှတ်တော်တွင်းဖြစ်စေ၊ လွှတ်တော်ပြင်ပမှ အစိုးရနှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးမှုများ၌ဖြစ်စေ အစိုးရကျောင်းများ၏ စာသင်ချိန်များတွင် တိုင်းရင်းသားစာပေများကို သက်ဆိုင်ရာ ပြည်နယ်အလိုက် သင်ကြားခွင့်များ တခုတ်တရဆွေးနွေးခဲ့ကြ၊သဘောတူညီမှုအချို့ရခဲ့ကြသော်ငြား လိုအပ်မှုများရှိနေပေသေးသည်။ ဗမာပြည်အတွင်းရှိ တိုင်းရင်းသားများသည် ၎င်းင်းတို့၏ ကိုယ်ပိုင်နောက်ခံ သမိုင်းကြောင်းများ မတူညီကြသော်လည်း မိမိတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး တောင်းဆိုမှုများမူကား ထပ်တူထပ်မျှပင် ဖြစ်သည်။ ထို့အတွက် နောက်ခံသမိုင်း မတူညီသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)အနေဖြင့် လက်ရှိအစိုးရက တစ်ပြေးညီ အပစ်အခတ် ရပ်စဲပြီးမှသာ နိုင်ငံရေးကို တစုတစည်းတည်း ဆွေးနွေးသွားလိုကြသည်။

တစ်ဖက် လွှတ်တော်အစည်းအဝေးရှိ တိုင်းရင်းသားလွှတ်တော်အမတ်များကလည်း မိမိတို့ တိုင်းရင်းသားများ၏ အခွင့်အရေးများ ကာကွယ်နိုင်ရန်နှင့် ဒေသတိုးတက်ဖွံ့ဖြိုးရန် တန်းတူညီမျှမှု၊ အပြန်အလှန် လေးစားယုံကြည်မှုများကို အခြေခံပြီး စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် ၂၀၀၈ဖွဲ့စည်းပုံအတွင်းရှိ တည်ဆဲဥပဒေများကို လိုအပ်သလို ပြုပြင်ပြဋ္ဌာန်းသင့်သလို အရည်အချင်း ပြည့်မီသော အမျိုးသမီးများကိုပါ လက်ရှိ လွှတ်တော်တွင်းမှ ၁၂ရာခိုင်နှုန်းထက် ကျော်လွန်၍ ခေါင်းဆောင်မှုတွင် ပါဝင်စေသင့်ကြောင်း တိုက်တွန်းလိုက်ရပေသည်။

**ကရင်သတင်းစဉ်**

တာဝန်ခံအယ်ဒီတာ — နန်းဖောဝေ
လက်ထောက်အယ်ဒီတာ — နော်ထူးစံ
သတင်းထောက်များ — စောခါးစူးညား၊ နန်းသူးလေ၊ နော်ဆဲကလယ်
ကာရင် ပိုင်းဘာသာပြန် — စောကရိုး
စာစောင်အပြင်အဆင် — စောသောကြာ

**ဆက်သွယ်ရန်**
kicnews@yahoo.com
P.O Box 22
Mae-Sot, 63110
Tak, Province
Thailand
+66(0)55534744
<www.kicnews.org>

# တိုင်းရင်းသားဒေသ လိုအပ်ချက်များ သမ္မတနှင့် ဒီမို ၁၀ပါတီ ဆွေးနွေးခဲ့



သမ္မတ ဦးသိန်းစိန်နှင့် ဒီမိုကရေစီ ၁၀ပါတီ ရင်းရင်းနှီးနှီး တွေ့ဆုံကြစဉ်

**ဇူလိုင်လ ၁၈ရက်။ ၂၀၁၂ခုနှစ်။**
**နန်းယဉ် (ကေအိုင်စီ)**

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဒီမိုကရေစီ မဟာမိတ် ၁၀ပါတီမှ ခေါင်းဆောင်များ ယနေ့ နံနက်ပိုင်းတွင်နေပြည်တော်ရှိသမ္မတအိမ်တော်တွင် ပထမအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြရာ တိုင်းရင်းသားဒေသမှ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

တွေ့ဆုံပွဲတွင် တိုင်းရင်းသားနိုင်ငံရေးပါတီ အသီးသီးက အဓိက တိုင်းရင်းသားဒေသ ပြဿနာ၊ တိုင်းရင်းသားလူမျိုးများ ပြဿနာနှင့်တိုင်းရင်းသားဒေသအတွင်း ရသင့်ရထိုက်သည့် အခွင့်အရေးများနှင့် ပတ်သက်ပြီး တင်ပြဆွေးနွေးခဲ့ကြောင်း ချင်းအမျိုးသားပါတီ ဥက္ကဋ္ဌ ဦးဇိုဇမ်က ပြောသည်။

ဦးဇိုဇမ်က "ကျနော်တို့ တိုင်းရင်းသား ပြည်သူလူထုရဲ့ နှလုံးသားထဲကနေ ပြောပြောနေတဲ့ ဖက်ဒရယ်ဆိုတာ ခွဲထွက်ရေးမူ မဟုတ်ဘူး။ ငြိမ်းချမ်းစွာ အတူတကွ သာတူညီမျှစွာနဲ့ နေနိုင်တာဖြစ်တယ်။ ကျနော်တို့ လက်ခံတဲ့ ဖက်ဒရယ်မူဆိုတာ ခွဲထွက်ဖို့မဟုတ်ဘူးဆိုတဲ့၊ ကျနော်တို့ တိုင်းရင်းသားတွေ လိုလားတဲ့ ဖက်ဒရယ်ကိစ္စသမ္မတကြီးကိုရှင်းပြတယ်" ဟု ဆိုသည်။

ချင်းအမျိုးသားပါတီ အနေနှင့် တိုင်းရင်းသားများ လိုလားသည့် ဖက်ဒရယ်ပြည်ထောင်စုအပြင် တိုင်းရင်းသားအားလုံး လက်ခံနိုင်သည့် ညီလာခံတရပ် ကျင်းပနိုင်ရေး၊ဝန်ကြီးဌာနတွင် တိုင်းရင်းသားကိုယ်စားလှယ်များပါဝင်နိုင်ရေး၊တိုင်းရင်းသားဒေသရှိ အစိုးရဝန်ထမ်းများတွင်လည်း ဒေသခံတိုင်းရင်းသားများ ပါဝင်စေလိုကြောင်း အပါအဝင် အချက် ၅ချက်တင်ပြဆွေးနွေးခဲ့သည်ဟု၎င်းင်းက ပြောသည်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ဒုဥက္ကဋ္ဌ နိုင်လှအောင်က တိုင်းရင်းသားညီနောင် ၆ပါတီတို့ သဘောတူ ဆွေးနွေးထားခဲ့သည့် တိုင်းရင်းသားစာပေသင်ကြားရေးနှင့် ပတ်သက်သည်များကို သမ္မတနှင့် တွေ့ဆုံစဉ် တင်ပြခဲ့သည်ဟု လွှတ်တော်အမတ် နိုင်ဗညားအောင်မိုးက ပြောသည်။

ထိုနည်းတူ တခြားတိုင်းရင်းသားဒီမိုကရက်တစ်ပါတီများကလည်း တိုင်းရင်းသားဒေသအတွင်း လိုအပ်နေသည့် လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည်များကို တင်ပြဆွေးနွေးခဲ့ကြသလို ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ရွေးကောက်ပွဲ နည်းစနစ်ပြောင်းလဲရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ပါတီအသီးသီးတို့၏ တင်ပြဆွေးနွေးချက်များကို သမ္မတဦးသိန်းစိန်က စိတ်ရှည်လက်ရှည် လက်ခံဆွေးနွေးပေးခဲ့ပြီး အမြန်ဆုံး အကောင်အထည်ဖော်ပေးသွားမည်ဟုလည်း ပြောကြားသွားခဲ့ကြောင်း သိရသည်။

သမ္မတနှင့်တွေ့ဆုံချိန်သည် ၄နာရီကျော် ကြာသော်လည်း ကိုယ်စားလှယ် ၁၃ဦး ပါဝင်သည့်အတွက် ဆွေးနွေးချင်သည့်အချက်များကို မတင်ပြနိုင်ခဲ့ကြောင်း သို့သော် အဓိကအချက်ကို တင်ပြဆွေးနွေးနိုင်ခဲ့သလိုသမ္မတဘက်ကလည်းအလေးအနက်ထားကာ အပြန်အလှန် ဆွေးနွေးခဲ့သည့်အတွက်အားရကျေနပ်မှုရှိသည်ဟုလည်း ဦးဇိုဇမ်ကပြောသည်။

သမ္မတနှင့် တွေ့ဆုံခဲ့သည့် ပါတီများမှာ အမျိုးသား ဒီမိုကရေစီအင်အားစု(NDF)၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ(AMDP)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီပါတီ(SNDP)၊ ချင်းအမျိုးသားပါတီ၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ(RNDP)၊ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ ဖလုံ–စဝေါ်ဒီမိုကရက်တစ်ပါတီ၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီနှင့် ပြည်ထောင်စု ဒီမိုကရေစီပါတီတို့ ပါဝင်သည်။

# သံလွင်တိုင်းမ်ဂျာနယ်နှစ်ပတ်တကြိမ် ထုတ်ဝေတော့မည်

**ဇူလိုင်လ ၁၈ရက်။ ၂၀၁၂ခုနှစ်။**
**နန်းယဉ် (ကေအိုင်စီ)**




မွန်ပြည်နယ်အတွင်း လစဉ်ထုတ် သံလွင်တိုင်းမ်ဂျာနယ်ကို လာမည့်သြဂုတ်လမှစပြီး နှစ်ပတ်တကြိမ် ထုတ်ဝေသွားမည်ဟု ဂျာနယ်ဖြန့်ချိရေးတာဝန်ခံ ကျော်စံဝင်းက ကေအိုင်စီသို့ ပြောသည်။

မွန်ပြည်နယ်မြို့တော် မော်လမြိုင်တွင် အခြေစိုက်သည့် သံလွင်တိုင်းမ်ဂျာနယ်ကို နှစ်ပတ်တကြိမ် ထုတ်ဝေခွင့်ရရှိရန် ဇူလိုင်လ ပထမပတ်က စာပေစိစစ်ရေးသို့ တင်ပြခဲ့သည်ကို ခွင့်ပြုချက်ရရှိခဲ့ကြောင်း ကျော်စံဝင်းက ယခုလိုပြောဆိုသည်။

သူက "စာပေစိစစ်ရေးက နှစ်ပတ်တကြိမ် ထုတ်ဖို့ ခွင့်ပြုချက်ပေးတယ်ဆိုတော့ ကျနော်တို့ နောက်လကနေစပြီး နှစ်ပတ်တကြိမ်ထုတ်တော့မှာဖြစ်တယ်။ ဒီလအတွက် ကျနော်တို့ ဂျာနယ်ထုတ်ပြီးမှ စာတင်တယ်ဆိုတော့ အဆင်မပြေတော့ဘူး" ဟု ဆိုသည်။

သံလွင်တိုင်းမ်ဂျာနယ်ဖတ်ပရိရတ်တို့၏ တောင်းဆိုမှုနှင့် သတင်းများကို အချိန်မီ စာဖတ်ပရိရတ်များထံ ရောက်ရှိစေရန် ယခုကဲ့သို့ ဂျာနယ်ကို နှစ်ပတ်တကြိမ် ထုတ်ဝေသွားမည်ဟု စီစဉ်ခဲ့ရသော်လည်း ယခုကတည်းက ပြင်ဆင်ထား၍ ဂျာနယ်အတွက် အခက်အခဲ မရှိနိုင်ကြောင်း သူက ပြောသည်။

အဆိုပါဂျာနယ်သည် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသများတွင် ဖြစ်ပျက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဥပဒေရေးရာ၊ ရပ်ကွက်လူ့အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် သတင်း၊ ဆောင်းပါးများကို ဖော်ပြသည့်ဂျာနယ် ဖြစ်ပြီး အယ်ဒီတာချုပ်အဖြစ် နိုင်တီ၊ တာဝန်ခံအယ်ဒီတာအောင်ဇေနှင့် အုပ်ချုပ်မှုအယ်ဒီတာမင်းမင်းနွယ်တို့ဖြစ်သည်။

မွန်ပြည်နယ်တွင် ပထမဆုံးအကြိမ် စီးပွားဖြစ်ထုတ်ဝေသည့်သံလွင်တိုင်းမ်ဂျာနယ်သည် ဗမာဘာသာဖြင့် စောင်ရေ ၃,၀၀၀ ထုတ်ဝေလျှက်ရှိပြီး တစ်စောင်လျှင် ၅၀၀ကျပ်နှုန်းဖြင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသတို့တွင် ဖြန့်ဝေ ရောင်းချလျှက်ရှိသည်။

ဂျာနယ်တိုက်ကို အမှတ်(၄) ကျိုက္ကဒ္ဓမီလမ်း၊ မုဒုံ–မော်လမြိုင်ဘတ်စ်ကားဂိတ် (စိုက်ပျိုးရေးဆိုင်ခန်း၊ ဈေးကြိုကားကွင်းအနီး၊ မုဒုံကားဂိတ်။) ဈေးကြို၊ မော်လမြိုင်မြို့တွင် ဖွင့်လှစ်ထားပြီး စာမျက်နှာ ၂၈မျက်နှာ ပါရှိသည့် သံလွင်တိုင်းမ်ဂျာနယ်ကို ယခုနှစ် မေလမှ စတင် ထုတ်ဝေရောင်းချခဲ့ခြင်း ဖြစ်သည်။

☎ကရင်သတင်းစဉ်စာစောင်ကို မှာယူဖတ်ရှုလိုပါက အီးမေးလ်ပို့၍ ဆက်သွယ်မှာယူ ဖတ်ရှုနိုင်ပါသည်။☎

## မွန်ပညာရေးအတွက် အစိုးရမှထောက်ပံ့မှုပေးမည်ဟုပြော



**ဇူလိုင်လ ၁၉ရက်။ ၂၀၁၂ခုနှစ်။**

**နန်းယဉ်**

မွန်စာပေကို ကျောင်းချိန်ပြင်ပ၌သာ သင်ကြားခွင့်ပေးပြီး ၎င်းအတွက် ပညာရေးထောက်ပံ့ကြေးပေးဆောင်သွားမည်ဟု သမ္မတဦးသိန်းစိန်က တိုင်းရင်းသားညီနောင် ဖပါတီနှင့် တွေ့ဆုံခဲ့စဉ် ပြောကြားခဲ့သည်။

သမ္မတနှင့်ဒီမိုကရေစီမဟာမိတ်၁၀ပါတီတို့ တွေ့ဆုံခဲ့ကြစဉ် တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စနှင့်ပတ်သက်ပြီး ညီနောင်ဖပါတီ ကိုယ်စား မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီဒုဥက္ကဋ္ဌဒေါက်တာလှအောင်က တင်ပြခဲ့သည်ကိုသမ္မတက ထိုကဲ့သို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

ဒေါက်တာလှအောင်၏ တင်ပြချက်ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက သမ္မတ၏ခွင့်ပြုချက်ဖြင့် "မွန်တွေ စာပေသင်ကြားရေးနဲ့ပတ်သက်ပြီး တင်ပြမယ်ဆိုတာ ကျနော်တို့ သိပြီးသားပါ။ မွန်စာပေကို ကျောင်းချိန်ပြင်ပမှာ သင်ကြားဖို့လည်း ကျနော်တို့ သဘောတူထားပြီးသား။ စာပေသင်ကြားဖို့အတွက်ကိုလည်း အစိုးရကနေ တနှစ်ကို ဒေါ်လာတစ်သန်း ထောက်ပံ့သွားမယ်"ဟု ပြောခဲ့သည်။

အစိုးရ၏ ကျောင်းချိန်ပြင်ပ စာပေသင်ကြားရေးသည် လက်တွေ့တွင် အကောင်အထည် ဖော်ရန် မလွယ်ကူကြောင်း ၎င်းငင်းသည် တိုင်းရင်းသားတို့၏ တောင်းဆိုမှုများကို လုံးဝဂဃသုမစိုက်သည့်သဘော သက်ရောက်ကြောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုးက ပြောသည်။

"တကယ်တော့ ကျောင်းချိန်ပြင်ပ စာပေသင်ကြားတဲ့ ကိစ္စက နည်းလမ်းသိပ်မကျဘူး။ လွှတ်တော်မှာ ကျနော်တို့တင်တာက တိုင်းရင်းသားအားလုံး ပြည်နယ်အားလုံး သူတို့ရဲ့ ကိုယ်ပိုင်ပညာရေးစနစ်နဲ့ မွန်ဆို မွန်ပညာရေးဌာန၊ ကရင်ဆို ကရင်ပညာရေးဌာန သူ့ပြည်နယ်နဲ့ သူ့စာပေနဲ့ဖြစ်ဖို့ တင်တာ။ အဲဒါကို လူမျိုးပေါင်း ၁၃၅ကျော်တယ်။ လုပ်လို့မရဘူးဆိုပြီး ပညာရေးဝန်ကြီးက ပြောတယ်။ တိုင်းရင်းသားစာပေတွေ ဘာသာစကားတွေ မပျောက်သွားအောင် တင်ပြတယ်။ ဘယ်တိုင်းရင်းသားမှာ ဘာသာဘယ်နှစ်ခုရှိတယ်ဆိုပြီးတော့ ငြင်းတယ်"ဟု ဒေါက်တာဗညားအောင်မိုးက ပြောသည်။

အစိုးရစာသင်ကျောင်းတွင် တိုင်းရင်းသားစာပေ သင်ကြားခွင့်ရရှိရန်အတွက် ပထမအကြိမ် အမျိုးသားလွှတ်တော်ပထမ ပုံမှန်အစည်းအဝေးတွင် ဒေါက်တာဗညားအောင်မိုးက တင်ပြခဲ့သော်လည်း လွှတ်တော်က ၎င်းငင်းအဆိုကို ငြင်းဆိုခဲ့သည်။

သို့သော် တိုင်းရင်းသားစာပေကို ကျောင်းချိန်အတွင်း သင်ကြားခွင့်ရရှိရန်ဆက်လက်တောင်းဆိုသွားမည်ဟုလည်း ၎င်းငင်းက ပြောသည်။

ယခင် မွန်ပြည်သစ်ပါတီနှင့် အစိုးရငြိမ်းချမ်းရေးဖော်ဆောင်မှုကိုယ်စားလှယ် ဦးအောင်မင်းတို့တွေ့ဆုံခဲ့ကြစဉ်က မွန်ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မွန်ပြည်သစ်ပါတီက တောင်းဆိုခဲ့သည့်အပေါ် ယခုကဲ့သို့ မွန်ပညာရေးကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ရခိုင်အမျိုးသား တိုးတက်ရေးပါတီ အတွင်းရေးမှူး ဦးဦးလှစောက ပြောသည်။

ထိုနည်းတူ သျှမ်းစာပေကို ကျောင်းချိန်အတွင်း သင်ကြားခွင့်ရနိုင်ရန်နှင့် သျှမ်းစာပေအနေနှင့် သင်သိုးညွှန်းတမ်းတခုတည်းဖြစ်အောင် သျှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီတို့က ကြိုးပမ်းလျှက်ရှိသည်။

ပြီးခဲ့သည့် မေလကလည်း တိုင်းရင်းသားစာပေသင်ကြားရေးနှင့်ပတ်သက်ပြီး အခြေခံပညာမူလတန်းအဆင့်တွင် တိုင်းရင်းသားစာပေကို ကျောင်းချိန်ပြင်ပတွင် သင်ကြားခွင့်ပြုမည်ကို ပညာရေးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက တိုင်းရင်းသားဘာသာ သင်ကြားရေး အစည်းအဝေး တရပ်တွင် ပြောဆိုခဲ့သည်။

– – – – – – –

## တာကားလမ်း ဖောက်လုပ်ခြင်းကြောင့် ရေကြီး မည်ကို ဒေသခံများစိုးရိမ်

**ဇူလိုင်လ ၁၁ရက်။ ၂၀၁၂ခုနှစ်။**

**နန်းယဉ် (ကေအိုင်စီ)**

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်အတွင်း၌ ဆောက်လုပ်နေသည့် ဇေကမ္ဘာကုမ္ပဏီ၏ဘိလပ်မြေစက်သုံနှင့် ဆက်သွယ်မည့် တာကားလမ်းမကြီးဖောက်လုပ်ခြင်းကြောင့် ၎င်းငင်းဒေသတဝိုက်ရှိ ကျေးရွာများ ရေမြုပ်မည်ကို စိုးရိမ်နေကြသည်။

ယခင်လ ဇွန်လမှစ၍ စတင်ဖောက်လုပ်ခဲ့သည့် ထိုတာကားလမ်းသည်ဘိလပ်မြေစက်သုံတည်ရှိရာနီးတုံတောင်မှ စံပယ်ဂူထိ တာလမ်းမကြီး ဖောက်လုပ်မည် ဖြစ်သည့်အတွက် နီးတုံကျေးရွာအပါအဝင် ကော့ဒွန်း၊ ကော့ပနော်အစရှိသည့် ကျေးရွာ ၉ရွာခန့် ရေနစ်မြုပ်နိုင်ကြောင်း ကျေးရွာရှိဒေသခံဆရာတော်များနှင့် ရွာသူ၊ ရွာသားများက စိုးရိမ်နေကြခြင်းဖြစ်သည်။

"လယ်မြေတွေကို ဖြတ်ပြီးတော့ (တာကားလမ်း) လမ်းတွေ ဖောက်နေတာ၊ဘိလပ်မြေစက်သုံအတွက် ကျောက်တွေသယ်တဲ့ ကားအကြီးကြီး သွားလာလို့ရအောင် လမ်းကိုလည်း ခိုင်အောင် ကောင်းအောင်တော့ ဖောက်နေတာ၊ လမ်းတလျှောက်က လယ်တွေကို တချို့ငွေနည်းနည်းပေးပြီးတော့ သိမ်းထားတာလေ။"ဟု ကော့ဒွန်းရွာခံ အမျိုးသမီးတဦးက ပြောသည်။

ယခုဖောက်လုပ်သည့် ကားလမ်းသည် ၁၅ပေမြင့်သည်ထိ တည်ဆောက်မည်ဖြစ်သည့်အတွက် ရေမကျော်နိုင်ပဲ ရေကြီးနိုင်မည့်အနေ အထားပင် ဖြစ်သည်ဟု ဒေသခံများက ဆိုသည်။

ဒေသခံ ရွာသူရွာသားများအနေဖြင့် ဘိလပ်မြေ စက်သုံတည်ဆောက်သည်ကို မကန့်ကွက်သော်လည်း ယင်းကဲ့သို့ လယ်မြေကို ဖြတ်ပြီး လမ်းဖောက်လုပ်ပါက ရေကျော်နိုင်အောင် ၃ပေအမြင့်ခန့်သာဖောက်စေလိုကြောင်း၁၅ပေအမြင့်ထိဖောက်လုပ်မည်ကို လက်မခံနိုင်ပဲ ကန့်ကွက်နေကြသည်။



ဘိလပ်မြေစက်ရုံ မြင်ကွင်းတစ်နေရာ

ကော့ဒွန်းရွာခံ လယ်သမားတဦးကလည်း "တချို့လယ်တွေက သူတို့(ကုမ္ပဏီ) ပိုက်ဆံနည်းနည်းပေးပြီး ဝယ်ထားကြတယ်။ ဒါပေမယ့် လူအနည်းစုပဲ အများစုက မရောင်းထားကြဘူး။ ကုမ္ပဏီက အဲဒီလယ်တွေကို အကုန်လုံး လိုချင်နေပေမယ့် ပိုင်ရှင်တွေက မပေးလိုကြဘူး။ အခုလည်း လမ်းဖောက်နေတယ်။ မြေတွေ ဖို့နေတယ်။ လယ်မှာဆိုတော့ ရေတွေ သွားလာလို့ မရဘူးဆိုရင် ရေတွေ ကြီးနိုင်တယ်။"ဟု ပြော သည်။

အဆိုပါ ဒေသတွင် နှစ်စဉ်နှစ်တိုင်း မိုးများသည့် ဝါဆို၊ ဝါခေါင်လတွင် တစ်လနီးပါး ရေကြီးလေ့ရှိပြီး ယခု ဆောက်လုပ်မည့် တာကြီးသာ ဖို့လိုက်မည်ဆိုပါက တစ်လထက်ပိုပြီး ရေကြီးနိုင်သည်ဟုလည်း ဒေသခံများက ခန့်မှန်းကြသည်။

ဇေကမ္ဘာကုမ္ပဏီအနေဖြင့် ဘိလပ်မြေ ဆောက်လုပ်နေသည့် ဒေသ တဝိုက်ရှိ လယ်မြေများကိုသိမ်းဆည်းလိုသည့် ရည်ရွယ်ဖြင့် ယခုကဲ့သို့ ပြုလုပ်ခြင်းဖြစ်သည်ဟုလည်း ဒေသခံများ သုံးသပ် ပြောဆိုနေကြသည်။

ဦးခင်ရွှေပိုင်ဇေကမ္ဘာကုမ္ပဏီမှ တည်ဆောက်နေသည့် ပျားတောင်ဘိလပ်မြေစက်သုံ စီမံကိန်းအတွက် ဒေသခံတို့ ပိုင်ဆိုင်သည့် ရာဘာခြံမြေနှင့် လယ်ယာမြေများကို လျော်ကြေးအနည်းငယ်ပေးပြီး သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်တွင် တန်၁,၀၀၀ကျ ဘိလပ်မြေစက်သုံနှစ်သုံတည်ဆောက်မည်ဖြစ်ပြီး ဇေကမ္ဘာကုမ္ပဏီအနေဖြင့်အမေရိကန်ဒေါ်လာ သန်း ၂၂၀ ကုန်ကျခံကာ ၂၀၁၁ခုနှစ်မှ သုံးနှစ် စီမံကိန်းဖြင့် စတင်အကောင် အထည်ဖော်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဘိလပ်မြေစက်သုံတည်ဆောက်လုပ်ကိုင်ခွင့်ရရှိထားသည့်ပုဂ္ဂလိကကုမ္ပဏီများမှာ မက်စ်မြန်မာ၊ ထူး၊ ကမ္ဘောဇ၊ ရွှေတောင်၊ G-4၊ အေးရှားဝါးလ်၊ အိုင်ဂျီအီး၊ ယုဇန၊ ဂျွန်၊ ဆန်းလင်းအင်တာနေရှင်နယ်၊ Jade Land၊ မြန်မာကောင်းတုံမြန်မာ့နိုင်၊YIG၊ရှမ်းသိုးမအင်မိုင်း၊ မင်းအနော်ရထာ၊ ငွေရည်ပုလဲ၊ ထွန်းသွင် မိုင်းနင်း၊ သံတော်မြတ်၊ အေပီစီလင့်ခ်တို့ဖြစ်ပြီး လက်ရှိ လည်ပတ်နေသည့်ဘိလပ်မြေစက်သုံပေါင်း ၁၄သုံရှိသည်ဟုဩဂုတ်လ၄ရက်နေ့ ထုတ်မြန်မာ့ အလင်းသတင်းစာတွင် ဖော်ပြထားသည်။

## လယ်မြေနှင့် သချိုင်းမြေသိမ်းဆည်းခံရသဖြင့် ကရင်ဒေသခံများ အခက်အခဲ တွေ့ကြုံ

**ဇူလိုင်လ ၁၆ရက်။ ၂၀၁၂ခုနှစ် ။**

**နန်းသူးလေ (ကေအိုင်စီ)**

ကရင်ပြည်နယ် ဘားအံမြို့ မြောက်ဘက် စက်မှုဇုံနယ်မြေတဝိုက်ရှိ ထီးဖိုးခလုံးကျေးရွာတွင် လယ်ယာမြေများ သိမ်းဆည်းခံထားရသည့်အပြင် သချိုင်းမြေများပါမကျန် အစိုးရဘက်မှ သိမ်းဆည်းထားမှုကြောင့် ဒေသခံများ အခက်အခဲ ကြုံတွေ့နေကြရသည်ဟု ထိုဒေသမှလာသည့် သတင်းများအရ သိရသည်။

"သူတို့လုပ်နိုင်တာလည်း မဟုတ်ဘူး။ ရွာသားတွေကိုလည်း မပေးလုပ်ဘူး" ဟု ထီးဖိုးခလုံးဒေသခံများက ပြောသည်။

အစိုးရဘက်မှနယ်ခြားစောင့်တပ်ရင်းနယ်မြေအတွက်ဟု ဆိုကာ ထီးဖိုးခလုံးကျေးရွာရှိ လယ်ယာ၊မြေများနှင့် သချိုင်းမြေများကိုပါ သိမ်းယူပြီး မြေထိုးစက်ကြီးများဖြင့် လာရောက်တူးဆွနေကြပြီ ဖြစ်ကြောင်းလည်း ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီမှ အမျိုးသမီးရေးရာ တာဝန်ခံ နော်ယုဇနဝါက ယခုလို ပြောသည်။

သူက "အစိုးရက BGF ကို ချပေးထားတဲ့မြေကွက်တွေက မလွှတ်မကင်းမြေဖြစ်ပြီး မြေပိုင်ရှင်တွေ ရှိနေတယ်။ သချိုင်းမြေပါမကျန် ယူလိုက်တော့ အခုသေတဲ့သူတွေကို ဘယ်မှာသွားမြှုပ်ရမလဲတောင် မသိတော့ဘူး ဖြစ်နေကြပြီ"ဟု ပြော သည်။

ထို့အပြင် စက်မှုဇုံ စတင်လုပ်ဆောင်ခဲ့သည့် ၂၀၁၁ခုနှစ်၊ နိုဝင်ဘာလမှစတင်ပြီး ကော့ကရိတ်မြို့နယ် ကျုံဒိုးကျေးနယ် ကျွန်းကလေးကျေးရွာတွင် ယခင်စစ်အစိုးရလက်ထက်က တပ်မြေအဖြစ် သိမ်းဆည်းထားသော လယ်မြေကေပေါင်း ၈၀၀နီးပါးနှင့် နဘူးရွာကျေးရွာတွင်လည်း အစိုးရ စစ်တပ်နှင့်နီးသည့် လယ်ယာမြေများ သိမ်းဆည်းခံထားရသည့်အပြင် ထိုလယ်မြေများအတွက်သွားရောက်လုပ်ကိုင်ပေးနေရကြောင်းလည်း နော်ယုဇနဝါက ဆက်ပြောသည်။

နော်ယုဇနဝါက "လယ်မြေတွေကို သိမ်းတာတင် မကသေးဘူး။ နှစ်တိုင်း သွားထွန်ပေးရတယ်။ သွားစိုက်ပေးရတယ်။ မသွားမနေရ သွားလုပ်ပေးရသေးတယ်"ဟုပြောသည်။

ထိုလယ်ယာမြေ အသိမ်းခံရမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံလူ့အခွင့်ရေးကော်မရှင်ထံ ဖလုံ–စဝေါ်က တိုင်ကြားထားသကဲ့သို့ ဘားအံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နန်းစေအွာတို့အား တိုင်ကြားထားသော်လည်းထူးခြားမှုတစုံတရာ မရှိသေးကြောင်း သိရသည်။

"အရင်တုန်းကဒီလိုမျိုးသိမ်းခံရရင် တိုင်ကြားလို့ရတယ်ဆိုတာကို လယ်သမားတွေကမသိခဲ့ကြဘူးလေ။ အခုတော့ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း ဒီလိုမျိုးဖြစ်ရင် တိုင်ကြားလို့ ရတယ်ဆိုတာမျိုးတွေ ပြောလာတော့ သူတို့သိမ်းခံထားရတာတွေကို ထုတ်ဖော်လာကြတာပါ"ဟုလည်း ကရင်အမျိုးသားတစ်ဦးက ပြောသည်။

အစိုးရက ဒေသခံများ၏ လယ်ယာမြေများကို သိမ်းဆည်းနေသုံမကပဲစက်မှုဇုံနယ်မြေ၏လမ်းဘေးအနီးတွင်ရှိသော အိမ်မြေများကိုပါ ပြောင်းရွှေ့ခိုင်းရန် ကြိုးပမ်းနေကြကြောင်းလည်း နော်ယုဇနဝါက ပြောသည်။

လက်ရှိအချိန်တွင် ဘားအံစက်မှုဇုံနယ်မြေများ ဆောက်လုပ်ဆဲဖြစ်ပြီး လျှပ်စစ်မီးမရရှိသေးသဖြင့် စက်မှုလုပ်ငန်းများ စတင်လုပ်ကိုင်ခြင်း မရှိသေးကြောင်းလည်း သိရသည်။

Karen Information Center မှ လစဉ် ထုတ်ဝေဖြန့်ချီသည်။

# ကရင်လူထုအတွင်းမှ မှတ်ပုံတင်ကိစ္စ အဆင့်အတန်းခွဲခြားမှု ရှိနေဟု KNUပြော

**ဇူလိုင်လ ၆ရက်၊ ၂၀၁၂ခုနှစ်။**
**နန်းသူးလေ (ကေအိုင်စီ)**

မြန်မာအစိုးရ အနေဖြင့် ကရင်ပြည်သူလူထုအပေါ် မှတ်ပုံတင်ပြုလုပ်ပေးရာတွင် ကွဲပြားမှုများ ရှိနေသေးသကဲ့သို့ တရားဝင် ဥပဒေများဖြင့်ထုတ်ပေးခြင်းမျိုးမရှိသောကြောင့် အဆင့်အတန်းခွဲခြားမှုများရှိနေသည်ဟု ကရင်အမျိုးသား အစည်းအသုံး- KNU က ပြောသည်။

နိုင်ငံသားဆိုင်ရာ အသိအမှတ်ပြုမှုတွင် ဥပဒေအရ အဆိုပါ မှတ်ပုံတင်ကဒ်ပြားသည် တမျိုးတစားတည်းသာဖြစ်ပြီး ကဒ်အရောင်ကွဲပြားမှုမှာ ယာယီ အဆင့်သာရှိနေကြောင်း KNU တွဲဖက်အတွင်းရေးမှူး (၁) ဗိုလ်မှူးစောလှငွေက ကေအိုင်စီသို့ ပြောသည်။

“အရောင်ကွာ ဘာကွာ အရေးပေါ်လုပ်မယ်ဆိုရင် သူ့နိုင်ငံဥပဒေနဲ့ပြဌာန်းပြီးတော့ ဒီလိုအရောင်ကွဲတာတွေကလည်း နိုင်ငံသားမှတ်ပုံတင် ထုတ်ပေးတာနဲ့ တစ်တန်းတည်းပါဆိုတဲ့ တရားဝင်ဥပဒေ ထုတ်ပေးရင်တော့ ကောင်းတယ်။ အဲ့ဒါမျိုး မဟုတ်ရင်တော့ ဒုတိယနိုင်ငံသား ဖြစ်နေမှာပေ့ါ။ ယာယီဆိုတော့ အဆင့်အတန်းခွဲ ခြားခံရတာပဲလေ။”ဟု ပြောသည်။

ကျောက်ကြီးမြို့နယ်ရှိ ကရင်လူမျိုးများအား မှတ်ပုံတင်ကဒ်ပြားပေါ်တွင် တခြားမှတ်ပုံတင်များကဲ့သို့ ပန်းရောင်မဟုတ်ဘဲ အစိမ်း၊ အဝါများဖြစ်နေသလို ရေးသားထားသောစာမှာလည်း (ယာယီ)နိုင်ငံသားစိစ်ဆေးရေးကဒ်ပြားဟုသာ ရေးသားထားကြောင်း သိရသည်။

ယင်းကွဲပြားမှုများနှင့် ပတ်သက်၍ အစိုးရထံမေးမြန်းခဲ့ရာ မှတ်ပုံတင်သည် အခြားမှတ်ပုံတင်များနည်းတူ အဆင့်အတန်းမျိုးရှိကြောင်း၊ အစိုးရဝန်ကြီးများထဲတွင် အလားတူကိုင်ဆောင်ထားသူများသည် ပြည်



အစိုးရမှ ကရင်တိုင်းရင်းသားများကို ထုတ်ဝေပေးသည့် ယာယီနိုင်ငံသားကဒ်

တွင်းပြည်ပ ခရီးသွားနိုင်ကြောင်း မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးဝန်ကြီး ဦးခင်ရီက ပြောသည်ဟု KNUက ဆိုသည်။

မြန်မာအစိုးရသည် ပြီးခဲ့သည့် မေလဆန်းမှစတင်ပြီး ကရင်ပြည်နယ်အတွင်း ဘုရားသုံးဆူမြို့နယ်ခွဲနှင့် မြဝတီမြို့နယ်၊ ရွှေကုက္ကိုကျေးရွာ များတွင် မှတ်ပုံတင်ကဒ်ပြားများကို ပြုလုပ်ပေးခဲ့သလို မေလ ၂၈ ရက်နေ့တွင် ကေအဲန်ယူဌာနချုပ်အောက်ရှိ တပ်မဟာ(၃) ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်ရှိအိုးအိမ်မဲ့နေသူ ကရင်လူမျိုး ၃၆ဦးကိုလည်း ပြုလုပ်ပေးခဲ့သည်။

ရွှေကုက္ကိုကျေးရွာ၌ မှတ်ပုံတင်ပြုလုပ်ရာတွင် ငွေအကုန်ကျခံ စရာမလိုပဲ အစိုးရက လုပ်ဆောင်ပေးနေကြောင်းနယ်စပ်ရှိကရင်လူမျိုးများ မှတ်ပုံတင်ပြုလုပ်ရာတွင် လိုက်လံကူညီပေးနေသူ မန်းဗလရှင်က ပြောသည်။

သို့သော် ကရင်ပြည်နယ် ဘုရားသုံးဆူမြို့နယ်တွင် မှတ်ပုံတင်ပြုလုပ်သူတစ်ဦးလျှင် ထိုင်းဘတ်ငွေ ၂၀၀နှုန်း ပေးဆောင်ရပြီး အမြန်ရစနစ်ဖြင့် လုပ်ဆောင်ပေးခဲ့ကြောင်း မှတ်ပုံတင်ပြုလုပ်ပြီးစီးသွားသည့် ဒေသခံတစ်ဦးက ပြောသည်။

ယာယီနိုင်ငံသားစိစစ်ရေးကဒ်ပြားသည် အခြားနိုင်ငံသားစိစစ်ရေးကဒ်ပြားများကဲ့သို့ အဆင့်အတန်း၊ အခွင့်အလမ်းများရှိပြီး အချိန်မရွေး ဗီဇာလျှောက်ထားနိုင်ကြောင်းနှင့် နိုင်ငံသားအစစ် သက်မှတ်ကြောင်းကို ပြည်သူ့လွှတ်တော်ထဲတွင် တရားဝင်ဥပဒေထုတ်ပြီး လူဝင်မှုကြီးကြပ်ရေးမှ ဦးဆောင်ပြုလုပ် သွားခြင်းမျိုး ပြုလုပ်ရန် လိုအပ်ကြောင်း ဗိုလ်မှူးစောလှငွေက ပြောသည်။

အစိုးရသည်ကရင်လူထုများအားမှတ်ပုံတင်ပြုလုပ်နေသော်လည်း KNUအပေါ် တရားမဝင်အသင်းမှ ပယ်ဖျက်ထားခြင်း မရှိသေး သကဲ့သို့ KNUအဖွဲ့ဝင်များအတွင်း မှတ်ပုံတင်ပြုလုပ်ခြင်း မရှိသေးကြောင်း သိရသည်၊

# အပစ်ရပ်အဖွဲ့တို့နှင့် ပူးပေါင်းရန် ညီနောင်ပါတီများ ကော်မတီဖွဲ့

**ဇူလိုင်လ ၃ရက်။ ၂၀၁၂ခုနှစ်။**
**နန်းယဉ် (ကေအိုင်စီ)**

၂၀၁၀ ရွေးကောက်ပွဲဝင် တိုင်းရင်းသားညီနောင် ၆ပါတီတို့က အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ငြိမ်းချမ်းရေး ဖော်ဆောင်သွားရန် ကော်မတီတရပ်ကို ဖွဲ့စည်းခဲ့သည်။

ထိုကဲ့သို့ လုပ်ဆောင်သွားရန်အတွက် ဇွန်လ ၁၅ရက်နေ့တွင် ကျင်းပခဲ့သည့် ညီနောင်ပါတီများ အစည်းအဝေးတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ (Peace Process Committee) တရပ်ကို ဖွဲ့စည်းရန် ဆုံးဖြတ်ချက်ချခဲ့သည်။

အဆိုပါကော်မတီကို ပြည်နယ်အသီးသီးရှိ အပစ်ခတ်ရပ်စဲပြီးဖြစ်သော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးများကို ပူးပေါင်းလုပ်ဆောင်သွားသည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

“ကျနော်တို့ဆို အပစ်ရပ်ထားတဲ့ မွန်ပြည်သစ်ပါတီနဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်၊ သူတို့အနေနဲ့ အခုလက်ရှိ အစိုးရနဲ့ ဘယ်အဆင့်ထိ ရှိနေပြီးလဲ။ ရှေ့ဆက် ဘယ်လိုလုပ်ဆောင်မလဲ။ နောက်ပြီးတော့ အချင်းချင်း ဘယ်လို ပူးပေါင်းဆောင်ရွက်သွားမလဲ စတာတွေကို ဆွေးနွေးခဲ့ကြတယ်။ အဓိကကတော့ ထာဝရငြိမ်းချမ်းရေးဖြစ်ဖို့ပဲ”ဟု မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီဥက္ကဋ္ဌနိုင်ငွေသိန်းက ပြောသည်။

ကော်မတီအနေဖြင့် လက်ရှိပြည်သူ့လွှတ်တော်ရှိ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ လုပ်ဆောင်မှုများကို မြန်ဆန်ပြီးမြောက်နိုင်ရန် အတွက် အပစ်ခတ်ရပ်စဲထားသော အဖွဲ့အစည်းများနှင့် တွေ့ဆုံကာဆွေးနွေးမှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းမှ နိုင်ငံရေး အင်အားစုများ၊ ပြည်သူများအနေနှင့် ငြိမ်းချမ်းရေးအတွက် လိုလားပြီး လုပ်ဆောင်နေခြင်းအပေါ် ကောင်းမွန်သည့် အနေအထား ဖြစ်ကြောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဖွဲ့စည်းထားသည့် တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၏အတွင်းရေးမှူးဦးခွန်ဥက္ကာက ပြောသည်။

၎င်းင်းက“ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ပါဝင်ချင်တယ်။ ဆောင်ရွက်ချင်တယ်လို့ ပြောတာက မသိမသာနေတာထက်စာရင်တော့ အများကြီးကောင်းတယ်။ ငြိမ်းချမ်းရေးကို လိုလားတဲ့အပြင် ဒီလုပ်ငန်းအပေါ်မှာ သူတို့အနေနဲ့ စောင့်ကြည့်နေတဲ့သဘောမျိုးမှာပေ့ါ။ ဒီလိုမျိုး သတိထားနေတယ်။ စောင့်ကြည့်နေတဲ့ အချက်က ကောင်းတဲ့အချက်ဖြစ်တယ်”ဟု ဆိုသည်။

သို့သော် မည်မျှထိ လုပ်ဆောင်နိုင်မည်က အရေးကြီးပြီး တကယ်တမ်း ယခု အပစ်ခတ်ရပ်စဲရေး ပဏာမအဆင့်မှာပင် အခက်အခဲ အတော်များများ ရှိနေသေးကြောင်း လက်နက်ကိုင်အဖွဲ့အားလုံးနှင့် အပစ်အခတ်ရပ်စဲမှု မလုပ်နိုင်သေးပဲ ငြိမ်းချမ်းရေးခရီး ဆက်သွားရန်မှာ ခက်ခဲကြောင်း ဦးခွန်ဥက္ကာက ပြောသည်။

ငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီကို ဖွဲ့စည်းခဲ့သော တိုင်းရင်းသားညီနောင်ပါတီ ၆ခုမှာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ဖလုံ–စဝေါ်ဒီမိုကရက်တစ်ပါတီ၊ ချင်းအမျိုးသားပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီနှင့် ကယန်းအမျိုးသားပါတီတို့ ဖြစ်သည်။


တိုင်းရင်းသားညီနောင်(၅)ပါတီမှ ပါတီဝင် ကိုယ်စားလှယ်များ

# လွှတ်မြောက်လာသူ နိုင်ငံသား အကျဉ်းသားများထဲတွင် ကရင် (၃) ဦးပါဝင်


ပြန်လည်လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများနှင့် ၈၈မျိုးဆက် ခေါင်းဆောင်များ

**ဇူလိုင်လ ၃ရက်။ ၂၀၁၂။**
**စအိုင်သန်**

နိုင်ငံတော်သမမ္မတဦးသိန်းစိန်က ယနေ့ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးသော နိုင်ငံသား အကျဉ်းသားများစာရင်းတွင် ကရင်တိုင်းရင်းသား ၃ဦး ပါဝင်ပြီး အင်းစိန်ထောင်မှ ပြန်လည် လွတ်မြောက်လာသူများဖြစ်သည်ဟု သိရသည်။

ထိုသို့ လွတ်မြောက်လာသူ ကရင်အကျဉ်းသားများမှာ စောဖရန်စစ်(ခ)ကျော်ကျော်၊စောနိုင်ဝင်း(ခ) အလက်ဇနဒ္ဒားနှင့် စောဝီလီယမ်တို့ဖြစ်ကြပြီး ၎င်းင်းတို့အား မတရား အသင်း ဆက်သွယ်မှုပုဒ်မဖြင့် တရားစွဲဆိုကာ ၂၀၁၀ခုနှစ်တွင် ထောင်ချခဲ့ခြင်းဖြစ်သည်ဟု လွတ်မြောက်လာသူထဲမှ စောဖရန်စစ်က ပြောသည်။

“အေဘီ(ABSDF)နဲ့ ဆက်သွယ်တယ်ဆိုပြီး ထောင်ချတာတနှစ်ကျော် နေခဲ့ရတယ်။ လွှတ်ပေးတာကို ကျေးဇူးတင်ပါတယ်။ သူငယ်ချင်းတွေ ကျန်သေးတယ်။ သူတို့ကိုပါ လွှတ်ပေးစေချင်တယ်”ဟု မော်ဘီမြို့တွင် နေထိုင်သော စောဖရန်စစ်က ပြောသည်။

ဇူလိုင်လ ၃ရက်နေ့တွင်နိုင်ငံတော်သမမ္မတက နိုင်ငံသား အကျဉ်းသား ၄၆ဦးအား လွတ်ငြိမ်းခွင့် ပေးခဲ့ပြီး နိုင်ငံခြားသားအကျဉ်းသား ၃၄ဦးအားပြည်နှင်ဒဏ်ပေးခဲ့သည်ဟု နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ဇူလိုင်လ ၃ရက်နေ့ မွန်းလွဲ ၂နာရီအထိနိုင်ငံရေးအကျဉ်းသား၂၂ ဦး လွတ်မြောက်လာခဲ့ပြီး အများစုမှာ ပုဒ်မ၁၇(၁)ဖြင့် အရေးယူခံရသူများဖြစ်သည်ဟု ပြန်လွတ်လာသူများအား ကူညီပေးနေသည့် ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုပြုံးချိုက ပြောသည်။

“မတရားအသင်းတို့၊ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်လို့ ၁၇(၁)၊ ၁၇(၃)တို့ဟာ ဒီအချိန်မှာ ဘယ်လိုမှ အဓိပ္ပါယ်မရှိတော့ပါဘူး။သူတို့ကိုယ်တိုင်လက်ဆွဲနှုတ်ဆက်ပြီးတော့ ငြိမ်းချမ်းရေး စကားတွေ ပြောနေပြီပဲ”ဟု ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်က ပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်-NLDက ပြုစုထားသော စာရင်းအရ ကျန်ရှိသော နိုင်ငံရေးအကျဉ်းသား ၃၃၀ဦးရှိပြီး စာရင်းအတိုင်းအားလုံးကို လွှတ်ပေးရန် တောင်းဆိုထားကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဇူလိုင်လ ၃ရက်နေ့ သတင်း စာရှင်းလင်းပွဲတွင် ပြောကြား သွားခဲ့သည်။

# သမ္မတ ဦးသိန်းစိန်နှင့် မကြာမီ တွေ့ဆုံရန်ရှိသည်ဟု KPP ပြောဆို

**ဇူလိုင်လ ၂၅ရက်။ ၂၀၁၂ခုနှစ် ။**
**စဖန်းရှောင်း (ကရင်သတင်းဌာန)**

တိုင်းရင်းသားပါတီများ အပါအဝင် နိုင်ငံရေးပါတီများသည် လာမည့်သီတင်းနှစ်ပတ်အတွင်း သမမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း ရန်ကုန်အခြေစိုက် ကရင်ပြည်သူ့ပါတီ(KPP)က ထုတ်ဖော်ပြောဆိုသည်။

“လာမဲ့နှစ်ပတ်မှာ ကျနော်တို့တွေ သမမ္မတနဲ့ တွေ့ဆုံဖို့လည်း ရှိပါတယ်။ ကရင် သာမက တစ်နိုင်ငံလုံးအတိုင်းအတာအရ ငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေမှာ ပြည်သူနဲ့လက်တွဲဆောင်ရွက်သွားမှာပါ”ဟု KPPပါတီ၏ဒုဥက္ကဋ္ဌဒေါက်တာစောဆိုင်မွန်သာက ပြောသည်။

ပြီးခဲ့သည့် ဇူလိုင်လ (၂၂) ရက်နေ့က ရန်ကုန်မြို့တွင် တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ရှေးသူသောအကြို ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးဒုဥက္ကဋ္ဌရထားပို့ဆောင်ရေးဝန်ကြီး ဦးအောင်မင်း၊ စက်မှုဝန်ကြီး ဦးစိုးသိန်းတို့နှင့်အတူ KPP အပါအဝင် တိုင်းရင်းသားပါတီများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် တိုင်းရင်းသားပါတီများအနေဖြင့် မိမိတို့၏ တိုင်းရင်းသားအရေး၊ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးကိစ္စများကိုပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသလို ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းများကို အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဆွေးနွေးခဲ့ကြောင်းKPP ပါတီ၏ဒုဥက္ကဋ္ဌဒေါက်တာစောဆိုင်မွန်သာက ကေအိုင်စီကို ပြောသည်။

“ကျနော်တို့အနေနဲ့ ငြိမ်း

စာမျက်နှာ(၅)သို့ →



Karen Information Center မှ လစဉ် ထုတ်ဝေဖြန့်ချီသည်။

# ဆဲဗင်းဇူလိုင် နှစ် ၅၀ပြည့် အခက်အခဲကြားမှ ကျင်းပခဲ့ရ




ဆဲဗင်းဂျူလိုင် နှစ် (၅၀)ပြည့် အခမ်းအနား ကျင်းပနေကြသော
၈၈ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်နှင့် မျိုးဆက်သစ်ကျောင်းသားများ

**ဇူလိုင်လ ၇ရက်၊ ၂၀၁၂ခုနှစ်။**
**စအိုင်သန်(ကေအိုင်စီ)**

ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အဦး ဖြိုချခံခဲ့ရသော နှစ် ၅၀ပြည့် ဆဲဗင်းဂျူလိုင် (7 July) အခမ်းအနားကို ၈၈မျိုးဆက်ကျောင်းသားများက အခက်အခဲများကြားကငင်းတို့၏သုံးခန်းတွင် ယနေ့မနက်၌ ကျင်းပခဲ့ရသည်။

နံနက် ၉နာရီမှ ၁၀နာရီခွဲ အထိ ကျင်းပပြုလုပ်သည့် အဆိုပါအခမ်းအနားကို မူလက ရွှေဂုံတိုင်မီးပွိုင့် အနီးရှိ တော်ဝင်နှင်းဆီခမ်းမ၌ ပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း သက်ဆိုင်ရာ အာဏာပိုင်များက ခွင့်မပြုခဲ့သဖြင့် ၈၈မျိုးဆက်ကျောင်းသားများသုံးခန်းတွင် ပြောင်းရွှေ့ပြုလုပ်ခဲ့ရခြင်း ဖြစ်သည်။

ဇူလိုင်လ ၆ရက်(ယမန်နေ့) ည ၁၀နာရီခန့်က ရန်ကုန်မြို့နေ "ဗကသ" အဖွဲ့ခေါင်းဆောင်များ ဖြစ်ကြသည့် ဒီငြိမ်းလင်း၊ စည်သူမောင်၊ ရဲမြတ်ဟိန်းနှင့် မဖြိုးဖြိုးအောင် တို့အား သက်ဆိုင်ရာမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး မြန်မာတစ်နိုင်ငံလုံးမှ ကျောင်းသား ၂၃ဦးတို့အား ဖမ်းဆီးခဲ့ သည်ဟု သတင်းရရှိသည်။

"ကျောင်းသားတွေကို ဖမ်းသွားတဲ့အတွက်တစ်ယောက်ထဲကျန်ရင်တော့ ဆဲဗင်းဂျူလိုင်ပွဲကို ဖြစ်အောင်လုပ်မယ်လို့ ညက ကျနော်တို့ ဆုံးဖြတ်ခဲ့ကြတာပါ"ဟု ၈၈မျိုးဆက်ကျောင်းသားများအဖွဲ့မှ ဘားအံထောင်မှ ပြန်လွတ်လာသူ ကိုဉာဏ်လင်းက ပြောသည်။

ယခုကဲ့သို့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ပြုလုပ်နေချိန်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့များက ကျောင်းသားများကို ဖမ်းဆီးခြင်းသည်ယုံကြည်မှုပျက်ပြားနိုင်ကြောင်း ၈၈မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်က ဆဲဗင်းဂျူလိုင် အခမ်းအနားတွင် ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနား ကျင်းပခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်မှတ်ထိုးခိုင်းသော်လည်း မထိုးပေးနိုင်ကြောင်း ပြန်လည်ပြောကြားခဲ့ကြောင်း ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်ဦးကို ကိုကြီးက ပြောသည်။

ဦးနေဝင်းအစိုးရ တက်လာပြီးနောက် အာဏာရှင် စစ်ခေါင်းဆောင်များက ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အဦးအား ၁၉၆၂ခု၊ ဇူလိုင်လ ၇ရက်နေ့တွင် ဖုံးခွဲဖျက်ဆီးခဲ့သည်။

# အပစ်အခတ် ရပ်စဲထားသော်လည်း တောင်ငူတွင် တိုက်ပွဲဖြစ်ပွား

**ဇူလိုင်လ ၂၈ရက်။ ၂၀၁၂ခုနှစ်**
**စောခါးစူးညား (ကေအိုင်စီ)**

ကရင်ပြည်နယ်၊သံတောင်မြို့နယ်ရှိ ဝါးစိုးရွာအနီး ရဲလိုဒေါခိုတွင် ကရင်အမျိုးသားအစည်းအသုံး-KNU လက်အောက်ခံတပ်နှင့်မြန်မာအစိုးရတပ်တို့အကြား ပြီးခဲ့သည့်ဇွန်လ ၂၇ ရက်နေ့က တိုက်ပွဲဖြစ်ပွားခဲ့သည်ဟု သိရသည်။

ဇွန်လ ၂၃ရက်နေ့က သံတောင်မြို့နယ်ရှိ ကော်သေးဒဲရွာသို့ ဆန်သွားဝယ်ပြီး ပြန်လာသော ဟီဒေါ်ခေါ်ရွာ နှင့် ဝါးစိုးရွာသား ၁၀ဦးအား ပစ်ခတ်ခဲ့သည်။

"အပစ်အခတ်ရပ်စဲရေးအချိန်မှာ နည်းနည်း အေးချမ်းမလားလို့။ အခု အရင်အတိုင်းပဲဆိုတော့ စိတ်မကောင်းဘူး။ အခုထိ ကျနော်တို့ ဒေသခံတွေ ကြောက်ကြောက်လန့်လန့်နဲ့ သွားလာ အလုပ်လုပ်နေရတယ်။ (ဇွန်လ) ၂၃ရက်နေ့က တောင်ယာမှာ အလုပ်လုပ်တဲ့သူတွေ တောမှာ လိုက်အိပ်ရသေးတယ်။"

အဆိုပါဒေသရှိ မြန်မာအစိုးရတပ် တပ်မ(၆၆) လက်အောက်ခံ ခြေလျင်တပ်ရင်း ခလရ(၁)သည် KNU ထိန်းချုပ်ထားသည့် သတ်မှတ်နယ်မြေအတွင်း ဝင်ရောက်ခဲ့သဖြင့် တိုက်ပွဲဖြစ်ပွားရခြင်း ဖြစ်သည်ဟု KNU တောင်ငူခသိုင်တာဝန်ခံစောအယ်ဝါးက ယခုလို ပြောသည်။

"သူတို့(အစိုးရတပ်)က အပစ်ရပ်ကာလမှာ ကြိုတင်အကြောင်းမကြားဘဲ ကျနော်တို့ သတ်မှတ်နယ်မြေအတွင်းမှာ ဝင်လာတော့ တိုက်ပွဲဖြစ်တာပေါ့။ တိုက်ပွဲဖြစ်တာက ကျနော်တို့ရဲ့ တပ်စုတစ်စုပါပဲ။ သူတို့ဘက်က အရင်ပစ်လို့ ဖြစ်တာ။ မိနစ်ပိုင်းလောက်ဖြစ်ပြီး ကျနော်တို့ ဘက်က ပြန်ဆုတ်တယ်။ ထိခိုက်မှုတော့ မရှိဘူး"ဟု သူက ပြောသည်။

ဒေါခေါ်နှင့် သေခိုဒဲရွာသား ၄ဦးကို ပစ်ခတ်ခဲ့ပြီး ထိုတနေ့တည်းမှာပင် တောင်ယာခင်းတွင် စုပေါင်းမြက်ခုတ်ထွင်ရှင်းလင်းနေသော ဒေသခံတဦးက ပြောသည်။

သူက "အပစ်အခတ် ရပ်စဲရေးအချိန်မှာ နည်းနည်းအေးချမ်း မလားလို့။ အခု အရင်အတိုင်းပဲ ဆိုတော့ စိတ်မကောင်းဘူး။ အခုထိ ကျနော်တို့ ဒေသခံတွေ ကြောက်ကြောက်လန့်လန့်နဲ့ သွားလာ အလုပ် လုပ်နေရတယ်။ (ဇွန်လ) ၂၃ ရက်နေ့က တောင်ယာမှာ အလုပ်လုပ်တဲ့သူတွေ တောမှာ လိုက်အိပ်ရသေးတယ်။"ဟု ပြောဆိုသည်။

တစ်ဆက်တည်းပင် မြန်မာအစိုးရတပ်များသည် ဒေသခံရွာသားများ ပစ်ခတ်မှုများ ရှိသည့်အပေါ် လွတ်လပ်စွာ လုပ်ကိုင်စားသောက်မှုနှင့် သွားလာမှုများ၌ အခက်အခဲဖြစ်ရသည်ဟု အမည်မဖော်လိုသူ

နော်စီဖိုးရာစိန် ဦးဆောင်သည့် KNU ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂၆ရက်နေ့က မြန်မာအစိုးရ၏ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီ ဒု–ဥက္ကဋ္ဌမီးရထားဝန်ကြီးဦးအောင်မင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် တွေ့ဆုံခဲ့ပြီးစစ်ရေးကိစ္စများကိုပါအနည်းငယ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

Karen Information Center မှ လစဉ် ထုတ်ဝေဖြန့်ချီသည်။

# မြစ်ကြီးနား၌ စစ်ပြေးဒုက္ခသည် ၂၀၀၀ ဆန္ဒပြ

**ဇူလိုင်လ ၆ရက်။ ၂၀၁၂ခုနှစ်**
**နန်းယဉ် (ကေအိုင်စီ)**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိဂျာမိုင်ကောင်းစစ်ပြေးဒုက္ခသည်စခန်းမှ ဖမ်းဆီးခံထားရသူ ဦးလထော်ဘရန်ရှောင်အား လွှတ်ပေးရန် ယနေ့နံနက်ပိုင်းတွင်စစ်ပြေးဒုက္ခသည်ဦးရေ ၂,၀၀၀ဝန်းကျင် ဆန္ဒပြ တောင်းဆိုခဲ့သည်။

ဦးလထော်ဘရန်ရှောင်သည် ဂျာမိုင်ကောင်းခရစ်ယာန် အသင်းတော်စစ်ပြေးဒုက္ခသည်စခန်းရှိ ဒုက္ခသည်တဦးဖြစ်ပြီးငင်းအားဖုံးဖေါက်ခွဲမှု စွဲချက်ဖြင့် ဇွန်လ ၁၇ရက်နေ့တွင် မြန်မာအစိုးရအာဏာပိုင်တို့က ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်သည်။

ယခုလို ဆန္ဒပြရာတွင် ယင်းဂျာမိုင်ကောင်းစစ်စခန်းရှိဒုက္ခသည်များအပြင် ခရစ်ယာန်သင်းအုပ်ဆရာတော်များနှင့် ဒေသခံများလည်း ပါဝင်ကြောင်းဆန္ဒပြမှုကိုကိုယ်တိုင်မြင်တွေ့ရသူ မြစ်ကြီးနားမြို့ခံတဦးက ယခုလို ပြောသည်။

သူက "ဒီမနက် ၆နာရီလောက်က စပြီးတော့ လူတွေစုကြတယ်။ ပြီးတော့ ချီတက်ဆန္ဒပြကြတယ်။ လူတွေ နှစ်ထောင်ဝန်းကျင်လောက် ရှိမယ်။ သူတို့ အဓိကတောင်းဆိုတာကတော့ ဖမ်းထားတဲ့ ဒုက္ခသည် ဦးဘရန်ရှောင်ကို လွှတ်ပေးဖို့ပါ"ဟု ကေအိုင်စီသို့ ပြောသည်။

ငင်းအပြင်စစ်ပြေးဒုက္ခသည်စခန်းအတွင်းသို့ အဓမ္မဝင်ရောက်စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းများ မပြုလုပ်ရန်နှင့် စစ်ပြေးဒုက္ခသည်တို့၏ လုံခြုံရေးနှင့် ဘဝရှင်သန်ရေးတို့အတွက် ထိရောက်သည့်အကူအညီပေးရန် စသည့်အချက်များကိုလည်း ဆန္ဒပြသူများက တောင်းဆိုခဲ့သည်။

"ဦးဘရန်ရှောင်ကို စဖမ်းတုန်းကတော့ ဖေါက်ခွဲမှုနဲ့လို့ပြောတာပဲ။ ဒါပေမယ့် အခုက မတရားအသင်း၊ ပြောရရင် KIO နဲ့ ဆယ်သွယ်တယ် ဆိုပြီးတော့ ဖမ်းထားတယ်"ဟု ကချင်အမျိုးသမီးအစည်းအသုံး–ထိုင်းနိုင်ငံ(KWAT)တာဝန်ခံ မွန်းနေလီက ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် Ethnic Voice of Burma(EVB) ဖေ့ဘွတ်စာမျက်နှာ၌ ဦးလထော်ဘရန်ရှောင်ကို ဖုံးဖောက်ခွဲမှုဖြင့် စတင်ဖမ်းဆီးခဲ့သော်လည်း ယခုတွင် မတရားအသင်းဆက်သွယ်မှု ပုဒ်မ (၁၇/၁) ဖြင့် စစ်ဆေးနေသည်ဟု သတင်းဖော်ပြထားသည်။



ဆန္ဒပြနေကြသော ဒုက္ခသည်စခန်းမှ ကချင်တိုင်းရင်းသားများ

**စာမျက်နှာ(၄)...မှ**

ချမ်းရေး ဖော်ဆောင်ရာမှာ လူမျိုးမရွေး၊ဘာသာမရွေး၊အသားအရောင်မခွဲခြားဘဲ အားလုံး ပူးပေါင်းဆောင်ရွက်မယ်။ အဲဒါမှ ကိုယ့်နိုင်ငံ ပြန်လည်ထူထောင်နိုင်မယ်"ဟု ကေအိုင်စီသို့ ပြောသည်။

ငင်းအပြင်ကရင်ပြည်သူ့ပါတီအနေဖြင့် ကရင်ပြည်သူတို့၏ အသံကို နားထောင်ပြီး ဆက်လက်လုပ်ဆောင်သွားမည်ဟု သူက ပြောဆိုခဲ့သည်။

KPP သည် ၂၀၁၀၊ နိုဝင်ဘာလ ၇ရက်နေ့တွင် ကျင်းပသော ပါတီစုံ အထွေထွေ ရွေးကောက်ပွဲတွင် အမတ်နေရာ ၅နေရာ အနိုင်ရရှိခဲ့ပြီး ယခုအချိန်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ဆောင်နေကြောင်း သိရှိရသည်။



# ဟိုဘက်ကမ်းရေခြေ ဖြစ်ရိုးမှာ ဖောင်ဖိုက်နေပြီ

M.ထက်ခေါင်

(၁)

**For to win one hundred victories in one hundred battles is not the acme of skill. To subdue the enemy without fighting is the acme of skill.**

**Sun Tzu, The Art of War, chapter 3, paragraph 3**

ဆွန်ဇူး၏ သေနင်္ဗျူဟာ စာအုပ်ကို ဟိုလှန်ဒီလှော ပြန်ကြည့်ဖြစ်ရင်း အထက်ပါ စာပိုဒ်ကလေးကို သွားတွေ့သည်။ တိုက်ပွဲတစ်ရာတိုက်လို့ အောင်ပွဲတစ်ရာရတာကို စစ်ရေးကျွမ်းကျင်မှုရဲ့ အထွဋ်အထိပ်လို့ မဆိုနိုင်၊ ရန်သူကို တိုက်ခိုက်ရခြင်းမရှိပဲ အောင်မြင်မှုရအောင် လုပ်လိုက်တာကသာ စစ်ရေးကျွမ်းကျင်မှုရဲ့ အထွဋ်အထိပ် ဖြစ်တယ်ဟု ဆွန်ဇူးက ဆိုသည်။

ထိုစာပိုဒ်ကလေးကို ဖတ်ရင်းမှာပင် ကျနော်တို့ တော်လှန်ရေး အဖွဲ့အစည်းများဘက်က စစ်ဦးစီးချုပ်များနှင့် နဝတစစ်အုပ်စု ကြံ့ဖွံ့အစိုးရတို့ စစ်မြေ ပြင်မှာ မတိုက်ကြတော့ပဲ အောင်မြင်မှု အထွဋ်အထိပ်ကို ရရှိနိုင်ဖို့ရန် တဦးနှင့်တဦး အပြိုင်အဆိုင် ဆွေးနွေးပြောဆိုနေ ကြခြင်းများလားဟု ဆက်စပ်စဉ်းစားမိသည်။ ဆွေးနွေးမှုများ၏ အဆုံးတွင် ဘယ်သူတွေ ဘယ်လို အမြတ်ထွက်ပြီး ဘယ်သူတွေ ဘယ်လို ထိခိုက်နစ်နာကြမည် ဆိုသည်ကိုလည်း ဖြစ်နိုင်ချေမဖြစ်နိုင်ချေကိစ္စများတွက်ဆကြည့်မိသည်။သူသုံးကိုယ်နိုင်၊သူနိုင်ကိုယ်သုံး၊ သူသုံးကိုယ်သုံးနည်းလမ်းတွေထက် သူနိုင်ကိုယ်နိုင်နည်းလမ်းကိုပဲရွေးချယ်ကြမည်လား။ ဆွေးနွေးနေကြသည့် အဆင့်ကတော့ အပစ်အခတ်ရပ်စဲရေးပဏာမ သဘောတူညီမှုအဆင့်က မတက်သေး။ ရရှိထားသည့် ပဏာမ သဘောတူညီချက်များကို ပိုမိုခိုင်မာအောင် ထပ်မံ တွေ့ဆုံဆွေးနွေးကြရဦးမည့် အဆင့်တွေ ရှိနေသေးသည်။ နိုင်ငံရေးအရ ဖြစ်လာခဲ့သည့် ပြဿနာကို နိုင်ငံရေးနည်းအရ တွေ့ဆုံဆွေးနွေး အဖြေရှာရမည့်အဆင့်ကမူ အတော်ကလေး အလှမ်းဝေးနေပေသေးသည်။

ကချင်ပြည်နယ်မှာတော့ နေ့စဉ်နှင့်အမျှ တိုက်ပွဲတွေ ဆက်နေ၏။ စစ်အုပ်စုနှင့် အပစ်အခတ်ရပ်ရေးမှာ လွန်ခဲ့သည့် ၁၇နှစ်ကတည်းက လုပ်ခဲ့ပြီးဖြစ်ပြီး မနှစ်ကစ၍ပျက်ပြယ်သွားခဲ့သောကြောင့် ခိုင်မာမှုမရှိသော အပစ်အခတ်ရပ်ရေးကို ထပ်မံလုပ်နေစရာမလိုပဲ နိုင်ငံရေးနည်းလမ်းဖြင့်သာ ဆွေးနွေးအဖြေရှာဖို့ ကချင်က တောင်းဆိုထားသည်။ စစ်အုပ်စုကမူ ချိန်းဆိုတွေ့ဆုံမှုများအတွင်း အပစ်ရပ်ရေးသာ တွင်တွင်ပြောကာ မရပ်မနား ထိုးစစ်ဆင် တိုက်ခိုက်နေ၏။ စစ်ပြေးဒုက္ခသည်များအဖြစ် ကချင်လူထုအများအပြားတသုတ်နယ်ထဲပြေးရှောင်ရသည့်တိုင် စစ်အုပ်စု၏ထိုးစစ်များမှာ ရပ်မသွားပဲ တိုက်ခိုက်နေဆဲ ဖြစ်သည်။

ကိုမြအေးနှင့် ၈၈မျိုးဆက်ကျောင်းသားအဖွဲ့အချို့ ကချင်တော်လှန်ရေးသမားတွေနှင့် သွားရောက်တွေ့ဆုံခဲ့ပြီး ကချင်တို့၏သဘောထားရပ်တည်ချက်ကို နားလည်သွားခဲ့သည်။ ကချင်တွေက မိမိနယ်မြေတွင်းမှာပဲနေကာ မိမိအမျိုးသားအတွက် ခုခံတော်လှန်စစ်ကို ဆင်နွှဲနေကြခြင်းဖြစ်ပြီး ငြိမ်းချမ်းရေးကို တကယ်ပင် မြတ်နိုးသူများဖြစ်သည်။ ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့ကလည်း တကယ်ပင် ငြိမ်းချမ်းလိုသူတွေ ဖြစ်သောကြောင့် ဒီကိစ္စ အဆင်ပြေသွားလိမ့်မည်ဟု ကိုမြအေးက ဆိုသည်။

မကြာသေးမီက အွန်လိုင်းပေါ်တွင် တွေ့ရသော ကချင်တွေ ဘာလို့ လက်နက်ကိုင် တော်လှန်လဲ ဆိုသည့်ဆောင်းပါးကို ဖတ်သူရသူတို့အနေဖြင့်လည်းဘာသာရေးလူမျိုးရေးအရခွဲခြားဖိနှိပ်မှု၊စာပေနှင့်အမျိုးသားယဉ်ကျေးမှုသိုးရာပွဲလမ်းများ ဖိနှိပ်ပိတ်ပင်ခံရမှု၊ ကချင်တို့ပိုင်သော နယ်မြေဒေသ အစိတ်အပိုင်းအချို့ကိုကချင်များကန့်ကွက်နေသည့်ကြားကဦးနုက တသုတ်ပြည်သို့ ပေးလိုက်မှု၊ ကချင်နယ်ထဲမှ ရှိထားပြီးဖြစ်သည့် ပညာရေး၊ ဘာသာရေး အဆောက်အဦးများကို မောင်ပိုင်စီးသိမ်းယူကာ နယ်မြေ တိုးတက်ရေးအတွက် ဘာမျှမလုပ်ပဲ လက်နက်အားကိုး အနိုင်ကျင့် ခြိမ်းခြောက်မှုများကို မခံမရပ်နိုင်သောကြောင့် တော်လှန်ရေး လုပ်လာခဲ့ခြင်းဖြစ်ကြောင်း၊ စဉ်းစားဆင်ခြင်မှုကင်းမဲ့သည့် လူမိုက်တွေမဟုတ်ပဲ ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်သည့် ဘွဲ့ရ ပညာတတ် လူကြီးလူငယ်များက ကေအိုင်အိုနှင့် ကချင့်လွတ်လပ်ရေး တပ်မတော်ကို ဦးဆောင်လာခဲ့ခြင်းဖြစ်ကြောင်းများအပြင် ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး၊ လွတ်လပ်ရေးတို့အတွက် တိုက်ပွဲဝင်နေခဲ့ခြင်း ဖြစ်ကြောင်း သိရှိလာကြပြီ ဖြစ်သည်။

(၂)

စစ်အုပ်စုနှင့် အပစ်ရပ်ရေး ပဏာမ သဘောတူညီချက် ယူထားသည့် အဖွဲ့အစည်းတွေထဲမှာလည်း တိုက်ပွဲများ ဆက်ဖြစ်နေသည့် နေရာအချို့ ရှိသည်။ ရှမ်းပြည်ထဲမှာကော၊ ကရင်နီပြည်ထဲမှာပါ တိုက်ပွဲတွေ ဖြစ်နေသည်။ အဖွဲ့ဝင်များအတွင်း အပစ်အခတ်ရပ်ဖို့ သဘောတူညီမှုမရပဲ ဆက်လက်တိုက်ပွဲဝင်နေကြသူတွေလည်း ရှိနေသောကြောင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (ယူအဲန်အက်ဖ်စီ)တွင် နိုင်ငံရေးအရ ဆွေးနွေးရမည့် ရပ်တည်ချက်ကို တပြေးညီ မချမှတ်နိုင်သေးပဲ ဖြစ်နေကြောင်း ကြားသိရသည်။ စစ်အုပ်စု၏ သမ္မတအဖွဲ့အနေဖြင့် အပစ်အခတ်ရပ်စဲရေးကိစ္စကို တဖွဲ့ချင်းစီနှင့် ဆွေးနွေးနိုင်မည်ဖြစ်သော်လည်း နိုင်ငံရေးအရ ဆွေးနွေးမည့်အဆင့်ကိုတော့ ယူအဲန်အက်ဖ်စီနှင့်သာ ဆွေးနွေးရမှာ ဖြစ်သည်။ ယူအဲန်အက်ဖ်စီအနေနဲ့ကလည်း တယောက်တပေါက် လုပ်၍မရ။ အားလုံး တညီတညွတ်တည်း ဆုံးဖြတ်ထားသည့်မူ ရှိထားနှင့်ရမည်ဖြစ်ပြီး ထိုမူပေါ်တွင် ခိုင်မာစွာ ရပ်တည် ဆွေးနွေးကြရမည် ဖြစ်သည်။

ယူအဲန်အက်ဖ်စီမှာ စတင်ဖွဲ့စည်းလိုက်ကတည်းက အဖွဲ့အစည်းတခု၏ ရည်ရွယ်ချက်၊ ရပ်တည်ချက်ရှိထားနှင့်ပြီးဖြစ်သော်လည်း စစ်အုပ်စု ငြိမ်းချမ်းရေး အကျိုးတော်ဆောင်များ၏ တဖွဲ့နှင့်တဖွဲ့ မတူညီသော ဆက်ဆံရေးများကြောင့် အဖွဲ့အစည်းများအတွင်း အနည်းငယ် ပြောင်းလဲလာသည်ဟု ထင်ရသည့် အခြေအနေများအပေါ် ရှိထားပြီး လုပ်နည်းလုပ်ဟန်နှင့် မူဝါဒများပါ စဉ်းငယ်မျှ လှုပ်ရှားယိုင်နဲ့ လာခဲ့ပုံရလေသည်။ လောလောဆယ် ထစ်နေသည်မှာ အားလုံးနှင့် အပစ်အခတ် ရပ်စဲရေးဖြစ်ပြီး အပစ်အခတ် ရပ်စဲရေး တပြေးညီဖြစ် သွားပြီးမှသာ နိုင်ငံရေး ဆွေးနွေးမည့်စားပွဲဝိုင်းကို လှမ်းတက်ကြရမှာ ဖြစ်သည်။

အပစ်အခတ်ရပ်စဲရေးကိစ္စနှင့် ပတ်သက်၍ စဉ်းစားစရာ အနည်းငယ် ရှိသည်။ အပစ်အခတ် ရပ်စဲရေးကြောင့် မည်သူတွေ အကျိုးရှိပြီး မည်သူတွေ အကျိုးယုတ်နိုင်သလဲ ဆိုသည်ကို တွေးဆကြည့်ဖို့လိုသည်။ အပစ်အခတ်ရပ်စဲရေးသည် ထာဝစဉ် တည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးသို့ ဦးတည်သည့် ခြေလှမ်းတရပ်ဆိုပါက နှစ်လိုဖွယ်ကောင်းသော ထိုအပစ်အခတ်ရပ်စဲရေးကို လှိုက်လှဲစွာ ကြိုဆိုကြရမည် ဖြစ်သည်။

သို့ရာတွင် အပစ်အခတ်ရပ်စဲရေး လုပ်ပြီး စီးပွားရေး လုပ်ပိုင်ခွင့်များဖြင့် မက်လုံးပေးမြူဆွယ်လျက် သဘောတူညီမှုများ ခိုင်မြဲအောင် အကြိမ်ကြိမ် အလီလီ ဆွေးနွေးနေစဉ်အတွင်း တဘက်က နယ်မြေတွင်းရှိ တပ်များကို ကျူးကျော်နေရာချထားခြင်း၊ ရိက္ခာများ စုဆောင်းသိုလှောင်ခြင်း၊ တပ်အပြောင်းအလဲ လုပ်သည်ဟုဆိုကာ တပ်များတိုး၍ပို့ခြင်း၊ နယ်မြေတွင်းမှ ကျေးရွာလူထုများ ကူးသန်းသွား လာမှု အဆင်ပြေ ချောမွေ့စေရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက်ဟုဆိုကာ လမ်းများဖောက်ခြင်း၊ တံတားများဆောက်ခြင်း စသည့် လုပ်ရပ်များကို လုပ်လာပြီးနောက် ဆွေးနွေးနေဆဲ အပစ်အခတ်ရပ်စဲရေးမှ သဘောတူညီချက် တရပ်ရပ်ကို အကြောင်း တစုံတရာဖြင့် ချိုးဖောက် ငြင်းပယ်ခဲ့ပါက မိမိတို့ လုပ်ထားသည့် အပစ်အခတ် ရပ်စဲရေးမှာ ပျက်ပြယ်သွားမည်ဖြစ်ပြီး တဘက်ရန်သူ၏ အစီအစဉ်တကျ စစ်ရေးပြင်ဆင်ထားမှုအောက်၌ မိမိတို့ အထိနာကြလိမ့်မည် ဖြစ်သည်။ တိုင်းရင်းသားတို့ဘက်က ငါးကြင်းဆီနှင့် ငါးကြင်းအကြော်ခံရသော စီးပွားရေးလုပ်ငန်းများ လုပ်ကာ ပွပေါက်တိုးသွားသူအချို့မှလွဲ၍ အဖွဲ့အစည်းတိုင်းပင် နာလံမထူနိုင်အောင် နစ်နာကြရပေလိမ့်မည်။

ရန်သူအနေဖြင့်မူ အပစ်အခတ် ရပ်စဲလိုက်ပြီဆိုကတည်းက နိုင်ငံတကာက ဖိအားများ၊ စီးပွားရေး၊ သံတမန်ရေး ပိတ်ဆို့မှု စန်ရှင်များ တဆင့်ပြီး တဆင့် သုတ်သိမ်း လျှော့ပါးကုန်ကြမည်ဖြစ်ပြီး နိုင်ငံတကာမှ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေး၊ လူမှုရေး စသဖြင့် ခေါင်းစဉ်အမျိုးမျိုးဖြင့် ပေးအပ်လာသည့် ထောက်ပံ့ကူညီမှုများကိုလည်း ရရှိသွားမည် ဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားတို့ ဒေသအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် တိုင်းရင်းသားနယ်မြေများသို့ ထိုးစစ်ဆင်မှုများကြောင့် ပိတ်ဆို့ခဲ့သည့် စန်ရှင်များမှာ တိုင်းရင်းသားတို့နှင့် အပစ်အခတ်ရပ်ရေး ဆွေးနွေးကတည်းကပင် လျှော့ချလာခဲ့ကြပြီး ဖြစ်၏။

မည်သို့ပင်ဖြစ်စေအရပ်သားအရေခြုံစစ်အုပ်စုအစိုးရအတွက်ကတော့ ပြုပြင်ပြောင်းလဲရေး လမ်းကြောင်းပေါ်သို့ တက်လှမ်းလာ ပြီ၊ ဒီမိုကရေစီရေးကို ဦးတည်လာပြီဟုဆိုကာ ဝိုင်းဝန်း ထောက်ခံအားပေးကြသော နိုင်ငံများ၊ စန်ရှင်လျှော့ပေါ့ပေးခြင်းများ၊ ၂၀၁၄ခုနှစ်တွင်အာစီယံအလှည့်ကျဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခွင့်ရလာခြင်းများဖြင့် အသိအမှတ်ပြုမှုတွေ အတော်ပင် ရရှိလာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် မကြာခဏ ဆွေးနွေးကာ ပူးပေါင်းလုပ်ဆောင်နေသည်ဟု ကမ္ဘာ့နိုင်ငံကြီးများက အမြင်ရှိလာသည့်နောက်မှာတော့ ၎င်းတို့၏ ခြေလှမ်းကလည်း ပို၍သွက်လာသည်။ ဒေါ်အောင်ဆန်းစုကြည်ကို ပါတီမှတ်ပုံတင်ကာ ရွေးကောက်ပွဲဝင်စေပြီး လွှတ်တော်ထဲသို့ တွန်းပို့ခဲ့သည်။ (တွန်းပို့ခဲ့သည်ဟုဆိုရခြင်းမှာ၎င်းတို့လုပ်ချင်တိုင်းလုပ်နိုင်သည့်နေပြည်တော်တွင်ပင် အောင်ပွဲခံနိုင်ခဲ့သော အဲန်အယ်လ်ဒီ၏ ယုတ္တိမဲ့ အနိုင်မဲများကြောင့် ဖြစ်သည်။) ထိုသို့တွန်းပို့ခဲ့ခြင်းဖြင့်၎င်းတို့အပေါ် ချမှတ်ထားသည့်စန်ရှင်များ သုတ်သိမ်းသွားမည်ဟု၎င်းတို့ မျှော်လင့်သည်။ ကမ္ဘာ့နိုင်ငံကြီးများဘက်က စန်ရှင်များ လျှော့ချရေးကိစ္စ နှောင့်နှေးနေသောအခါမှာလည်း ၎င်းတို့က ခပ်ပြောင်ပြောင်ပင် တောင်းဆိုကြလေသည်။

(၃)

အခြေခံလစာ နည်းပါးမှုကြောင့် စက်သုံပေါင်း ၅၇သုံမှ အလုပ်သမား ၃၆,၀၀၀ကျော်မေလတွင်းကဆန္ဒပြခဲ့ကြရာအချို့မှာအနည်းငယ်လိုက်လျောမှုများဖြင့် ကျေနပ်လိုက်ကြပြီး ဇွန်လထဲမှာ ၁၅သုံခန့် ကျန်ရှိနေခဲ့သည်။ လယ်သမားအရေးတွေက ဆက်လက် ပေါ်ပေါက်လာပြန်၏။

ထိုသို့ ရှိနေစဉ်မှာပင် ရမ်းပြဲမြို့နယ် ကျောက်နီမော်မှ ဆယ်ကျော်သက် ရခိုင်မိန်းကလေးတဦးကို သိုဟင်ဂျာလူငယ်သုံးယောက်က မုဒိမ်းကျင့်စော်ကားသတ်ဖြတ်ခဲ့သည့်ဖြစ်ရပ်နှင့် ၎င်းကိစ္စအပေါ် လက်တုန့်ပြန်သည့်အနေဖြင့် သံတွဲ တောင်ကုတ် ပြေးဆွဲနေသော ကားကိုတားကာ ဒသိုင်ဘာနှင့် စပယ်ယာ အပါအဝင် သိုဟင်ဂျာ ၁၀ဦးကို သိုက်သတ်လိုက်သည့်ဖြစ်ရပ် ဇွန်လထဲမှာ ဖြစ်ပွားခဲ့သည်။ လူမျိုးရေး ဘာသာရေး သွေးထိုးလှုံ့ဆော်မှုတွေ တစခန်းထလာခဲ့ပြန်သည်။ နိုင်ငံရေးအကြပ်အတည်း၊ စစ်ရေးအကြပ်အတည်းနှင့် အလုပ်သမား၊လယ်သမားဆန္ဒပြမှုများအကြားထွက်ပေါက်ရရှိရန်အတွက်သိုဟင်ဂျာနှင့်ရခိုင် လူထု၊ ဗမာပြည်သူ လူထုတို့အကြား လူမျိုးရေး ဘာသာရေး အဓိကသုဏ်းများ ပေါ်ပေါက်စေရန် လုပ်ဆောင်လိုက် ခြင်းသာဖြစ်သည်ဟု နိုင်ငံရေးကျွမ်းကျင်သူများက မြင်၏။ ၁၉၉၇ခုနှစ်တုန်းက ကမ္ဘာအေးလှိုဏ်ဂူ ဗုံးပေါက်မှု၊ ဗိုလ်ချုပ်တင်ဦးအိမ် ဗုံးဖောက်ခွဲမှု၊ မဟာမြတ်မုနိဘုရား ဗိုက်ဖောက်ကာ ဌာပနာများ ခိုးခံရမှုတို့ဖြင့် လူတွေသုတ်သုတ်သဲသဲ မကျေမနပ်ဖြစ်နေစဉ် မန္တလေးမှာ မြန်မာ မိန်းကလေးတယောက် ကုလားတွေ အစော်ကားခံရသည့် ကိစ္စတခုကို ဖန်တီးလျက် ဘုန်းကြီးတုတွေက ကုလားဗလီတွေကို ဖျက်၊ အရပ်ဝတ်ဒလန်တွေပါ ဝသုန်းသုန်းကားဝင်ပါပြီး ကုလား ဗမာ အဓိကသုဏ်းတခု ပေါ်ပေါက်ဖို့ရန် စစ်အုပ်စုက စီစဉ်လုပ်ဆောင်ခဲ့သည်ကို သတိရဖွယ် ဖြစ်လေသည်။

စစ်အုပ်စုတို့အနေဖြင့် အလုပ်သမားလယ်သမားအရေးကိစ္စများကို လမ်းလွှဲသည့်အနေဖြင့် သိုဟင်ဂျာကိစ္စကို ဖန်တီးပြီး ဘာသာရေးလူမျိုးရေး အဓိကသုဏ်းကိုကြီးထွားအောင်လုပ်ကာ တိုင်းပြည်ကို ဒီမိုကရေစီလမ်းကြောင်း မှ နောက်ပြန်လှည့်သွားဖို့ရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်ကြောင်း ရွှေညဝါ ဆရာတော်က မိန့်၏၊ လူထုကလည်း စစ်အုပ်စု၏ ထောင်ချောက်သို့ မဝင်။

စစ်အုပ်စု၏ ကလိန်ကကျစ် လုပ်နည်း လုပ်ဟန်များကို ဖန်တရာတေအောင် ကြုံခဲ့ဘူးသော ပြည်သူလူထုနှင့် နိုင်ငံရေး စောင့်ကြည့်လေ့လာသူများက စစ်အုပ်စုတို့ခြေလှမ်းကို ကောင်းစွာ မြင်နေကြရသည့်တိုင် စစ်အုပ်စုနှင့် အနီးကပ် ဆက်ဆံလာရသည့် အပစ်ရပ် အဖွဲ့အချို့ကမူ စစ်အုပ်စုခြေလှမ်း ဘယ်သို့ ဘယ်ဆီ လှမ်းလိမ့်မည်ကို ယခုထိ မခန့်မှန်းနိုင်ကြ။

တော်လှန်ရေး အဖွဲ့အစည်းများအနေဖြင့် အခြေအနေကို မျက်ခြည်မပြတ် စောင့်ကြည့်လျက် အခွင့်အခါကောင်းကို မလွတ်တမ်း ဆုပ်ကိုင်နိုင်ဖို့လိုသည်။ တပ်ပေါင်းစုဖြစ်သည့်တိုင် အဖိနှိပ်ခံ ပြည်သူများ၏ ပူးပေါင်းကူညီမှုကို မရပဲ အောင်ပွဲခံနိုင်မည် မဟုတ်။ အဖိနှိပ်ခံ ပြည်သူများသာမက စစ်အုပ်စုလက်အောက်မှ အဖိနှိပ်ခံ၊ အသုံးချခံ တပ်မတော်သားတို့၏ ပူးပေါင်းပါဝင်မှုကိုလည်း မလွဲမသွေ လိုအပ် မည် ဖြစ်သည်။

ပြီးခဲ့သော အရေးတော်ပုံကြီးများအတွင်း စစ်အုပ်စုတို့ အကြပ်အတည်း ကြုံစဉ် ဒီမိုကရေစီရေး တောင်းဆိုသော လူထုနှင့် တိုင်းရင်းသား အင်အားစုများဘက်က အတွင်းအပြင် ပေါင်းစည်းညီညွတ်စွာဖြင့် ကိုယ့်ထောင့်နှင့်ကိုယ် ဟန်ချက်ညီညီ လှုပ်ရှားမှု မပြုနိုင်ခဲ့ကြ။

၈၈အရေးအခင်းတုန်းက ဝင်မပါခဲ့သည့်အဖြစ်နှင့် ပတ်သက်၍ ကေအဲန်ယူသည်ပွဲလန့်ဖျာခင်းသောအလုပ်မလုပ်ပဲမိမိအမျိုးသားရေးအတွက် သိက္ခာရှိစွာ တောင်းဆိုတိုက်ပွဲဝင်ခဲ့ခြင်းဖြစ်ကြောင်း ပဒိုတဦးက ဂုဏ်ယူစွာ ပြောဖူး၏။ စစ်အုပ်စု၏ ဥပဒေမဲ့လုပ်ရပ်များ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ကမ္ဘာက ပိတ်ဆို့အရေးယူရေး လော်ဘီတွေလုပ်၊ နိုင်ငံရေး အတိုက်အခံတွေလုပ်နှင့် ကမ္ဘာ့နိုင်ငံတွေကပါ ဖိအားပေးလာ၊ ပိတ်ဆို့မှုများ လုပ်လာကြသောကြောင့် စစ်အုပ်စုတို့ အကြပ်အတည်း တွေ့နေရချိန်၊ တပ်တွင်းအထက်အောက် မညီမျှသော ဆက်ဆံမှုများနှင့် ပတ်သက်၍ ၎င်းတို့အချင်းချင်း ညီညွတ်မှု ပြိုကွဲစပြုလာချိန်၊ အရာရှိငယ်များနှင့် အကြပ်တပ်သားများ၏ လုပ်ခလစာများကိုဦးပိုင်စီးပွားရေးလုပ်ငန်းထဲမထည့်မနေရ ရှယ်ယာထည့်ခိုင်းပြီး စာရင်းမရှင်းနိုင်သောကြောင့် မကျေမနပ် ဆန္ဒပြ အုံကြွမှုကလေးများ ဖြစ်လာကာ တပ်တွင်းပုန်ကန်မှုတွေပါ ပေါ်ပေါက်လာတော့မည့်အချိန်များတွင်လည်း လူထုနှင့် တိုင်းရင်းသားတွေ ဘက်က လှုပ်ရှားမှု မရှိ။ သံဃာတော်များ လမ်းပေါ်ထွက်ဆန္ဒပြသည်ကိုနှိမ်နင်းတုန်းကလည်းတိုင်းရင်းသားတို့ဘက်က မိမိတို့ဒေသများအတွင်းမှာပင် တိုက်ပွဲအရှိန်အဟုန်ကို မတိုးမြှင့်နိုင်ခဲ့။

ရန်သူကို အနားမပေးပဲ တိုက်ရမည့်အချိန်တွေမှာ မတိုက်ခဲ့သောကြောင့် ရန်သူ့အဖို့ ထွက်ပေါက်တွေ တခုပြီးတခု ပွင့်သွားခဲ့ သည်။ မိမိတို့အချင်းချင်း စည်းလုံးညီညွတ်မှု မရှိ၊ တဦးကိုတဦး တကယ်တမ်း ယုံကြည်မှုမရှိသည့်အပေါ်တွင်လည်း ရန်သူ့ဖဲ့ထုတ်စည်းသုံး မှုများကို ကြုံခဲ့ကြရသည်။

အပစ်ရပ်အဖွဲ့အများစုမှာ စစ်အုပ်စုတို့ ယခင်ကတည်းက အဖန်တလဲလဲ လုပ်ခဲ့သော နည်းလမ်းဟောင်းကြီးကို လောဘ မောဟ ပိတ်ဖုံးစွာ လိုက်လျှောက်ခဲ့ကြသူများ ဖြစ်၏။ အပစ်ရပ်ပြီး စီးပွားရေးလုပ်၊ ဒေသဖွံ့ဖြိုးရေး လုပ်သည့်နည်းမှာ ယခင် ကေအဲန်ယူမှ ခွဲထွက်မည့် ဒီကေဘီအေအဖွဲ့ကို

Karen Information Center မှ လစဉ် ထုတ်ဝေဖြန့်ချီသည်။

ဖွဲ့ထုတ်စည်းသုံးခဲ့စဉ်ကတည်းကဖြစ်သည်။ဒီကေဘီအေကိုနှစ်အနည်းငယ်မျှ စီးပွားရေးလုပ်ပိုင်ခွင့်များပေး အပြီးနောက် နယ်ခြားစောင့်တပ် လုပ်ခိုင်းခဲ့သည့်နည်းတူ ကေအိုင်အေကိုလည်း လုပ်ခိုင်းခဲ့သည်။ ဒီကေဘီအေ ကလိုထူးဘော ဗျူဟာနှင့် ကေအိုင်အေတို့က နားမထောင်ခဲ့။ နားမထောင်သူများနှင့် တိုက်ပွဲတွေ ပြန်ဖြစ်ခဲ့ကြသည်။ ကေအဲန်ယူ၏ အနာဂတ်အရေးသည်လည်း မည်သို့ရှိချိမ့်မည်နည်း။ စီးပွားရေးလုပ်ငန်းများနှင့် အပစ်အခတ်ရပ်စဲရေးသည် ဘီဂျီအက်ဖ် သောင်ကမ်းသို့ပင် ဆိုက်လေမည်လား။ ကရင်ပြည်သူတို့ အားကိုးအားထားပြုရာ ကရင့်တော်လှန်ရေးအနေဖြင့် ကရင်လူထု၏ အသံအစစ်အမှန်ကို နားစွင့်ကြရမည် ဖြစ်၏။

(၄)

ရခိုင်ကမ်းလွန် ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းမှာ အတော်ပင် ခရီးပေါက်နေပြီ ဖြစ်သည်။ လွန်ခဲ့သည့် ၂နှစ်ကစ၍ ဗမာနိုင်ငံ ဘက်အခြမ်းကောတသုတ်နိုင်ငံဘက်အခြမ်းမှာပါ သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် ရေနံပိုက်လိုင်းများကို ဖောက်လုပ်ခဲ့သည်။ ကုဗမီတာ သန်း ၁၂,၀၀၀ရှိသည့် သဘာဝဓာတ်ငွေ့များကိုနှစ်စဉ်တသုတ်ပြည်သို့တင်ပို့ရမည်ဖြစ်ပြီးတသုတ်တို့ကလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ကာ တသုတ်ပြည် အနောက်တောင်ပိုင်း ဒေသဖွံ့ဖြိုးရေးအတွက် ဖြန့်ဖြူးပေးဝေမည် ဖြစ်သည်။ ရေနံပိုက်လိုင်းကတော့ အဓိကအားဖြင့် အာဖရိကနှင့် အရှေ့အလယ်ပိုင်းမှ တင်သွင်းလာသော ရေနံများကို နှစ်စဉ်တန်ချိန် ၂၂သန်းမျှ ကူမင်း ရေနံချက်စက်သုံသို့တင်ပို့မည် ဖြစ်သည်။ ရွှေသဘာဝဓာတ်ငွေ့လိုင်းနှင့် တပြိုင်တည်း ကပ်၍ ဖောက်လုပ်လိုက်သော ရေနံလိုင်းကြောင့်တသုတ်အဖို့မလကက္ကာရေလက်ကြားကိုဖြတ်သန်းစရာမလိုတော့ပဲ စရိတ်စကများစွာ သက်သာသွားပေတော့မည်။ ယခုအချိန်မှာ လုပ်ငန်းလေးပုံသုံးပုံနီးပါး ပြီးစီးနေပြီဖြစ်ပြီး ၂၀၀၃ ခုနှစ်မှာ စတင်လည်ပတ်တော့မည် ဖြစ်သည်။

ဟတ်ကြီး ရေကာတာ ဆောက်လုပ်ရန် ဦးသိန်းစိန်က မီးစိမ်းပြလိုက်ပြီဆိုသောသတင်းနှင့် ဟတ်ကြီးသာမက မြစ်ဆုံစီမံကိန်းပါ ပြန်စနေပြန်ပြီဟူသောသတင်းကိုသဲ့သဲ့ကြားရသည်။ယခင်ကငင်းငင်းတို့ကြွေးကြော်ခဲ့ဘူးသော သံလွင်မြစ်ကြောင်း ကောင်းစားရေး စီမံချက် မဟုတ်တော့ပဲ သံလွင်မြစ်ကြောင်း ပျက်စီးရေး အစီအစဉ် ဖြစ်နေ၏။ ဗမာပြည်အတွင်း မွေးဖွားပေါ်ပေါက်လာခဲ့ပြီး အထင်ကရ စီးဆင်းလျက်ရှိသော ရောဝတီမြစ်ကြီး၏ အနာဂတ်အရေးနှင့် မြစ်သိုးတလျှောက် မြို့ရွာများ၏ ကံကြမ္မာသည်လည်း မှောင်မိုက်လျက်ရှိချေပြီကော။

အင်းလေးကန်ကြီးကောကာ ကန်၏အစိတ်အပိုင်းအချို့မှာ လူနေရပ်ကွက်များဖြစ်ကုန်ကြပြီ ဖြစ်၏။ အင်းလေးကန်၌ ယခင်က လှေများဖြင့် ရေပေါ်ဈေး ရောင်းခဲ့သော နေရာတွင် မြေပေါ်ချရောင်းရသည့် ဈေးကွက်များ ဖြစ်သွားသလို မြစ်ဝကျွန်းပေါ် ညောင်တုန်း ခတက္ကိယနယ်ထဲမှ ရောဝတီမြစ်၏ မြစ်ခွဲတခုအဖြစ် လှိုင်မြစ်အတွင်း စီးဝင်သော ပန်းလှိုင်မြစ်သည်လည်း စစ်အုပ်စုတို့၏ ငါးမွေးကန်များ စိုက်ပျိုးခြံများကြောင့် မြစ်ကြောင်း ပိတ်ဆို့ကာ ကျွန်းများ သောင်များ ပိုမိုပေါ်ထွန်းပြီး မြစ်၏ သုံးပုံနှစ်ပုံမှာ ကောသွားခဲ့ပြီ ဖြစ်သည်။

ယခင်တုန်းက သင်္ဘောများသွားလာ၍ရခဲ့သောနေရာတွင် မြက်များ ထူထပ်စွာပေါက်နေသောမြေပြင်ကြီးဖြစ်လျက်အနီးအနားအရပ်ဒေသများသို့ ကုန်းကြောင်းခရီးဖြင့် ဖြတ်သန်းသွားလာ၍နေကြလေပြီ။ ဒေသခံတို့အဖို့ ထိုနေရာ၌ ရေစီးအားကောင်းပြီး ငါးပုဇွန် လှိုင်လှိုင်ပေါ်များသော ပန်းလှိုင်မှာလွန်ခဲ့သော လေးငါးနှစ်တွင် လွမ်းမောဖွယ် ကျန်ရစ်ခဲ့ပြီဖြစ်ပြီး နောက်မျိုးဆက်တခုမှာတော့ ပန်းလှိုင်သည် မြစ်ဝကျွန်းပေါ်၏ ပုံပြင်ထဲ၌သာ ကျန်ရှိခဲ့တော့မည် ဖြစ်လေသည်။

အီတာလျံ–ထိုင်း ကုမ္ပဏီ၏ ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းကြီးအတွင်း ရာနှင့်ချီသော စီမံကိန်းများကို ထိုင်းလွှတ်တော်က အတည်ပြုလိုက်ပြီဖြစ်ရာ ထိုအထဲတွင် ရေကာတာတည်ဆောက်မှု လုပ်ငန်းများလည်း ပါဝင်သည်။ ထိုင်းနိုင်ငံတွင်း၌ ရေကာတာများစွာ ဆောက်ပြီးခဲ့ပြီဖြစ်ပြီး ဘန်ကောက်လို မြို့တော်မှာပင် နှစ်စဉ် မိုးတွင်းကာလ ရေလျှံမှုများဖြစ်သောကြောင့် နောက် ထပ် ရေကာတာများ ထပ်မံဆောက်လုပ်ဖို့မရှိ။ ပြီးခဲ့သည့်နှစ်ကလည်း လအ တော်ကြာ ရေကြီးခဲ့သဖြင့် သန်းပေါင်းထောင်နှင့်ချီ၍ နစ်နာဆုံးသုံးခဲ့ကြရသည်။ ထိုင်းနိုင်ငံထဲမှာ လုပ်မရသည့်ကိစ္စကို ဗမာပြည်မှာ လုပ်ခြင်းဖြစ်၏။ စီမံကိန်း တိုင်းမှာ ဗမာ့မြေက သယံဇာတများကို ဈေးပေါပေါဖြင့် ရယူမည်ဖြစ်ပြီး ထိုင်း အတွက် အကျိုးအမြတ် ကြီးစွာရနိုင်သော်လည်း ဗမာနိုင်ငံစစ်အုပ်စုအနေဖြင့် ထိုအကျိုးအမြတ်၏ အသိုးအရင်းမျှလောက်သာ ရရှိကြမည် ဖြစ်သည်။ ဗမာပြည်သူလူထုအတွက်ကတော့ဆုံးသုံးပြီးရင်းဆုံးသုံးသည့်အခြေအနေမှနေ၍ အနည်းငယ်မျှ တက်နိုင်လိမ့်မည် မဟုတ်ချေ။

ပြည်တွင်းမှ ဆန်၊ သစ်၊ ကျောက်မျက်၊ ဓာတ်သတ္တုများသာမက၊ အရှေ့အနောက်တောင်မြောက် တိုင်းပြည်ပတ်လည်မြစ်ချောင်းပင်လယ်များမှ သဘာဝအရင်းအမြစ်များကိုပါ ကိုယ်ကျိုးအတွက် လက်ညှိုးထိုး ရောင်းစားခဲ့သူများအနေဖြင့် ကိုယ်နင်းထားသည့် သစ်ကိုင်း ကိုယ်ပြန်ချိုင်သော သစ်ခုတ်သမားအဆင့်မျိုး ရောက်နေပြီဆိုသည်ကို သိဖို့သင့်ပြီ ဖြစ်၏။ ရောဝတီ မရှိပါက ဗမာပြည် မည်သည့်အခြေသို့ ဆိုက်လိမ့်မည်နည်း။

(၅)

ပြီးခဲ့သည့်လ ဒေါ်အောင်ဆန်းစုကြည်၏ ဥရောပခရီးစဉ်မှာ ဘယ်သူတွေ ဘယ်လောက် အကျိုးအမြတ် ရှိကြသလဲ။ ဆွစ်ဇာလန် ဂျီနီဗာမှာ ကျင်းပခဲ့သော ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် အိုင်အယ်လ်အို ညီလာခံသို့ ဇွန်လ ၁၄ရက်နေ့ တက်ရောက်ပြောကြားခဲ့သည့် မိန့်ခွန်းကိုကော၊ နော်ဝေးနိုင်ငံ အော်စလိုမှာ ငြိမ်းချမ်းရေး နိုဗယ်ဆုကို လက်ခံရယူအပြီး ပြောကြားခဲ့သည့် မိန့်ခွန်းများကိုပါ အွန်လိုင်း၌ တွေ့မြင်ကြားသိ ဖတ်သူခဲ့ရသည်။

မိမိအသိုင်းအဝိုင်းမှ ဝေးရာ ဆွဲထုတ်ခံလိုက်ရသလိုဖြစ်သော ရွှေ့ပြောင်းအလုပ်သမားများ၊လူကုန်ကူးခံရသူများ၊ဒုက္ခသည်များ၏အခြေအနေ။ လူ့အခွင့်အရေး ကာကွယ်ပေးရန်ကိစ္စ၊ နိုင်ငံ့အနာဂတ်ကို ယုံကြည်စွာတည်ဆောက်ဖို့ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် လိုအပ်ကြောင်း၊ ဒုက္ခသည်တွေကိုကူညီဖို့၊ဒုက္ခသည်တွေအနေနဲ့လည်းမိမိနေထိုင်ရာနိုင်ငံကိုဝန်ပိုမပိစေရေးကိစ္စများကို နော်ဝေးမှာပြောခဲ့ပြီး ဂျီနီဗာ အိုင်အယ်လ်အို ညီလာခံမှာတော့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ လူမှုရေး၊ စီးပွားရေးနှင့် ဒီမိုကရေစီရေး လုပ်ငန်းစဉ်များအပေါ် အားဖြည့်ပေးနိုင်မည့် အကူအညီများ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လိုကြောင်း၊ အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းရေး၊ လူငယ်တို့၏ အရည်အချင်းအတွက် လုပ်ငန်းခွင်သင်တန်းကျောင်းများဖွင့်ရေး၊ပြည်ပရောက် အလုပ်သမားများအရေး၊ ကလေးပညာရေးစနစ်၊ အိမ်ပြန်လိုသူတွေ လုံခြုံစိတ်ချစွာ ပြန်လာနိုင်ရေး စသည်တို့ကို ပြောသွားခဲ့သည်။ ကချင်ဒေသမှ စစ်ပွဲနှင့် ပတ်သက်၍မူ တစွန်းတစမျှ မပါရှိချေ။

စစ်မှန်သော ဒီမိုကရေစီကို လက်ဖြန့်တောင်းခံ၍ မရနိုင်။ စစ်မှန်သော ငြိမ်းချမ်းရေးကိုလည်း စစ်အာဏာရှင်များထံမှ မျှော်လင့်၍ မရနိုင်။ ၎င်းင်းတို့ကိုယ်တိုင်ပင်ဒီမိုကရေစီ၏အနှစ်သာရကိုသဘောပေါက်နားလည်ခြင်းမရှိကြ။ ငြိမ်းချမ်းရေး၏ အရသာကိုလည်း မခံစားတတ်။ ပေးစရာ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးသည်လည်း ၎င်းင်းတို့ထံတွင် မရှိ။

❑❑❑

## လမ်းဆုံးတဲ့ခါ ရောက်မဲ့ရွာ

စ အိုင်ခန့် (နှင်းခဲမြေ)

ဟိုး တစ်ချိန်တုန်းက
"ချီဖွေ" တောင်တန်းတွေကြားမှာ
နှင်းခိုးတွေ တဝေဝေနဲ့ ပန်းစုံရနံ့တွေ သင်းပျံ့လှိုင်ခဲ့တုန်းက
ရောင်စုံလိပ်ပြာလေးတွေ ပျံဝဲခဲ့ကြသလို
"ဒေါန" တောင်တန်းတွေကြားမှာတော့
မီးခိုးတွေ တဝေဝေကြားက ယမ်းညှော်စော်နံ့တွေ
သွေးညှီစော်နံ့တွေနဲ့ သင်းပျံ့ကာလှိုင်လျက်
အရောင်မည်းမည်း တိုက်လေယာဉ်တွေလည်း ပျံဝဲလို့ပေါ့။
ဟိုး တစ်ချိန်တုန်းက
"ချီဖွေ"တောင်တန်းတွေကြားမှာ
ငြိမ်းချမ်းရေးသံစဉ်တေးတွေ လွင့်ပျံ့ကာသီကြူးလို့
တောင်ယာခင်းတွေကို တပျော်တပါး ရိတ်သိမ်းကြချိန်မှာ
"ဒေါန"တောင်တန်းတွေကြားမှာတော့
"ဗုံးသံ" အမြောက်သံတွေနဲ့ ညည်းတွားသံတွေ ဆူညံလျက်
တေးဆိုသံဆိတ်ကာ ပြာပုံအတိနဲ့ ရွာခြေပျက်
တောင်ယာခင်းတွေလည်း ရိတ်သိမ်းသူမဲ့ခဲ့ပေါ့။
ဟိုး တစ်ချိန်တုန်းက
"ချီဖွေသူဇာ" လှပျိုကညာတွေ ပလိုင်းလေးလွယ်ပြီး
တေးသံညည်းကာ အေးချမ်းစွာ "တို့စရာ"ရှာခူးနိုင်ချိန်မှာ
ဒေါနသခင် "သင်တိုင်းဖြူရှင်" ပလိုင်းကိုင်ငံ မျှစ်ချိုးဖို့သွားတာ
သွေးစတွေနဲ့ ပေကျံစုတ်ပြဲနေတဲ့ သင်တိုင်းဖြူ
ဝါးသုံပေါ်ချိတ်လျက်
မျှော်နေသူ မိခင်အိုထံ ဘယ်တော့မှ ပြန်ရောက်မလာခဲ့တော့။
ဟိုး တစ်ချိန်တုန်းက
ဆန့်ကျင်ဖက် စံစားမှုနဲ့ ခါးစည်းမှုတွေကို ရင်ဝယ်ပိုက်
စည်းလုံးမှု အားနည်းတဲ့ ကိုယ်လွတ်သုန်းနိုင်ငံရေးရဲ့ အကျိုးဆက်
"ဒေါန"က ချီဖွေဖြစ်လိုက် "ချီဖွေ"က ဒေါနပြန်ဖြစ်လိုက်နဲ့
ကိုလိုနီစသိုက် အသွင်းခံလိုက်ရတဲ့ ဘဝတူချင်း
ဖြစ်သွားတာကလွဲလို့
ဘယ်သူမှ လွတ်မြောက်မှုကို မစွမ်းဆောင်နိုင်ခဲ့
ဖြေသိမ့်စရာ သင်ခန်းစာနဲ့ နောင်တတွေပဲ ရခဲ့တယ်။
မတည်တဲ့ ကတိတွေကို
ထပ်ခါတလဲလဲပေးတတ်တဲ့ ပလီပလာ မာယာရှင်လူတစ်စုဆီက
ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုတဲ့လမ်းခရီးမှာ
ထောင်ချောက်ပြွမ်းတဲ့ မှောင်မဲမဲခရီးကြမ်းရှည်ထဲ
ယိုင်နဲ့နဲ့ မင်းရဲ့ချိုင်းထောက်လေးတွေနဲ့
စိတ်ချလက်ချ လိုက်ဖို့ဖြစ်နိုင်ပါ့မလား။
ကြားရသုံနဲ့ ကျောချမ်းတဲ့
ခေတ်တစ်ကျော့ပြန် သေမင်းတမန် ရထားလမ်းတဲ့
ဂျပန်ခေတ်က ချွေးတပ်စခန်းကို မြင်ယောင်မိ
ဒေသဖွံ့ဖြိုးရေးဆိုတဲ့ ခေါင်းစဉ်နဲ့ဖိ
မဟာတို့ရဲ့ မြေလှန်စနစ် စီမံကိန်း တကယ်အရှိမှာ
သေမင်းတမန်လက်ထဲ ဘယ်သူတွေကို ထပ်ထည့်ဦးမှာလဲ။
ညှော်သည်က အိမ်ရှင်လုပ်
တောင်းဆိုသလိုနဲ့ မောင်းထုတ်တဲ့ပွဲမှာ
ရှမ်းပြည်မှ သွေးချင်းတို့ နှစ်စခန်းတောင် တပ်ဆုတ်ပေးနေရတော့
ငြိမ်းချမ်းရေးဆိုတာ အလျှော့ပေးရတဲ့
အသုံးပေးဆုတ်ခွါရေးတွေလား။
ငါတို့ကရင်ပြည်သူတွေအတွက် ငြိမ်းချမ်းရေးဆိုတာထက်
မှတ်ပုံတင်အစစ်လေးတောင် ရဖို့သေချာမတွက်နိုင်ခဲ့။
"စော"အရှေ့မှာ "မောင်"ဖုံးတဲ့
နိုင်ငံသားကတုံးထိပ်ကွက်မဲ့ပွဲမို့
"ဗမာ"နဲ့ "မြန်မာ" ဝေါဟာရ အသူတ်တော်နှစ်လုံးကြား
ဗမာပဲဖြစ်လာ၊ မြန်မာပဲဖြစ်လာ ကရင်ဖြစ်လာနိုင်မတဲ့လား။
အွန်လိုင်းထဲက မန်းထက်ခေါင်ရဲ့ ဆောင်းပါးတစ်ပုဒ်
ခေါင်းစဉ်လေးက သိုးသိုးပါ
"လမ်းဆုံးတဲ့အခါ ရောက်မဲ့ရွာ"တဲ့
အရင်းအနှီး တန်ဘိုးကြီးစွာနဲ့ ပေးဆပ်ခဲ့ရ
လျှောက်လှမ်းခဲ့ ဆယ်စုနှစ်ခြောက်ခုကျော်ခရီး
ယာယီမှတ်ပုံတင်လေးကိုင်ပြီး ခရီးဆုံးလို့ရောက်မဲ့ရွာ
ရွာခြေပျက် ကရင်တွေမဲ့တဲ့ "ပြတိုက်"မဖြစ်စေနဲ့။

(ဇူလိုင် ၇ရက်၊ ၂၀၁၂)

❖ ရည်ညွှန်းနာမ်စား ❖
ချီဖွေ = ကချင်ပြည်နယ် စစ်မြေပြင်ပန်းဝါဒေသ ချီဖွေနယ်မှတောင်တန်း
ဒေါန = ကရင်ပြည်နယ်မှ တောင်တန်း

## ဆရာကြီးမန်းရွှေနှင်းနှင့် တွေ့ဆုံမေးမြန်းခန်းမှ....အဆက်

***KIC***–ဘဏ္ဍာရေးအခက်အခဲအပေါ်မှာအခြားဘယ်လိုဖြေရှင်းတာမျိုး ရှိနေပါသလဲ။

မန်းရွှေနှင်း–ဒီကိစ္စနဲ့ပတ်သက်ပြီးမီဒီယာလိုင်းကနေမေးလာတာကို ဖြေပေးလိုက်တာမျိုးတွေ ရှိတယ်။ တဖက်ကလည်း နိုင်ငံခြားမှာ ရှိနေတဲ့ စီဒီစီက ထွက်သွားတဲ့ ကလေးတွေ၊ ဆရာ၊ဆရာမတွေဆီ ကျနော်တို့ရဲ့ လက်ရှိအခက်အခဲစာစောင်တွေ ပို့ပေးတယ်။ သူတို့ကလည်း အကြံဉာဏ်ဝိုင်းပေးတယ်။ ကူညီနိုင်ဖို့ နည်းလမ်းတွေပေးတယ်။ ကျောင်းမှာလည်း ဆက်စပ်ပြီးတော့ ကျောင်းသားမိဘတွေ အကုန်လုံးခေါ်ပြီး မိဘဆရာအသင်း အစည်းအဝေးခေါ်တယ်။ ပြီးတော့ ကျောင်းအခက်အခဲတွေ လက်ရှိ ငွေရေးကြေးရေး အခက်အခဲတွေကို ဘယ်လိုဝိုင်းကူကြမလဲဆိုတော့ မိဘတွေကလည်း နည်းလမ်းတွေပေးတယ်။ သူတို့ကိုယ်တိုင်လည်း အလှူငွေတွေ ပေးပါတယ်။ သူတို့သူဌေးတွေဆီမှာ အလှူငွေဖြတ်ပိုင်းတွေနဲ့ အလှူခံပေးတာတွေလည်း ရှိပါတယ်။

***KIC*** – မယ်တော်ဆေးခန်းကို အဓိက ကူညီပေးနေတဲ့ နိုင်ငံတွေကို ပြောပြလို့ရနိုင်ပါသလား။ ဘယ်နှစ်ရာခိုင်နှုန်းလောက် မယ်တော်ဆေးခန်းရဲ့ ဘဏ္ဍာရေး အကူအညီ ဖြတ်တောက်ခံလိုက်ရသလဲပေါ့။

မန်းရွှေနှင်း – မယ်တော်တစ်ခုလုံးကို အကူအညီပေးတဲ့အဖွဲ့ကတော့ များတယ်။ အထူးသဖြင့်တော့ ဥရောပနိုင်ငံတွေ များတယ်။ ချက်ချင်းကြီး ကျနော်တို့ ခံနေရတာကတော့ နော်ဝေးအစိုးရရဲ့ အကူအညီကနေ ပြည်တွင်း ပြန်လည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ သွားလိုက်တဲ့အတွက် ဒီဘက်တွေမှာတော့ ပြတ်တောက်မှုတွေ ဖြစ်သွားတာပေါ့လေ။ ရာခိုင်နှုန်းအရအဲ့လိုမျိုးပြောရင်တော့ တော်တော်တော့ ခက်ပါတယ်။ ကျောင်းဆိုလည်း ကျောင်းအတိုင်းအတာအရ၊ ဆေးခန်းဆိုလည်း အဲ့လိုပါပဲ။ တစ်ခုလုံး အတိုင်းအတာအရဆိုရင်တော့ သေချာပါတယ်။ ၄၀ရာခိုင်နှုန်းကျော် ဖြတ်တောက်ခံလိုက်ရပါတယ်။

***KIC*** – နောက်ထပ် ဘာများ ဖြည့်စွက်ပြောချင်ပါသေးသလဲ။

မန်းရွှေနှင်း – ကျနော်တို့လုပ်လာတာကလည်း နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ။ဒီမတည်မငြိမ်ဖြစ်နေတဲ့ရွှေ့ပြောင်းလူထုတွေကိုကော၊ဒုက္ခသည်တွေကိုကော မိဘလုံးဝမဲ့တဲ့ ကလေးတွေကိုကော၊ မိဘနဲ့ အဆက်အသွယ်မရှိတဲ့ ကလေးတွေ အားလုံးကို ကျန်းမာရေး၊ ပညာရေးအရ ဝိုင်းဝန်းကူညီလုပ်ဆောင်ခဲ့ကြပြီးပြီ။ လုပ်လည်း လုပ်နိုင်ခဲ့တယ်။ နှစ်ပေါင်း ၂၀ကျော်လုပ်လာခဲ့ပြီးမှ အကူအညီတွေကို ချက်ချင်း ဖြတ်တောက်ပစ်လိုက်တော့ ကျနော်တို့ နည်းနည်းတော့ အခက်အခဲတွေ ရှိတယ်။ ဆိုလိုတာက အချိန်ကာလတစ်ခုအရ ဖြတ်မယ်၊ ပြုမယ် သဘောတရား မပေးတော့ဘူး၊ မကမ်းတော့ဘူး ဆိုလို့ရှိရင်လည်း သဘောတူညီချက်လေးပေါ့။ သုံးနှစ်အတွင်း၊ ငါးနှစ်အတွင်းတော့ ပြင်ဆင်မှုတစ်ခုလုပ်ပေးပါ။ အဲ့ဒီ လိုမျိုးအနေအထားနဲ့ အလှူရှင်တွေဘက်ကလည်း ကျနော်တို့ကို ချည်းကပ်သင့်တာပေါ့။ ဘာပဲပြောပြော ဒီအခက်အခဲက ကျနော်တို့ အခက်အခဲမဟုတ်ဘူး။ မြန်မာပြည်သားအားလုံးရဲ့ အခက်အခဲတွေချည်းပဲ။ ဆိုလိုတာက ဒီကိစ္စအတွက် ဒီမဲဆောက်မှာရှိတဲ့ မြန်မာပြည်သားတွေက အားလုံးပူးပေါင်းပါဝင်ဖို့ လိုတယ်။ အဲ့လို ပဲ နိုင်ငံတကာမှာရောက်နေတဲ့ တိုင်းရင်းသားတိုင်းကလည်း တာဝန်ရှိသလို ဒီအခက်အခဲကို ကူညီလုပ်ဆောင်သွားဖို့ လိုတယ်။ ဆက်လက်ပြီး ပူးပေါင်းလုပ်ဆောင်သွားဖို့ လိုပါမယ်။

Karen Information Center မှ လစဉ် ထုတ်ဝေဖြန့်ချီသည်။

# Children Development Center-CDC ကျောင်းအုပ်ဆရာကြီး မန်းရွှေနှင်းနှင့် တွေ့ဆုံမေးမြန်းခြင်း

ဘဏ္ဍာငွေလျော့သော်လည်း ဝေဒနာသည်နှင့် ကျောင်းသားဦးရေ မလျော့သည့် မယ်တော်ဆေးခန်း၏ လက်ရှိ ကျန်းမာရေး၊ ပညာရေး အခြေအနေနှင့် ပတ်သက်၍ ကရင်သတင်းဌာနမှ မယ်တော်ဆေးခန်း၏ ဦးဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ CDC ကျောင်းအုပ်ကြီး ဆရာမန်းရွှေနှင်းနှင့် တွေ့ဆုံမေးမြန်းထားချက် ဖြစ်သည်။



ကလေးလူငယ်ဖွံ့ဖြိုးရေးစင်တာမှ ကျောင်းအုပ်ဆရာကြီး မန်းရွှေနှင်း

***KIC*** – လက်ရှိ မယ်တော်ဆေးခန်းက ဘဏ္ဍာရေး အခက်အခဲရှိတယ် ကြားရတော့ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းတွေမှာ ဘယ်လို အခြေအနေတွေ ရှိနေပါသလဲ။

မန်းရွှေနှင်း – ကျနော်တို့အနေအထားက အားလုံးအတွက် အခက်အခဲရှိပါတယ်။ မယ်တော်ဆေးခန်းနဲ့ စီဒီစီပညာရေးလုပ်ငန်းကလည်း အတူတူပါပဲ။ စီဒီစီက မယ်တော်ဆေးခန်းရဲ့ အကိုင်းတစ်ခု အပါအဝင်ပါ။ တဖက်ကနေ ကြည့်ရင် ဆေးခန်းအနေနဲ့ ဒီမှာကျောင်းနေနိုင်မယ့် ကလေးတွေရဲ့ ဘော်ဒါဆောင် သုံးဆယ်ကျော်မှာ ကလေး ၃,၀၀၀ကျော်အတွက် ရိက္ခာခြောက်တွေ စီစဉ်ပေးတယ်။ ဆိုလိုတာက မယ်တော်ဆေးခန်းအနေနဲ့ အခုလိုမျိုး ဝင်ငွေပဲပြောပြော အကူအညီပဲပြောပြော နည်းပါးသွားတာတို့ လျော့သွားတဲ့အခါကျတော့ ကျန်းမာရေးကော၊ ပညာရေးကော ကလေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အားလုံး အခက်အခဲ ရှိပါတယ်။

***KIC*** – ပညာရေးအပိုင်းမှာ ဘယ်လိုမျိုး အခက်အခဲတွေ ရှိတာလဲ။

မန်းရွှေနှင်း – ကလေးတွေရဲ့ စားဝတ်နေရေးနဲ့ပတ်သက်ပြီး အရင်ကလို ပုံမှန်တိုင်း စားရသောက်ရတဲ့ အနေအထားတွေ ခက်ခဲလာတယ်။ အရင်ကဆို တစ်ယောက်ကို တစ်လမှာ ဆန် ၁၄ကီလိုလောက် စားရတယ်။ အခုနောက်ပိုင်း ၁၀ကီလိုပဲရတဲ့အတွက် မလောက်ဘူး ဖြစ်သွားတယ်။ တခြားဟင်းတို့၊ ရိက္ခာပစ္စည်းတွေအများကြီးလိုအပ်တာတွေရှိသေးတယ်။အဲ့ဒါတွေအတွက်လည်း ကလေးတွေအနေနဲ့ အရင်က သုံးနပ်စားရမယ့်နေရာမှာ အခုဆို နှစ်နပ်တောင်မှ အချိန်နဲ့ ကွက်တိကျွေးရတဲ့ အနေအထားမျိုးတွေ ဖြစ်လာတယ်။ ဆရာ၊ ဆရာမတွေဆိုရင်လည်း ကျနော်တို့ စီဒီစီကျောင်းမှာ အယောက် ၇၀ ကျော် ရှိတယ်။ သူတို့တွေရတဲ့ လစာထဲက ၂၀ရာခိုင်နှုန်း ဖြတ်တောက်ရတဲ့ အခြေအနေမျိုးဖြစ်လာတယ်။ အဲ့ဒါတွေအပြင် ကျနော်တို့ နေ့စဉ် ပုံမှန်သုံးနေတဲ့ သင်ကြားရေးအထောက်အကူ လိုအပ်ချက်တွေလည်းပဲ ရာခိုင်နှုန်းအားဖြင့် ကျနော်တို့လျော့ပြီး သုံးရတာတွေ ဖြစ်လာတယ်။

***KIC*** – ဒီလိုအခက်အခဲတွေကြောင့် ဘော်ဒါနေကျောင်းသူ၊သားတွေကိုကော လျော့ချလိုက်တာမျိုးရှိလား။

မန်းရွှေနှင်း – ကျနော်တို့ ဘော်ဒါနေ ကလေးတွေကို လျော့တာတော့ မရှိပါဘူး။ ကျောင်းကနေ နှုတ်ထွက်သွားတာမျိုး၊ အိမ်ပြန်သွားရတာ မျိုးတွေတော့ တစ်ယောက်မှမရှိသေးဘူး။ သူတို့ကို အခက်အခဲတွေအကြောင်း ရှင်းလင်းပြတယ်။ အဲ့အပေါ်မှာလည်း ကလေးတွေက အရင်ကထက် အပင်ပမ်းခံလာကြတယ်။ ဟင်းသီးဟင်းရွက်တွေ သူတို့ဘာသာ သူတို့ ရှာစားလာတယ်။ မှိုစိုက်တာတွေ၊ စပါးစိုက်တာတွေ ပိုပြီးတော့ လုပ်လာကြတယ်။ ရေရှည်မှာလည်း ရန်ပုံငွေရနိုင်တဲ့နည်းလမ်း၊ စားရေးသောက်ရေး အဆင်ပြေတဲ့ နည်းလမ်းတွေကို ဝိုင်းရှာလာကြတယ်။

***KIC*** – မယ်တော်ဆေးခန်းအကူအညီပေးနေတဲ့ ဘော်ဒါကျောင်းသူကျောင်းသားပေါင်း ဘယ်လောက်ရှိပါသလဲ။

မန်းရွှေနှင်း – စီဒီစီအနေနဲ့ကတော့ သုံးရာရှိတယ်။ မယ်တော်ကနေ တာဝန်ယူထားပြီး ရိက္ခာအစီအစဉ်မှာ တာဝန်ယူထားတဲ့ ဘော်ဒါကတော့ ၃၀ကျော်ရှိတယ်။ ကလေးအားလုံးပေါင်း ၃,၀၀၀ ရှိတယ်။ အဲ့ဒီအတွက် တစ်လပြီးတော့ တစ်လ လည်ပတ်ဖို့အတွက် ရှာနေရတဲ့၊ အလှူခံနေရတဲ့ အနေအထားတွေနဲ့ပဲ သွားနေရတာပေ့ါနော်။

***KIC*** – ဆရာ၊ဆရာမတွေကို လစာတွေ ၂၀ရာခိုင်နှုန်းလျော့ချတယ်ဆိုတော့ အရင်ကကော ဘယ်လောက်ရကြပါသလဲ။

မန်းရွှေနှင်း – ရတဲ့အခြေခံလစာဆိုတာကလည်း ပြောရခက်ပါတယ်။ ကျနော်တို့က အခြေခံလစာအပြင် နေရေးထိုင်ရေးအတွက် အိမ်လခတို့ မှိုရိုသူစရိတ်တို့ ပေါင်းပေးတာတော့ ရှိတယ်။ အားလုံးပေါင်းကြည့်မယ်ဆိုရင်တော့ လူပျိုလူလွတ်တစ်ယောက်အတွက်ကတော့ သုံးထောင်ဝန်းကျင်လောက် ရပါတယ်။ အခုလို ၂၀ရာခိုင်နှုန်းဖြတ်တောက်ခံလိုက်ရတဲ့အတွက် နည်းသွားကြတယ်။ တခြားကျောင်းတွေ ထက်စာရင်လည်း နည်းသွားကြပါတယ်။ တချို့ကျောင်းတွေဆိုရင်လည်း ကျနော်တို့ လည်ပတ်မှုအရ အကူအညီရတဲ့နေရာ မတူညီဘူး။ မတူတဲ့အပေါ်မှာ တချို့ကျောင်းတွေက နှစ်လ၊သုံးလ အခုထိ လစာမရသေးတာတွေ ရှိတယ်။ စီဒီစီက ပုံမှန်တော့ ရနေတယ်။ ဒါပေမယ့် ၂၀ ရာခိုင်နှုန်းတော့ ကျနော်တို့ ဖြတ်ပေးရတယ်။

***KIC***–ဘတ်ဂျတ်လျော့ချလာပေမယ့်လို့ လူနာလျော့မလာတဲ့အတွက် အရေးပေါ်လူနာပဲဖြစ်ဖြစ်၊ အကုန်အကျများမယ့် လူနာပဲဖြစ်ဖြစ် လက်ရှိအချိန်မှာ ကျန်းမာရေးအပိုင်းမှာကော ဘယ်လို စီစဉ်လုပ်ဆောင်ပေးနေပါသလဲ။

မန်းရွှေနှင်း – လတ်တလော ကျန်းမာရေးဌာနတွေနဲ့ပတ်သက်ပြီး တကယ်လည်း လိုအပ်တယ်။ လူနာတွေလည်း လိုအပ်တဲ့ဌာနတွေကိုတော့ ဘာမှရွှေ့ပြောင်းတာတို့ ဖြုတ်တာတို့ ဘာမှမလုပ်ရသေးပါဘူး။ လုပ်ငန်းတစ်ချို့ကိုတော့ အနေအထားတစ်ခုအရ လျော့လိုက်တာ တွေရှိတယ်။ ဘတ်ဂျက်အခြေအနေအရ ဆိုပါတော့။ အရင်ကဆိုရင် မျက်စိခွဲလူနာတွေလာရင် လူနာတွေအတွက် စားရေးသောက်ရေး ကိစ္စတွေ စီစဉ်ပေးတယ်။ လူနာစောင့်တွေအတွက်လည်း စားရေးသောက်ရေး စီစဉ်ပေးတယ်။ အဲ့လူနာစောင့်တွေရဲ့ စားရေးသောက်ရေး ကိစ္စတွေလည်းပဲ ကျနော်တို့ စည်းစနစ်ကျအောင်ပြန်ပြီတော့ ကိုင်တွယ်လာမယ်။ တဖက်ကလည်း မဲဆောက်ဆေးသုံကိုပို့မယ့် လူနာတွေနဲ့ပတ်သက်ပြီးလို့လည်း ကျနော်တို့က ရောဂါအခြေအနေပေါ် ကြည့်ပြီးတော့ ဒါကတော့ ဒီမှာကုလို့ရတဲ့ဟာဆိုရင် ဒီမှာပဲကုလိုက်ပြီးတော့ ပို့ဖို့လိုအပ်တဲ့ တကယ့်တကယ်မပို့မဖြစ်လို့ လိုအပ်တဲ့လူနာတွေကိုတော့ ကျနော်တို့ ပို့မယ်။ တဖြည်းဖြည်းနဲ့ ပြန်စိစစ်ပြီး ဘတ်ဂျတ်ကို တတ်နိုင်သမျှ ထိန်းချုပ်နိုင်အောင်လို့ အစီအစဉ်တစ်ခု ပြန်လျော့လိုက်တာပဲ ရှိပါတယ်။ လုံးဝဖြုတ်လိုက်တာ မရှိသေးပါဘူး။

အရေးပေါ်လူနာနဲ့ပတ်သက်ပြီးတော့ ခုနက ကျနော်တို့ပြောသလိုပဲ တချို့လူနာရဲ့ ပံ့ပိုးမှုလည်းလိုတယ်။ လူနာဘက်က ကုန်ကျစရိတ်တွေ တဖက်ကလည်း မယ်တော်ဆေးခန်းထဲက တိုက်သိုက် အကူအညီပေးရတာမျိုးတွေလည်းရှိသလိုတချို့ဒီလူနာနဲ့ဆက်စပ်ပြီးတော့တိုက်သိုက်အကူအညီပေးနေတဲ့ ပုဂ္ဂိုလ်ရေးအရ ကူညီပေးတာတွေလည်း ရှိပါတယ်။ အဲ့လူတွေကိုလည်း ကျနော်တို့က ထပ်ပြီးတော့ ချဉ်းကပ်ပြီး မဖြစ်မနေပို့ရမယ့် လူနာတွေအတွက် အကူအညီတောင်းသွားမှာပါ။

***KIC*** – မကြာသေးမီ ရက်ပိုင်းအတွင်းက မဲဆောက်မြို့တော်ဝန်နဲ့ ဒေါက်တာစင်သီယာမောင်တို့ တွေ့ခဲ့တယ်လို့ သိရတယ်လေ။ အဲဒီတုန်းကကော အခုအခက်အခဲတွေနဲ့ ပတ်သက်ပြီး ဘာတွေ ဆွေးနွေးဖြစ်ခဲ့ကြသလဲ ပေ့ါ။

မန်းရွှေနှင်း – ကျနော်တို့ မြို့တော်ဝန်ဆီသွားတဲ့ကိစ္စကလည်း လက်ရှိ ဒီမှာရှိတဲ့ အခက်အခဲတစ်ချို့ထဲက တစိတ်တပိုင်းလောက်ပဲ ကျနော်တို့ ပြောဖြစ်တယ်။ အတွင်းထဲက အကူအညီတွေ ပြတ်တောက်ခံရတာတွေကို မပြောဘူး။ မြို့တော်ဝန်ကတော့ ကျနော်တို့ကို ဘယ်လောက်ကြာကြာ ထပ်နေဖို့ ပြုဖို့ရှိလဲ မေးတာပေ့ါနော်။ ကျနော်တို့ဘက်ကတော့ ဒါက ပြောရခက်တယ်။ ပြည်တွင်းအခြေအနေကလည်း လက်ရှိအချိန်ထိ တည်ငြိမ်မှုဆိုတာ ကျနော်တို့ မမြင်ရသေးဘူး။ အဲ့လိုမျိုးတွေအပေါ်မှာ ကျနော်တို့က ဆက်ရှိနေဦးမယ်လို့ ပြောဖြစ်ပါတယ်။ ပထမအနေနဲ့ ကျနော်တို့က ဒီမဲဆောက်မှာရှိတဲ့ အခက်အခဲတချို့ကို ရှင်းပြတယ်။ နောက်ပြီးတော့ မယ်တော်ဆေးခန်းတို့၊ ကျောင်းတို့ လည်ပတ်နေတဲ့အနေအထားတွေ ရှေ့ဆက် ကျနော်တို့ လက်တွဲနိုင်တဲ့ အနေအထားတွေ ဆွေးနွေးဖြစ်ပါတယ်။ ဆွေးနွေးဖြစ်တဲ့အခါကျတော့ မြူနီစီပယ် (စည်ပင်)နာယကကြီး ကိုယ်တိုင်ကလည်း ကျနော်တို့ကို ကြိုဆိုပါတယ်။ ကျနော်တို့နဲ့ အတူတကွ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးတွေ ပူးပေါင်းလုပ်ဆောင်ကြမယ်လို့ ပြောဖြစ်ပါတယ်။ တဖက်ကလည်း ကျနော်တို့ဘက်က အခက်အခဲမျိုးစုံ ရှိတာပေ့ါ။ အဲ့ကာလတုန်းက ကျနော်တို့သွားတာက အဓိကက ကျနော်တို့ တစ်လတစ်လမှာ မယ်တော်ဆေးခန်းက လူနာတွေထဲကနေ သေတာတွေ ၂၀လောက်ရှိတယ်။ သေသွားတဲ့လူတွေအတွက် သင်္ဂြိုလ်ဖို့ နေရာတွေ၊ အခက်အခဲတွေတချို့ သွားရှင်းပြတယ်။ သွားရှင်းပြရင်းနဲ့ပဲ တဖက်ကလည်း သင်္ဂြိုလ်ဖို့အနေအထားတွေကိုလည်း သူတို့အနေနဲ့ ဝိုင်းပြီးတော့ စီစဉ်ပေးမယ်၊ ကူညီပေးမယ်ဆိုတဲ့ အနေအထားမျိုးလောက်ပဲ ကျနော်တို့ ဆွေးနွေးဖြစ်ခဲ့တယ်။ ကျနော်တို့ဘက်ကလည်း လက်ရှိငွေရေးကြေးရေးအခက်အခဲဖြစ်နေတယ်ဆိုတာထက် လတ်တလော ကျနော်တို့ကြုံရတဲ့ အနေအထားတွေလောက်ပဲ ပြောဖြစ်တယ်။

***KIC*** – ဒါဆိုမယ်တော်ဆေးခန်းက ပညာရေးကော၊ ကျန်းမာရေးမှာ ထိုင်းပညာရေး၊ ကျန်းမာရေးဌာနတွေနဲ့ ဘယ်လို ပူးပေါင်းလုပ်ဆောင်နေတာတွေရှိပါသလဲ။

မန်းရွှေနှင်း – မယ်တော်ဆေးခန်းအနေနဲ့ကတော့ ကျနော်တို့ ဒီမဲဆောက်ဆေးသုံနဲ့ဆက်သွယ်လုပ်ဆောင်တာ၊လူနာပြောင်းလဲပို့တာတွေကို မဲဆောက်ဆေးသုံနဲ့အတူ ကျန်းမာရေးအတွက် ပူးပေါင်းလုပ်ဆောင်တာတွေ ပုံမှန် သွားနေတယ်။ ပညာရေးနဲ့ပတ်သက်ပြီးတော့ ဒီမှာရှိတဲ့ တာ့ခ်ခသိုင်ပညာရေးဝန်ကြီးဌာနနဲ့ ပုံမှန် အချိတ်အဆက်တွေရှိတယ်။ ဆရာဆရာမတွေ အရေးနဲ့ပတ်သက်ရင်လည်း ထိုင်းပညာရေး ဌာနနဲ့ အမြဲတမ်း ဆက်စပ်ပူးပေါင်း လုပ်ဆောင်ရတာတွေ ရှိတယ်။

***KIC*** – ဟုတ်ကဲ့။ ပြီးခဲ့တဲ့လက အစိုးရငြိမ်းချမ်းရေးကိုယ်စားလှယ် ဦးအောင်မင်းနဲ့ ဒေါက်တာစင်သီယာမောင်တို့ တွေ့ဆုံတုန်းက မယ်တော်ဆေးခန်းကို ဘယ်လိုမျိုးပြောသွားတာ ရှိပါသေးလဲ။

မန်းရွှေနှင်း – သူတို့ကတော့ ကျနော်တို့လက်ရှိလုပ်နေတဲ့ လုပ်ငန်းတွေဟာ အစိုးရက တာဝန်ရှိတဲ့လုပ်ငန်းတွေဖြစ်တယ်။ ကျနော်တို့ လုပ်ဆောင်ပေးတဲ့အတွက် သမ္မတကြီးကိုယ်စား ကျေးဇူးတင်တယ်လို့ ပြောတာပေ့ါနော်။ တဖက်ကလည်း လက်ရှိ ကျနော်တို့ အခက်အခဲတချို့ ရှိနေတာလောက်ပဲ ပြောဖြစ်ပါတယ်။ ကျနော်တို့အပေါ် အလှူရှင်တွေက ကူညီနေတာတွေ လျော့ချလိုက်ပြီတို့၊ လက်ရှိမှာ ငွေကြေး အခက်အခဲ ဘယ်လိုရှိနေတယ် ဆိုတာတွေကိုတော့ ကျနော်တို့ဘက်က မပြောဖြစ်ပါဘူး။ တိုက်တိုက်ဆိုင်ဆိုင်ပဲ သူတို့ကလည်းအလှူငွေပေးတယ်။ကျနော်တို့ဆီမှာလည်းဘော်ဒါဆောင်ကျောင်းသူ၊ သားတွေအတွက် စားဝတ်နေရေး အခက်အခဲကြုံနေတော့ အဲ့ပြဿနာတွေကို ဖြေရှင်းလိုက်ရတယ်။ မီဒီယာတွေကိုတော့ ဝန်ကြီးဦးအောင်မင်းတို့က ပြောတာပေ့ါ။ ကျနော်တို့ကို လာပြန်ခေါ်ဖို့ ဘာဖို့တို့လေ။ ဒါပေမယ့် ကျနော်တို့ ဘက်ကတော့ အဲ့လောက် အဆင့်ထိကို မဆွေးနွေးဖြစ်ကြပါဘူး။

စာမျက်နှာ (၇)သို့ →



photo-KIC

နော်မုဒါး – ၂၁ နှစ်
ပညာအရည်အချင်း – ဆယ်တန်းလွန်ကျောင်း (Post Ten)
ဝါသနာ – လူထုအခြေပြုလုပ်ငန်း

ကျမနာမည် နော်မုဒါးပါ။ မောင်နှမ ၇ယောက်ရှိတဲ့အထဲမှာ ကျမက ၃ယောက်မြောက် သမီးဖြစ်ပါတယ်။ ၁၉၉၁ခုနှစ်မှာ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်မှာ ကျမ မွေးဖွားခဲ့ပါတယ်။ လက်ရှိ ထိုင်း–ကရင်နီ(ကယား) ပြည်နယ် နယ်စပ် လယ်တောရွာမှာ နေပါတယ်။ မိဘနှစ်ပါးစလုံးဟာ လယ်တောမှာပဲနေကြပြီး တောင်ယာလုပ်ငန်းနဲ့ပဲ လုပ်ကိုင်အသက်မွေး ဝမ်းပြုကြပါတယ်။ ကျမ လယ်တောရွာက အလယ်တန်း(ယခု အထက်တန်း)ကျောင်းမှာ ၈တန်းအထိ ကျောင်းနေပါတယ်။ အဲဒီကနေတဆင့် ၂၀၀၇ခုနှစ်မှာ မိဘရင်ခွင်ထဲကနေ ထွက်ခွာပြီး ထိုင်းနိုင်ငံနယ်စပ်၊ မယ်လအူးဒုက္ခသည်စခန်းမှာရှိတဲ့ အမှတ်(၂) အထက်ကျောင်းမှာ ၉တန်းကနေ ၁၀တန်းအောင်တဲ့အထိ ကျောင်းဆက်တက်ခဲ့ပါတယ်။ တကယ်ဆိုရင် လယ်တောမှာပဲ ဆယ်တန်းရောက်တဲ့အထိ ကျောင်းနေဖို့ပဲ။ ဒါပေမယ့် ကျောင်းက အလယ်တန်းအဆင့်ပဲဆိုတော့ ဆက်တက်ဖို့က မဖြစ်နိုင်တော့လို့ မယ်လအူးစခန်းကို ကျောင်းလာတက်ခဲ့ရတာ ဖြစ်ပါတယ်။ ဒုက္ခသည်စခန်းမှာ ကျောင်းတက်ရတာ ပြည်တွင်းမှာလို မဟုတ်ဘဲ ပညာရေးအဆင့် ပိုကောင်းသလို ကျောင်းနေစရိတ်ပါ မပေးရတဲ့အတွက် ကျမအဖို့ ပိုပြီး အဆင်ပြေခဲ့ပါတယ်။

ကျမငယ်ငယ်တုန်းက ဆေးဆရာမဖြစ်ချင်ခဲ့ပေမယ့် ဆယ်တန်းအောင်ပြီး ကရင်အမျိုးသမီးအစည်းအသုံး-KWO က ဖွင့်တဲ့ ကရင်အမျိုးသမီးလူငယ်ခေါင်းဆောင်သင်တန်းကျောင်း(Posten)ကို တနှစ်တက်ပြီးတဲ့နောက် လူမှုအသိုင်းအဝိုင်းထဲမှာ အလုပ်လုပ်ချင်စိတ် ရှိလာတယ်။ အခု ကျမ ဒီKWO မှာ အလုပ်လုပ်တယ်။ တနှစ်လောက်ရှိပြီ။ အလုပ်လုပ်ရတာ ပျော်ပါတယ်။ ဒီလို အဖွဲ့ထဲမှာ သုံးအလုပ် ဖြစ်ဖြစ်၊ မှတ်တမ်းလိုက်တာပဲဖြစ်ဖြစ်၊ နောက် လူ့အခွင့်အရေးနဲ့ ပတ်သက်တာတွေ သင်တန်းတက်ပြီး ပြန်ဝေမျှပေးတာဖြစ်ဖြစ် လုပ်ရတာ ကို စိတ်အားထက်သန်လာပါတယ်။

နောက်ဆုံး ကျမပြောတာကတော့ ကရင်လူငယ်တွေဟာ ပညာကို တတ်စွမ်းသမျှ ကြိုးစားသင်ယူပြီး ကိုယ့်ကရင်လူထုအတွက် အကျိုးမပြုနိုင်ရင်တောင်မှ အနည်းဆုံး သူတို့ရဲ့ မိသားစုတွေကို အကျိုးပြန်ပြုနိုင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းပြောချင်တယ်။ ကျမကလည်း လူမှုအသိုင်းအဝိုင်းထဲမှာ အလုပ်လုပ်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမယ်လို့ဆန္ဒပြုပါတယ်။



Karen Information Center မှ လစဉ် ထုတ်ဝေဖြန့်ချီသည်။

## လူပွဲစားဖြင့် မလေးရှားနိုင်ငံသွားသည့် လီဆူအမျိုးသမီး(၂)ဦး ပျောက်ဆုံးနေ



လမ်းခရီးတွင် ပျောက်ဆုံးသွားသွားသော လီဆူးမောင်နှမ နှစ်ယောက်

**ဇူလိုင်လ ၃ရက်။ ၂၀၁၂ခုနှစ်။**
**နော်ဆဲကလယ် (ကေအိုင်စီ)**

လူပွဲစားများ၏ ဆက်သွယ်ပေးမှုဖြင့် ကရင်ပြည်နယ်၊ မြဝတီမြို့မှတဆင့် မလေးရှားနိုင်ငံသို့ တောလမ်းဖြင့်သွားသည့် အသက် ၂၈နှစ်အရွယ် အာချီနှင့် အသက် ၂၁အရွယ် အာချာဆိုသူ လီဆူတိုင်းရင်းသူ ညီအစ်မနှစ်ဦး ပျောက်ဆုံးနေသည်ဟု သိရသည်။

ယခုနှစ်၊ ဧပြီလ ၁၉ရက်နေ့၌ မမွန်ဆိုသူ ပွဲစားနှင့်ချိတ်ဆက်၍ လူတစ်ဦးလျှင် ထိုင်းဘတ်ငွေ ၂၄,၅၀၀ (နှစ်သောင်းလေးထောင်ငါးရာ)ဖြင့် မလေးရှားနိုင်ငံသို့ အလုပ်သွားလုပ်မည့် လူ ၂၄ဦးကို ရန်ကုန်မှ မြဝတီသို့ ပို့ဆောင်ခဲ့ပြီး ထိုမှတဆင့် ခရီးဆက်ခဲ့ရာ တောလမ်းတနေရာတွင် အဆိုပါညီအစ်မနှစ်ဦး ပျောက်ဆုံးရာမှ ယနေ့အထိ ဆက်သွယ်မရခဲ့ခြင်း ဖြစ်သည်ဟု အတူပါသွားခဲ့သူ ကိုအာဖူက ပြောသည်။

"ပွဲစား မမွန်က သူ့လူတွေနဲ့ မလေးရှားအရောက်ပို့ ပေးမယ်လို့ ပြောပါတယ်။ မြဝတီကနေ ၂၈ရက်နေ့မှာ ကျနော်တို့ကို လူစုခွဲပြီး ကားနဲ့ ပို့ကြတယ်။ နောက် မလေးကို တောလမ်းနဲ့ ခရီးဆက်တယ်။ တောလမ်းမှာ ချောင်းကူးဖို့ လူစုခွဲရတဲ့အခါမှာ အာချာကို မတွေ့ရတော့ဘူး။ မလေးမှာက သူတို့ညီအစ်မနဲ့ ကျနော်တို့ကို လာကြိုမယ့် အသိတွေရှိတယ်။"ဟု သူက ပြောသည်။

၎င်းင်းတို့အား ထိုသို့ ခေါ်ဆောင်သွားသော ပွဲစားအမျိုးသားမှ ၁တောထဲ တနေရာအရောက်ပျောက်သွားသဖြင့် ကိုအာဖူ အပါအဝင် ၉ဦးမှာ တစ်ရက်နှင့်တစ်ည ရေမသောက်၊အစာမစားရဘဲနေခဲ့ရသည်ဟု သိရသည်။

ဆက်လက်၍ "မေ ၁ရက်နေ့ မနက်မှာ ကုလားအမျိုးသားတစ်ဦး ရောက်လာပြီး ကျနော်တို့ကို လာပြန်ခေါ်ပါတယ်။ (ထိုင်းနိုင်ငံ) မဲဆောက်ကို ပြန်ပို့ပေးတယ်။ မင်းတို့ကို လိုက်ပို့ပေးတဲ့ လူထွက်ပြေးသွားပြီးလို့ ပြောတယ်။ ဒီလိုနဲ့ ကျနော်တို့ မြဝတီကနေတဆင့် ရန်ကုန်ပြန်ခဲ့ကြတာပါ။ မပြန်ခင် မေ ၂ရက်၊ ၃ရက်တွေမှာ ပွဲစား မမွန်ဆီသွားတော့ အိမ်တံခါးလည်း ပိတ်ထားပါတယ်။ သူ့ဆီ ဖုန်းဆက်တော့ နောက်နေ့ အာချီနဲ့ အာချာ ညီအမကို သွားခေါ်ပေးမယ် ပြောတယ်။ နောက်တော့ သေပြီးငါသွားရှာမယ်လို့ပြောပြီး သူ့ဖုန်းက ဆက်မရတော့ပါဘူး။"ဟု ကိုအာဖူက ပြောသည်။

ယင်းကိစ္စကို ကူညီဆောင်ရွက်ပေးနေသော စောတင့်နိုင်မှ မဲဆောက်မြို့ရဲစခန်းနှင့်ဆေးသုံးများသို့ သွားရောက်စုံစမ်းပြီး ထိုင်း–မြန်မာနယ်စပ်ရှိ ရွှေ့ပြောင်း မြန်မာအလုပ်သမားများကိစ္စ ကူညီဆောင်ရွက်ပေးသည့် BLC၊ ရောင်ခြည်ဦးအလုပ်သမားအဖွဲ့များသို့လည်း အကူအညီတောင်းခံထားကြောင်း သိရသည်။

ကိုအာဖူက "မလေးမှာရှိတဲ့ လူတွေကို ဆက်သွယ်တော့လည်း သူတို့ညီအစ်မ မရောက်လာသေးဘူး ပြောတယ်။ မဲဆောက်မှာတော့ အမှုဖွင့်ထားပြီးပါပြီ။ ဇူလိုင်လ ၅ ရက်နေ့မှာ မြဝတီမှာရှိတဲ့ လူကုန်ကူး တိုက်ဖျက်ရေးအဖွဲ့နဲ့သွားတွေ့ပြီးတိုင်ချက်ဖွင့်ပါမယ်။ ပွဲစားမမွန်နဲ့ လမ်းမှာပို့ပေးတဲ့ ကုလားအမျိုးသား တွေကိုလည်း လိုက်ရှာပြီး တွေ့မယ်လို့ စီစဉ်ထားပါတယ်"ဟု ကေအိုင်စီသို့ ပြောသည်။

အာချီနှင့် အာချာသည် ကချင်ပြည်နယ်၊ ပူတာအိုမြို့မှနေ၍ ရန်ကုန်မြို့သို့ ရောက်လာကာ လူပွဲစားများ၏ ချိတ်ဆက်ပေးမှုဖြင့် မြဝတီသို့ လာရောက်ကြခြင်းဖြစ်သည်။

လူကုန်ကူးမှုတိုက်ဖျက်ရာတွင် မြန်မာအစိုးရ၏ ကြိုးပမ်းမှုကို ယခင်စောင့်ကြည့်အဆင့် ၃မှ အဆင့် ၂သို့ အမေရိကန်အစိုးရမှ တိုးမြှင့်အသိအမှတ်ပြုလိုက်ကြောင်း လူကုန်ကူးမှုဆိုင်ရာ နှစ်လည်အစီရင်ခံစာကို ကိုးကား၍ မြန်မာပြည်တွင်းထုတ် THE VOICE ဂျာနယ်တွင် ဇွန်လက ဖော်ပြထားသည်။

## ဘုရားသုံးဆူရှိ အိမ်ခြေ ၁၀၀ ဝန်းကျင် ပြောင်းရွှေ့ခိုင်းခံရ

**ဇူလိုင် ၉ရက်။ ၂၀၁၂ခုနှစ်**
**နန်းယဉ် (ကေအိုင်စီ)**

ကရင်ပြည်နယ်၊ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ပေါ်ရှိ ရပ်ကွက်(၂)နှင့် ရပ်ကွက်(၃)ရှိ အိမ်ခြေ ၁၀၀ ဝန်းကျင်ခန့်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ညွှန်ကြားချက်ဖြင့် ပြောင်းရွှေ့ခိုင်းနေသည်ဟု ဘုရားသုံးဆူမြို့ခံများက ပြောသည်။

ဇွန်လဆန်းပိုင်းမှစ၍ ထိုမြေနေရာရှိအိမ်များ ပြောင်းရွှေ့ပေးရမည်ဟု ညွှန်ကြားခံထားရပြီး နိုဝင်ဘာလ ၁ရက်နေ့တွင် အပြီးသတ် ပြောင်းရွှေ့ရမည် ဖြစ်သကဲ့သို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးသုံးတွင်ပြောင်းရွှေ့မည်ဆိုသည့်ဝန်ခံကတိလက်မှတ် ထိုးပေးရသည်ဟု အိမ်ပြောင်းခံရသည့် မြို့ခံအမျိုးသမီးတဦးက ပြောသည်။

"အုပ်ချုပ်ရေးမှူးသုံးမှာလက်မှတ်ထိုးခိုင်းတယ်။ ၃လအတွင်း ပြောင်းခိုင်းတာ။ ဒီမြေတွေကို မဝယ်ထားရပေမယ့် ၂၀၀၅ခုနှစ်ကတည်းက နေလာတာ ချက်ချင်းကြီး ပြောင်းခိုင်းတော့ အားလုံးအခက်တွေ့နေကြတယ်။ ပြောင်းဖို့ နေရာချပေးမယ်ပြောလည်း အဲဒီမြေတွေပြန်ဝယ်ရမယ်။ ကျမတို့က တနေ့လုပ်တနေ့စားတွေပါ မြေဝယ်ဖို့က ဘယ်လိုတတ်နိုင်မှာလဲ။"ဟု ပြောဆိုသည်။

ယင်းမြေနေရာသည် တပ်မြေဖြစ်ပြီး နေထိုင်သူတို့ကလည်း နေခွင့်တောင်းခံထားပြီးမှ နေထိုင်ခဲ့ကြခြင်းဖြစ်ကြောင်း ဘုရားသုံးဆူမြို့၊ ရပ်ကွက်(၃)အုပ်ချုပ်ရေးမှူး ဦးအေးကိုက ပြောသည်။

ဦးအေးကိုက "နဂိုကတည်းက သူတို့ တောင်းပြီး နေနေတာလေ။ ပိုက်ဆံလည်း မပေးထိဘူး။ သူတို့နေရာလည်း မဟုတ်တော့။ ပြီးတော့ တပ်မြေလည်း ဖြစ်နေတာကြောင့် ပြောင်းခိုင်းတာပါ။ သူတို့ ပြောင်းဖို့နေရာတွေ သတ်မှတ်ပေးမယ်။ ဒါပေမယ့် အတိအကျတော့ မသိသေးဘူး။"ဟု သူက ဆိုသည်။

ပြောင်းရွှေ့မည့်ကိစ္စကို ရပ်ကွက် အုပ်ချုပ်ရေးမှူးအဖွဲ့က ပြန်လည်နေရာချပေးမည်ဟု ဆိုသော်လည်း အိမ်မြေ တစ်ကွက်စာအတွက် ဘတ်တစ်သောင်း၊ နှစ်သောင်း၊ သုံးသောင်းထိ သတ်မှတ်ပြီး မဲနှိုက်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်ဟု ဘုရားသုံးဆူမြို့ခံများမှ သိရသည်။

ထို့အပြင် ယခုအိမ်ပြောင်းရွှေ့ရမည့်ကိစ္စအား ပြောင်းရွှေ့ခံရသူတို့က ရပ်ကွက်အုပ်ချုပ်ရေးမှူး အဖွဲ့ထံ အသနားခံ တောင်းပန်သော်လည်း အထက်က အမိန့်ဟုဆိုကြောင်းနှင့် မပြောင်းပါက ထောင်ဒဏ်ကျခံရသည်ထိ ပြုလုပ်နိုင်သည်ဆိုပြီး ခြိမ်းခြောက်ကာ လက်မှတ်ရေးထိုးခိုင်းကြောင်း မြို့ခံများက ပြောသည်။

အိမ်ပြောင်းရွှေ့ခိုင်းသည်ကို ဘုရားသုံးဆူမြို့ရှိ တပ်ရင်းမှူး၏ ညွှန်ကြားချက်မှတဆင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့တို့ကစီစဉ်ဆောင်ရွက်နေပြီး ပြောင်းရွှေ့ရသူများအတွက် မြေနေရာကို ဘုရားသုံးဆူမြို့ရှိ ထားဝယ်စုရပ်ကွက် အနီးရှိ တောင်အတက်အဆင်း နေရာတွင် သတ်မှတ်ထားကြောင်း သိရသည်။

## ဇွန်လအတွင်း အစိုးရ၏ ဖမ်းဆီးခံရသူ ပိုများလာဟု AAPP ပြော

**ဇူလိုင်လ ၁၁ရက်။ ၂၀၁၂ခုနှစ်**
**စောခါးစူးညား (ကေအိုင်စီ)**

မြန်မာနိုင်ငံတွင် မြန်မာအစိုးရ၏ အဖမ်းခံရသူ ပိုမိုများပြားလာပြီး ယခင်လဇွန်လအတွင်း၌ ၂၁ဦးရှိ ကြောင်း ထိုင်း–မြန်မာနယ်စပ်အခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း–မြန်မာနိုင်ငံ (AAPP)က ပြောသည်။

AAPP၏ တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်က "၂၀၁၂ခုနှစ် အတွင်း ဖမ်းဆီးခံရသူတွေရဲ့ စာရင်းကို လစဉ်ထုတ်ပြန်ရာမှာ ဇွန်လမှာတော့ ဦးရေပိုများတယ်။ အရင်လဆိုရင် ၂၀ အောက်ပဲရှိတယ်။ နိုင်ငံရေးသမား အတော်များများကအဖမ်းအဆီးကိုအာသုံသိပ်မစိုက်တော့ဘဲ ဦးသိန်းစိန် ကောင်းကြောင်းကိုပဲချီးမွမ်းနေလို့သာအဖမ်းခံရတဲ့ကိစ္စကိုမေ့လျော့သွားတာလို့ မြင်တယ်။"ဟု ပြောသည်။

ဖမ်းဆီးခံထားရသူများထဲတွင် ရခိုင်ပြည်နယ်ရှိ ရခိုင်အမျိုးသားများတိုးတက်ရေးပါတီ-RNDPမှ အဖွဲ့ဝင် ၄ဦး အပါအဝင် အရပ်သား ၁၀ဦးနှင့် သံဃာ ၁ပါးပါဝင်ပြီး ချင်းပြည်နယ်တွင် ၆ဦးပါဝင်သည်ဟု ဇူလိုင်လ ၉ရက်နေ့ထုတ် AAPP၏ ထုတ်ပြန်ချက်စာရင်းတွင် ဖော်ပြထားသည်။

ရခိုင်ပြည်နယ်အတွင်း အဖမ်းခံရသူများသည် အများအားဖြင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် ပြဿနာများကို လိုက်လံဆောင်ရွက် သူများဖြစ်သော်လည်းအစိုးရဘက်ကသလုန်းရင်းဆန်ခတ်ဖြစ်လာအောင် သွေးထိုးလှုပ်ဆော်မှုဖြင့် စွပ်စွဲကာ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု AAPPက ဆိုသည်။

"အစိုးရဟာ ဖမ်းထားသူ တွေကို အခုထိ ပြန်မလွှတ်သေးတာ ဟာ မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးမှု မရှိသေးတာကို ပြတာပဲ။ အခု အဖမ်းခံရတဲ့သူတွေဟာ တကယ်ဆိုရင် ၂၄နာရီထက်ပိုပြီး ချုပ်နှောင်ထားလို့ မရဘူး။"ဟု ကိုဘိုကြည်က ထောက် ပြပြောဆိုသည်။

လက်ရှိ ဖမ်းဆီးခံထားရသူများထဲတွင် နှစ်ဦးသာပြန်လည်လွှတ်မြောက်လာသည်ဟုလည်း AAPP၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ထို့အပြင် ၎င်းင်းတို့လက်လှမ်းမမီနိုင်သော အခြားတိုင်းရင်းသား ဒေသဖြစ်သည့် ကချင်ပြည်နယ်ဘက်တွင် လှုပ်ရှားနေသော မြန်မာအစိုးရတပ်များသည် ဒေသခံများအား ဖမ်းဆီးမှုနှင့် ညှဉ်းပမ်းနှိပ်စက်မှုများဆက်လက် လုပ်ဆောင်လျှက်ရှိသည်ဟု ကိုဘိုကြည်က ပြောသည်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများအပေါ် အစိုးရ၏ အပြစ်မဲ့ စွပ်စွဲဖမ်းဆီးမှုနှင့် မတရားစီရင်ချက်ချမှုများကို လစဉ်ထုတ်ပြန်သွားမည်ဟု AAPPက ဆိုသည်

## လူထုအခြေပြုအဖွဲ့အစည်းတွင် လူထုများ ပါဝင်ရန်လိုအပ်ဟု KCSN ပြော



**ဇူလိုင်လ ၄ရက်။ ၂၀၁၂ခုနှစ်**
**နန်းယဉ် (ကေအိုင်စီ)**

ကရင်နီ(ကယား)ပြည်နယ်ရှိ ပြည်တွင်း၊ပြည်ပ ကရင်နီလူထုအခြေပြုအဖွဲ့အစည်း CBOs အဖွဲ့များတွင် ပြည်သူလူထုများပါ ပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ထိုင်း–မြန်မာနယ်စပ်အခြေစိုက် CBOsအဖွဲ့တခုဖြစ်သည့် ကရင်နီ လူမှုအသင်းအဖွဲ့ဆက်စပ်ဆောင်ရွက်ရေးကွန်ယက် (KCSN) က ယနေ့ ပြောသည်။

ကရင်နီပြည်နယ်တွင် လူထုအတွက် အလုပ်လုပ်ပေးနေသည့် ပြည်ပCBOsအဖွဲ့ ၅ခုနှင့် ပြည်တွင်း CBOsအဖွဲ့ ၉ခုရှိပြီး အစိုးရနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်နေစဉ် ကာလအတွင်း ပြည်သူလူထုအတွက် ပိုမိုထိရောက်သည့် လုပ်ဆောင်မှုများ လုပ်ဆောင်ရန် ပြည်တွင်းနှင့် ပြည်ပရှိ CBOsတို့ ပူးပေါင်းပြီး ပြည်သူလူထုများပါ ပါဝင်လာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ CBOs အဖွဲ့များ ပူးပေါင်းသွားရန် ယခင်လ ဇွန် ၃၀ရက်နေ့က ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် workshopတခုကိုလည်း ထိုင်း–မြန်မာနယ်စပ် မဲ့ဟောင်ဆောင်ခသိုင်တွင် ကျင်းပခဲ့သည်။

"ကျနော်တို့ ပြည်တွင်းက CBOsနဲ့ နယ်စပ်က CBOs တွေရဲ့ တာဝန်ရှိသူတွေ တွေ့ဆုံကြတယ်။ နောက်လည်း တွေ့ဆုံသွားဖို့ရှိတယ်။ အပြန်အလှန်ဆွေးနွေးဖို့လည်း လိုသေးတယ်။ ပြည်သူလူထုတွေ ပါဝင်လာအောင်လည်း လုပ်ဆောင်ရမယ်"ဟု KCSN၏ ပြောရေးဆိုခွင့်ရှိသူ ခူးမီရယ်က ပြောသည်။

ကရင်နီအမျိုးသား တိုးတက်ရေး ပါတီ-KNPPသည် အစိုးရနှင့် အပစ်ခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေးခဲ့စဉ်က ကရင်နီပြည်နယ်အတွင်း အပစ်ခတ်ရပ်စဲရေးနှင့် လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စများစောင့်ကြည့်သွားရန် လေ့လာစောင့်ကြည့်ရေးအဖွဲ့တဖွဲ့ထားရှိရန် သဘောတူထားခဲ့ ကြသည်။

ယင်းကိစ္စကြောင့်KNPPက ကရင်နီပြည်နယ်အတွင်းငြိမ်းချမ်းရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ ထားရှိရန်အတွက် ပြည်တွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းCBOsတို့နှင့် ဇွန်လ ၁၁ရက်နေ့တွင် တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

ခူးမီရယ်က "KNPPနဲ့ ကျနော်တို့ တွေ့တုန်းကတော့ အဓိက လေ့လာစောင့်ကြည့်ရေးအဖွဲ့ ဘယ်လိုထားမလဲ။ ဘယ်လိုလုပ်ငန်းတွေ ဆောင်ရွက်သွားမလဲ။ ပြီးတော့ CBOsအနေနဲ့ပဲ သွားမှာလား။ ဒါမှမဟုတ် ပြည်သူလူထုအနေနဲ့ သွားမှာလား စတာတွေကို ဆွေးနွေးကြတယ်။ ဒါပေမယ့် အကောင်အထည်တော့ မဖော်နိုင်သေးဘူး။ ရှေ့ဆက်ဆွေးနွေးဖို့တော့ အများကြီး လိုအပ်သေးတယ်"ဟု ဆက်လက် ပြောဆိုသည်။

ဇွန်လ ၆ရက်နေ့က KNPP နှင့် လက်ရှိအစိုးရတို့၏ အပစ်ခတ်ရပ်စဲရေး ဆွေးနွေးမှုလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး ကရင်နီလူထုအခြေပြု လူမှုအသင်းအဖွဲ့များက ကြိုဆိုထောက်ခံကြောင်း၊ စစ်မှန်သော ငြိမ်းချမ်းရေးကို နှစ်ဦးနှစ်ဖက် အပြန်အလှန်ယုံကြည်လေးစားမှု အပါအဝင် အချက် ၂၀ ချက်ပါ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

Karen Information Center မှ လစဉ် ထုတ်ဝေဖြန့်ချီသည်။

## နေပြည်တော်မှ ဘုရားသုံးဆူ လောင်းကစားဝိုင်းကို လာရောက်စစ်ဆေး



ဇူလိုင် ၂၄ရက်။ ၂၀၁၂

နန်းယဉ် (ကေအိုင်စီ)

ထိုင်း–မြန်မာနယ်စပ်၊ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ပေါ်တွင် ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ထားသည့် လောင်းကစားဝိုင်းများကို နေပြည်တော် အထူးစုံစမ်းစစ်ဆေးရေးမှ တာဝန်ရှိသူ ၄ဦးတို့ ယမန်နေ့က လာရောက်စစ်ဆေးနေသည်ဟု ရဲနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

၎င်းက"အဓိကဒီမြို့ပေါ်က လောင်းကစားဝိုင်းတွေ ဖွင့်ထားတဲ့ကိစ္စကိုလာစစ်ဆေးတာပါ။များလာနေတဲ့ လောင်းကစားဝိုင်းကိစ္စကို မြို့ပေါ်က ပြည်ခိုင်ဖြိုးကနေ တင်ပြတာရှိခဲ့တယ်။ အခုဆိုလည်း လောင်းကစားဝိုင်းတွေ ဖွင့်တဲ့လူတွေကို ခေါ်မေး၊ စစ်ဆေးတာ ရှိတယ်"ဟု ဆိုသည်။

မြို့ပေါ်ရှိ လောင်းကစားဝိုင်းများကို ပိတ်ပစ်နိုင်ရန်အတွက် ပြည်ခိုင်ဖြိုးပါတီက မြို့နေ ပြည်သူတို့၏ ဆန္ဒကိုကောက်ခံပြီးမြို့နယ်အုပ်ချုပ်ရေးမှူးထံ ယခုနှစ် ဇန်နဝါရီလက တင်ပြခဲ့သော်လည်း ထူးခြားမှုမရှိသဖြင့် ဒုတိယအကြိမ်အဖြစ် ပြည်နယ်မှ တဆင့် နေပြည်တော်ထိ တင်ပြခဲ့ခြင်းကြောင့် ယခုလို လာရောက်စစ်ဆေးခြင်းဖြစ်နိုင်ကြောင်း သူက ဆက်ပြောသည်။

"လောင်းကစားဝိုင်း လုပ်တဲ့လူတွေကို ခေါ်စစ်တာ။ သူတို့မှာ စာရင်းရှိတယ်။ ဒါပေမယ့် သူတို့ စာရင်းရထားတဲ့လူတွေဟာ မရှိဘူးဆိုပြီးသူတို့ကိုယ်တိုင် မစစ်လိုက်ရဘူး။ ဥပမာ ပန်းသီးပုံးဆိုရင် ၄ားပြီးဖွင့်ထားတဲ့လူတွေကို ခေါ်စစ်တာလေ" ဟု သူက ပြောသည်။

လွန်ခဲ့သည့် ဖေဖော်ဝါရီလ လယ်ခန့်က ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း ဘုရားသုံးဆူမြို့သို့ လာရောက်မည် ဆိုသည့်သတင်းကြောင့် မြို့ပေါ်နေရာအနှံ့ရှိ လူမြင်ကွင်း၌ ဖွင့်လှစ်ထားသော လောင်းကစားဝိုင်းများကို ရပ်ကွက်လူကြီးမှ တဆင့် ပိတ်ပင်ထားခဲ့သော်လည်း မေလကုန်ခန့်တွင် ထိုလောင်းကစားဝိုင်းများ ပုံမှန်ပြန်လည် ဖွင့်လှစ်လာကြသည့် အတွက် ယခု စစ်ဆေးမှုမှာလည်း ထိရောက်စွာ လုပ်ဆောင်နိုင်ဦးမည် မဟုတ်ကြောင်း အမည်မဖော်လိုသူ မြို့ခံတစ်ဦးက ကေအိုင်စီသို့ ပြော သည်။

"နေပြည်တော်က လာစစ်တယ်ဆိုပေမယ့် ထူးခြားမှုရှိမယ်လို့ မထင်ဘူး။ ဘာလို့လဲဆိုတော့ မြို့အာဏာပိုင်တွေက အကောက်အခွန်ရကြတယ်လေ။ လောင်းကစားဝိုင်းမရှိတော့ရင် ငွေတွေလည်း မရကြတော့ဘူး လွယ်လွယ်နဲ့ ဖျက်သိမ်းနိုင်မယ်တော့ မထင်ဘူး"ဟု သူက သို့ ပြောသည်။

ဘုရားသုံးဆူမြို့ပေါ်တွင် အနီတောင်၊ အံ့ဂလုံ၊ ဖဲနှင့် ပန်းသီးပုံး လောင်းကစားဝိုင်းများ မြို့ပေါ်နေရာအနှံ့ ဖွင့်လှစ်ထားကြပြီး ၎င်းတို့အနက် အတွင်းကျယ်ဆုံး လောင်းကစားတစ်ခုဖြစ်သည့် ပန်းသီးပုံးလောင်းကစားဝိုင်းမှာ မြို့ပေါ်အနှံ့တွင် ဝိုင်း ၅၀၀ခန့်ရှိနေပြီး ဖြစ်သည်။

ပန်းသီးပုံးလောင်းကစားဝိုင်း ဖွင့်ခွင့်ရသူများသည် မြို့နယ်အာဏာပိုင်များအား အခွန်အဖြစ် တစ်ပုံးလျှင် ထိုင်းငွေ ၅၀၀ဘတ်ဖြင့် လစဉ်ပေးသွင်းနေရသည်ဟုလည်း သိရသည်။

ပန်းသီးပုံးလောင်းကစားဝိုင်းကို ယခင်က ထိုင်းစီးပွားရေး လုပ်ငန်းရှင်တို့ကသာဖွင့်လှစ်ခဲ့ကြပြီး ယခုနောက်ပိုင်းတွင် မြန်မာ၊ ကရင်နှင့် မွန် စီးပွားရေးလုပ်ငန်းရှင်များလည်း ဖွင့်လှစ်လာခဲ့သလို လောင်းကစားဝိုင်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာရခြင်း၏ ဆိုးကျိုးများ အဖြစ် ဘုရားသုံးဆူမြို့တဝိုက်တွင် လုယက်မှု၊ ခိုးဝှက်မှု၊ ခိုက်ရန်ဖြစ်ပွားမှုများလည်း မကြာခဏ ဖြစ်ပေါ်လျှက် ရှိကြောင်း မြို့ခံများက ပြောဆိုနေကြသည်။

## အခုန်းဖျန်ဒုက္ခသည်စခန်းတွင် ငှက်ဖျားပိုးကူးစက်မှုအဆမတန် များပြားလာ

ဇူလိုင်လ ၅ရက်။ ၂၀၁၂ခုနှစ်

စောခါးစူးညား (ကေအိုင်စီ)

ထိုင်း–မြန်မာနယ်စပ် ဖုတ်ဖရခသိုင်အတွင်းရှိအုန်းဖျန်ဒုက္ခသည်စခန်းတွင် ယခုနှစ်အတွင်း ငှက်ဖျားရောဂါပိုးရှိသူ ၁၀၀ကျော်ရှိပြီး ယခင်နှစ်ထက် အဆမတန် ပိုမိုများပြားလာနေသည်ဟု အုန်းဖျန် စခန်းမှ ကျန်းမာရေးတာဝန်ခံ စောဒွဲ့က ပြောသည်။

"အရင်နှစ်(၂၀၁၁)ကဆိုရင် ဇန်နဝါရီလကနေ ဇူလိုင်အထိ အယောက် ၃၀လောက်ပဲရှိတယ်။ အခုနှစ်တော့ ဇန်နဝါရီလကနေ အခု ဇူလိုင်လအထိဆိုရင် ၁၅၂ယောက်ရှိနေပြီ။"ဟု သူက ပြောသည်။

ငှက်ဖျားပိုး ကူးစက် ခံရသူများထဲတွင် အသက်၅အောက် ကလေး ၁၀ဦးနှင့် အသက်၅နှစ်မှ ၅၀ ကြားအရွယ် လူနာ ၁၄၂ဦးရှိ သည်ဟု သူက ဆက်ရှင်းပြသည်။

လက်ရှိ ငှက်ဖျားရောဂါပိုး ရှိသူများသည် အများအားဖြင့် စခန်းပြင်ထွက်၍ ထိုင်းတောင်ပေါ်ရွာများတွင် ကျဘမ်းနေ့စား အလုပ်လုပ်ကြသူ များဖြစ်ကြပြီး ယခင်လ ဇွန်လအတွင်းမှာပင် ငှက်ဖျားပိုးကူးစက်ခံရသူ ၇၀ကျော်ရှိကာ အသက် ၃၃နှစ်အရွယ်ဒုက္ခသည်အမျိုးသားတစ်ဦးမှာ သေဆုံးခဲ့သည်ဟု သိရသည်။

အုန်းဖျန်စခန်းအတွင်း ယင်းသို့ ငှက်ဖျားပိုးဖြစ်ပွားသူ များ ပြားလာခြင်းသည် အတွေ့အကြုံရှိသည့် ဝါရင့်ကျန်းမာရေးလုပ်သားဟောင်းများက တတိယ နိုင်ငံသို့ ထွက်သွားကြပြီး အသစ်ဝင်ရောက်လာသည့် ကျန်းမာရေးဝန်ထမ်းသစ်များက ပညာပေးမှု၊ တတ်ကျွမ်းမှု နည်းသေးသောကြောင့် ဖြစ်သည်ဟု စောဒွဲ့က ဖြည့်စွက်ပြောသည်။

ယင်းကဲ့သို့ ငှက်ဖျားပိုးကူးစက်ခံရသူ များလာသည့်အပေါ်စခန်းအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများက ပညာပေးမှုများ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်သလို စခန်းအတွင်း ကားဖြင့်လှည့်လည်၍ ပြောကြားသွားရန် စီစဉ်ထားသည်ဟု စခန်းတာဝန်ရှိသူများကပြောသည်။

လူဦးရေ ၂၅,၀၀၀ (နှစ်သောင်း ငါးထောင်)ကျော် နေထိုင်သည့် အုန်းဖျန်ဒုက္ခသည် စခန်း၌ လက်ရှိအချိန်တွင် ငှက်ဖျားပိုး ကူးစက်ခံရသူနှင့်သိုးသိုးငှက်ဖျားဖြစ်ပွားသူပေါင်း ထောင်ဂဏန်းအထိ ရှိသော်လည်း ယခု ရာသီအတွင်း ဖြစ်ပွားတတ်သည့် တုပ်ကွေး၊ဝမ်းလျှော၊ နာစေး၊ချောင်းဆိုး၊ကိုယ်ပူရောဂါဖြစ်ပွားသူ အနည်းအကျဉ်းသာ ရှိသည်။

ထိုင်း–မြန်မာနယ်စပ် တလျှောက်တွင် မယ်လ၊အုန်းဖျန်၊နို့ဖိုး၊ မယ်လအူး၊မယ်ရာမို၊ထမ်းဟင်၊ဘန့်ဒုံယမ်းစသည့်ကရင်ဒုက္ခသည်စခန်း ၇ခုရှိသည့်အနက် အုန်းဖျန် မှလွဲ၍ ကျန်ဒုက္ခသည်စခန်းများတွင် ငှက်ဖျားပိုးကူးစက်ခံရသူ မရှိသလောက်ဖြစ်ကြောင်း စုံစမ်းသိရ သည်။

## မယ်လဒုက္ခသည်ခန်းတွင် ဘိန်းမဲရောင်းဝယ် သုံးစွဲသူနှစ်ဦးကို ဖမ်းမိ



ဘိန်းမည်း ဖမ်းဆီးရရှိသည့် မယ်လဒုက္ခသည် စခန်း

ဇူလိုင်လ ၁၃ရက်။ ၂၀၁၂ခုနှစ်

စောခါးစူးညား (ကေအိုင်စီ)

ထိုင်း–မြန်မာနယ်စပ် တာ့ခ်ခသိုင်၊ထမ့်ဆောင်ယန်းမြို့နယ်အတွင်းရှိမယ်လဒုကက္ခသည်စခန်းသို့ ယနေ့ နံနက် ၅နာရီက ထိုင်းအာဏာပိုင်များမှ ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ရာ ဘိန်းမဲရောင်းဝယ်သုံးစွဲသူနှစ်ဦးကို ဖမ်းမိခဲ့သည်ဟု စခန်းတာဝန်ရှိသူများက ပြောသည်။

ဘိန်းမဲဖမ်းမိသည့် အိမ်သည် ဇုံ(စီဝမ်း–ဘီ)ရပ်ကွက်၌ တည်ရှိပြီး ယင်းအိမ်မှ အမျိုးသမီးတဦးနှင့်အမျိုးသား တဦးကို ထိုင်းအာဏာပိုင်များက ခေါ်ဆောင်သွားကာ မယ်လစခန်းတွင် စစ်ဆေးပြီးနောက် နံနက် ၁၀ နာရီခန့်တွင် မဲ့တန်ရဲစခန်းသို့ ဆက်လက်ခေါ်သွားသည်ဟု မယ်လစခန်း လုံခြုံရေး အတွင်းရေးမှူး(၁)စောအဲ့က လယ်က ပြောသည်။

"ဖမ်းမိတဲ့ ဘိန်းမဲက အချိန် တခစ်၊ နှစ်ခစ်လောက်ပဲ ရှိမယ်။ ဖမ်းသွားတဲ့ ဘယ်သူတို့နှစ်ယောက်ကတော့ ဝမ်းကွဲတော်တယ်လို့ သိရတာပေါ့။ ထိုင်းအာဏာပိုင်တွေရဲ့ စစ်ဆေးချက်အရတော့ သူတို့က သုံးတယ်။ ရောင်းလည်း ရောင်းတယ်လို့ ဆိုတယ်။"ဟု သူက ကေအိုင်စီသို့ ပြောသည်။

မယ်လစခန်းအတွင်းရှိ ထိုင်းသုပ်ရှင်ဇာတ်လမ်းနှင့်ကာရာအိုကေစီဒွေများကို ခွင့်ပြုချက်မဲ့ ကူးယူရောင်းချသူများ၊ စခန်းအပြင်ထွက်၍ နေ့စား၊ ကျဘမ်းစသည့် အလုပ်လုပ်ကြသူများနှင့် မူးယစ်ဆေးရောင်းဝယ်၊ သုံးစွဲသူများကို ထိုင်းအာဏာပိုင်များက ဝင်ရောက်စစ်ဆေးခဲ့ရာ လူ ၁၀ဦးကျော်အား ဖမ်းဆီးခေါ်ဆောင် စစ်ဆေးပြီးနောက် နှစ်ဦးကိုဆက်လက် ထိန်းသိမ်းထားခဲ့ခြင်းဖြစ်သည်။

ရှောင်တခင် ဝင်ရောက်စစ်ဆေးရေးပြုလုပ်မှုတွင် ထိုင်းစစ်တပ် (ထမ့်ဟာဖန်း)၊ ထိုင်းပြည်သူ့စစ် (မယ်လစခန်း လုံခြုံရေးယူပေးသည့် အဖွဲ့)နှင့် ထိုင်းရဲ(ပုလိပ်)တို့မှ စုစုပေါင်း အင်အား ၄၀ခန့်ရှိပြီး ကားနှစ်စီးဖြင့် လာရောက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ထိုင်းအာဏာပိုင်တို့၏ ဝင်ရောက်စစ်ဆေးမှုကို ကိုယ်တိုင်မြင်တွေ့ခဲ့သည့် အိမ်ထောင်သည် အမျိုးသမီး လားပွယ်မိုးက "ဒီမနက် ထိုင်းတွေ စခန်းထဲ ဝင်ရောက်တာကို တွေ့တယ်။ စီဒီရောင်းတဲ့ ကျမအိမ်ဘေးက အိမ်ကိုလည်း ဝင်စစ်တာကို တွေ့ရတယ်။"ဟု ပြောသည်။

မယ်လစခန်းတွင် မူးယစ်ဆေးကိစ္စ လုံးဝတားမြစ်ထားသော်လည်း ဝင်ရောက် စစ်ဆေးသည့် အကြိမ်တိုင်းနီးပါး ဖမ်းဆီးရမိသူများရှိပြီး ၎င်းဖမ်းမိရသူများကိုလည်း ထိုင်းနိုင်ငံ ဥပဒေအရ ပြစ်ဒဏ်ချခံရမှုများရှိကြောင်း သိရသည်။

ယခုဖမ်းဆီးခံထားရသူနှစ်ဦးသည် ဘိန်းမဲအနည်းငယ်နှင့်အတူသာ ဖမ်းဆီးရမိသော်လည်း တစ်နှစ်ခန့် အကျဉ်းချ ခံရနိုင်ကြောင်းစောအဲ့ကလယ်ကထပ်မံပြောဆိုသည်။

လက်ရှိ လူဦးရေ ၅သောင်းခန့်အခြေချနေထိုင်သည့်မယ်လဒုကက္ခသည်စခန်းအတွင်းတွင် ပြီးခဲ့သည့် မတ်လ၁၅ရက်နေ့ကထိုင်းအာပိုင်နှင့် စခန်းလုံခြုံရေးတာဝန်ရှိသူတို့ပူးပေါင်းကာ ရာဘာ့ခေါ် စိတ်ကြွဆေးပြား မူးယစ်ဆေးသုံးစွဲသည်ဟု ယူဆရသူနှစ်ဦးကို ဖမ်းဆီးခဲ့သေးသည်။

## ကရင်ဒုက္ခသည်စခန်းရှိပညာရေးဝန်ထမ်းများ လစာအနည်းငယ်တိုးလာ




နို့ဖိုးဒုက္ခသည်စခန်းမှ သူနာပြုကျောင်းတစ်ခု

ဇူလိုင်လ ၁၇ရက်။ ၂၀၁၂ခုနှစ်

(ကေအိုင်စီ)

ထိုင်း–မြန်မာနယ်စပ်ရှိ ကရင်ဒုကက္ခသည်စခန်းများတွင် စာသင်ကျောင်းများ၌ သင်ကြားပို့ချနေသည့် ပညာရေးဝန်ထမ်းများအား ယခုနှစ်တွင် လစာ တိုးမြှင့်ပေးလိုက်ကြောင်းကရင်ဒုကက္ခသည်ကော်မတီ-KRCမှ ပညာရေးတွဲဘက် တာဝန်ခံ(Education Coordinator) ဆရာမ နော်တာဘိုးရာထူးက ကေအိုင်စီသို့ ပြောသည်။

သူမက"ဆရာ/ဆရာမတွေကို လစာတိုးစေချင်တာကတော့ အရမ်းပဲ။ ဘာဖြစ်လဲဆိုတော့ သူတို့က တကယ့်ပေးဆပ်ပြီး ကလေးပညာရေးကို သင်ပြပေးနေတဲ့ သူတွေလေ။ အရင်က ငွေကြေး (Budget) အဆင်မပြေလို့ပါ။ အခုတော့ နည်းနည်း အဆင်ပြေလာတယ်"ဟု ပြောသည်။

ဒုကက္ခသည်စခန်းအတွင်းရှိ ပညာရေးဝန်ထမ်းများ၏ လစာကို အထက်တန်း၊ အလယ်တန်း၊ မူလတန်းပြဟူ၍ ခွဲခြားထားခြင်းမရှိဘဲ ယခင်နှစ်ကတစ်ဦးလျှင်ထိုင်းဘတ်ငွေ ၄၀၀သာ ရရှိခဲ့ကြပြီး ဇွန်လမှစ၍ တစ်ဦးလျှင် ဘတ် ၇၀၀နှုန်းဖြင့် ထပ်မံတိုးပေးလိုက်ကြောင်းလည်း သူမက

တစ်ဖက်စာမျက်နှာသို့ →

Karen Information Center မှ လစဉ် ထုတ်ဝေဖြန့်ချီသည်။

## မယ်တော်ဆေးခန်းတွင် ကလေးလူနာ ပိုများလာ

**ဇူလိုင်လ ၁၆ရက်။ ၂၀၁၂ခုနှစ်**
**(ကေအိုင်စီ)**

ထိုင်း–မြန်မာနယ်စပ်မဲဆောက်မြို့ရှိ မယ်တော်ဆေးခန်းတွင် ယခုအပတ်အတွင်း ကလေးလူနာမှာ ယခင်လထက်ပိုများလာသည်ဟု ဆေးခန်းမှ ကလေးကျန်းမာရေး တာဝန်ခံ ဆရာမနော်မေစိုးက ကေအိုင်စီသို့ ပြောသည်။

ဆေးခန်းသို့ ရောက်ရှိလာသည့် ကလေးအရေအတွက်မှာ ဇွန်လ၌တစ်ရက်လျှင်၄၀–၅၀ဦးအကြား ရှိသော်လည်း ဇူလိုင်လ၌မူ ပထမအပတ်အတွင်း၌ပင် တစ်ရက်လျှင် ၈၀ဦးကျော်အထိ ရှိနေခြင်းဖြစ်သည်။

ဆရာမ နော်မေစိုးက “ကူးစက်ရောဂါတွေကနေမိဘတွေဂဃုမပြုမိတဲ့အတွက် ကလေးတွေ ဖျားနာတာ များကြတာပါ။ ဒီလို မိုးရာသီမျိုးမှာ တုပ်ကွေးတို့၊ ငှက်ဖျားတို့၊ ဝမ်းလျော ဝမ်းပျက်တာတွေက ကူးစက်လွယ်တယ်လေ”ဟု ပြောသည်။

ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ဝန်းကျင်နေ ရွှေ့ပြောင်းမြန်မာအလုပ်သမားများမှ မွေးဖွားလာသည့် အသက် ၁၂နှစ်အောက်အရွယ် ကလေးငယ်များမှာ ငှက်ဖျား၊ တုပ်ကွေး၊ဝမ်းလျော ဝမ်းပျက်၊ ချောင်းဆိုး ရင်ကြပ်ရောဂါများ အဖြစ်များနေပြီး ချောင်းဆိုးရင်ကြပ်ရောဂါမှာမူ ငါးနှစ်အောက် ကလေးအရွယ် အဖြစ်များကြောင်း သိရသည်။

ကလေးငယ်တစ်ဦး၏ ကုသမှုကုန်ကျစရိတ်မှာ ထိုင်းဘတ်ငွေ ၅၀–၈၀ကြား ရှိသော်လည်း မယ်တော်ဆေးခန်းမှ ကလေးငယ်များအား နေ့စဉ်အခမဲ့ကုသပေးလျက်ရှိသည့်အတွက် မြန်မာဘက်ကမ်းမှ လာရောက် ကုသကြသူများလည်း ရှိသည်။

မြဝတီမြို့ရှိ ဆေးခန်းများတွင် ကုသစရိတ်အတွက် အကုန်ကျ မခံနိုင်၍ မဲဆောက်မြို့၊ မယ်တော်ဆေးခန်းသို့ လာရောက် ပြသရခြင်းဖြစ်ကြောင်း ကလေးမိခင်တစ်ဦးဖြစ်သူ မမြအေးက “ဒီမှာဆို အခမဲ့ကုသခွင့်ရတယ်။ လမ်းစရိတ်လောက်ပဲကုန်တာပါ။ ဒီလိုအခမဲ့ ကုသခွင့်ရတဲ့အတွက် ဆရာမကြီး (ဒေါက်တာစင်သီယာမောင်)နဲ့ ဆရာ၊ ဆရာမအားလုံးကို ရင်ထဲက အမြဲကျေးဇူးတင်ပါတယ်”ဟု ကေအိုင်စီသို့ ပြောသည်။

ဆေးခန်းသို့ ဘားအံ၊ ကော့ကရိတ်၊ ရန်ကုန်မြို့များမှ ကလေးများလည်း လာရောက်ဆေးကုသခံကြပြီး ယင်းတို့ထဲ၌ မွေးရာပါ နှလုံးရောဂါနှင့် မွေးရာပါ စအိုပေါက် မပါသူများလည်းတွေ့ရှိရသည့်အတွက်ဎင်းလူနာများကို ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့သို့ သွားရောက်ကုသနိုင်ရန် မယ်တော်ဆေးခန်းမှ စီစဉ်ပေးသည်ဟုလည်း ကလေးကျန်းမာရေး တာဝန်ခံ ဆရာမ နော်မေစိုးက ပြောသည်။

၂၀၁၂ခုနှစ်၊ ဇွန်လကုန်မှစ၍ ဘဏ္ဍာငွေ လျော့နည်းလာခြင်းကြောင့် မယ်တော်ဆေးခန်းမှ အခြားဌာနတချို့အတွက်လုပ်ငန်းအကောင်အထည်ဖော်မှု အခက်အခဲများ ရှိလာသော်လည်း ကလေးကျန်းမာရေးဌာနမှာမူ လတ်တလောကာလတွင် ထိခိုက်မှု မရှိသေးကြောင်း ဆရာမနော်မေစိုးက ပြောသည်။

ထို့အပြင် မယ်တော် ဆေးခန်းမှ ကလေးကျန်းမာရေးဌာနအနေဖြင့်“School Health Team”အဖွဲ့ တစ်ဖွဲ့ဖွဲ့ပြီး မဲဆောက်မြို့ရှိရွှေ့ပြောင်း မြန်မာစာသင်ကျောင်းများတွင် ဆေးဝါးကုသမှုနှင့် ကျန်းမာရေး ပညာပေးခြင်းကိုလည်း ခြောက်လတကြိမ်လုပ်ဆောင်ပေးသည်။

၂၀၁၀ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၁၁ခုနှစ်တွင် ပြင်ပ ကလေးလူနာ ၂,၁၀၀ဦးကျော် လျော့နည်းသွားပြီး ၁၃ရာခိုင်နှုန်း ဖြစ်သည်။ ကလေးအတွင်းလူနာသည်လည်း ၄၉၀ဦးကျော် လျော့နည်းသွားပြီး ၂၇ရာခိုင်နှုန်းဖြစ်ကြောင်း မယ်တော်ဆေးခန်း၏ ၂၀၁၁ခုနှစ်၊ နှစ်ချုပ်အစီရင်ခံစာတွင် ဖော်ပြထားသည်။



ဆရာမစင်သီယာမောင်ထံသို့ ရောဂါလာပြသော လူနာတစ်ဦး

## မယ်တော်ဆေးခန်း ငွေကြေးအခက်အခဲကြောင့် မဲဆောက်ဆေးရုံကြီးသို့ ပို့ဆောင်ရမည့် လူနာဦးရေ လျှော့ချမည်




**ဇူလိုင်လ ၁၆ရက်။ ၂၀၁၂ခုနှစ်**
**ဖိုးခွါးလေး (ကေအိုင်စီ)**

ထိုင်းနိုင်ငံ မဲဆောက်မြို့ ရှိ မယ်တော်ဆေးခန်း၏ ၂၀၁၂ခုနှစ် အတွင်း ဘဏ္ဍာငွေ လျော့နည်းသွားသောကြောင့် မဲဆောက်ဆေးသုံကြီးသို့ ပို့ဆောင်ကုသရမည့် လူနာဦးရေ လျှော့ချလိုက်ရသည်ဟု ဆေးခန်း အထွေထွေ တာဝန်ရှိသူ ဦးအောင်ဖေက ကေအိုင်စီသို့ ပြောသည်။

ဦးအောင်ဖေက “လွန်ခဲ့တဲ့နှစ်တွေကကျတော့ခွဲစိတ်ရမယ့်လူနာတွေ၊ အရေးပေါ်ပို့ရမယ့် လူနာတွေဆိုလို့ရှိရင်ကျနော်တို့ပို့လို့ရခဲ့တယ်။ အခုကျတော့ ဘဏ္ဍာငွေ လျော့လာတဲ့အတွက်ကြောင့် ပို့မယ်ဆိုရင် ငွေကုန်မယ်ဆိုတဲ့ အခြေအနေဖြစ်နေလို့ မပို့တော့ဘူး။ ကျနော်တို့ တတ်နိုင်သလောက်တော့ ဆေးခန်းထဲမှာပဲ ကုသပေးနေတယ်”ဟု ပြောသည်။

၂၀၁၁ခုနှစ်က မဲဆောက်ဆေးသုံကြီးသို့ပို့ဆောင်ကုသခဲ့သောလူနာစုစုပေါင်း ၇၀၉ဦးရှိပြီး ဎင်းအနက်မှ ၆၀ရာခိုင်နှုန်းသည်မြန်မာပြည်တွင်းမှ ရောက်လာကြသူများ ဖြစ်ကြောင်း မယ်တော်ဆေးခန်း၏ ၂၀၁၁ခုနှစ်၊ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပြည်တွင်းနိုင်ငံရေးအပြောင်းအလဲများကြောင့် ၂၃နှစ်ကြာ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနေသည့် မယ်တော်ဆေးခန်းအတွက် ဘဏ္ဍာငွေ ရရှိမှုလျော့သွားရခြင်းဖြစ်ကြောင်း ဦးအောင်ဖေက ပြောသည်။

“မြန်မာပြည်ရဲ့ အခြေအနေက နည်းနည်းတော့ အပြောင်းအလဲရှိလာတယ်လို့ ပြောလို့ရတယ်လေ။ အဲဒါကြောင့်မို့လို့NGOအဖွဲ့အစည်းတွေက ဒီဆေးခန်းကို မြန်မာပြည်ပြန်လုပ်လို့ရမယ်ထင်လို့။နောက်ပြီးတော့ ထောက်ပံ့ကြေးငွေ အကူအညီတွေက မြန်မာပြည် အတွင်းပိုင်းမှာ ဝင်သွားတဲ့အခါကျတော့ဒီနယ်စပ်မှာပေးတဲ့ အကူအညီလျော့နည်းသွားတယ်”ဟု သူက ဆိုသည်။

၂၀၁၂ခုနှစ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အစားအစာ၊ ပညာရေးနှင့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်တစ်သိန်းခွဲအတွက် နေစရာ အမိုးအကာများ ရရှိရန် အလှူငွေ ထိုင်းဘတ် ၁၈သန်း (အမေရိကန်ဒေါ်လာ ၆သိန်း) အရေးပေါ်လိုအပ်နေကြောင်းလည်း မယ်တော်ဆေးခန်းကထုတ်ပြန်ထားသည်။

ဘဏ္ဍာငွေလိုအပ်မှုသည် ဎင်းဆေးခန်းရှိမိခင်နှင့်ကလေးကျန်းမာရေးဌာန၊ မျက်စိဌာန၊ ပညာရေးဌာန၊ပြင်ပလူနာဌာန၊အဆုတ်ရောဂါဌာန အပါအဝင် ဌာနအသီးသီးသို့လည်း အကျိုးသက်ရောက်မှု ရှိနေပြီး ငွေကြေးအခက်အခဲကြောင့် လတ်တလောတွင် ဆေးခန်းမှ ကျန်းမာရေးဝန်ထမ်းများ၏ ပုံမှန်လစာကို ၂၀ရာခိုင်နှုန်း လျှော့ချလိုက်ရကြောင်းလည်း ထုတ်ပြန်ထားသည်။

ကျန်းမာရေးဝန်ထမ်း နော်တောဂေမူးက “ကျမတို့ ဝန်ထမ်းတွေအတွက်ကျတော့ အဓိကစားဝတ်နေရေးပဲ ဖြစ်တယ်လေ။ ဒီပြရနာက ကျမတစ်ယောက်တည်း မဟုတ်ပါဘူး။ ကျန်တဲ့တခြားဝန်ထမ်းမိသားစုဝင်တွေရောပဲလေ။ဒါပေမဲ့လို့ ဒီဆေးခန်းမှာ လုပ်တဲ့ဝန်ထမ်းအများစုက စိတ်စေတနာအရ လုပ်နေကြတယ်”ဟု ဆိုသည်။

ယခုကဲ့သို့ လိုအပ်နေသည့် ဘဏ္ဍာငွေအတွက်နိုင်ငံတကာNGO အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလိက လှူဒါန်းလိုသူများကို ဖိတ်ခေါ်ကြောင်း မယ်တော်ဆေးခန်း အင်တာနက်စာမျက်နှာတွင် အသိပေး ဖော်ပြထားသည်။

ထပ်မံ ရှင်းပြသည်။

ယခုလို လစာအနည်းငယ်တိုးလာသည့်အပေါ် မယ်လစခန်းမှ အထက်တန်းပြ ကျောင်းဆရာတစ်ဦးက “ခုလို လစာတိုးပေးတာ ကောင်းပါတယ်။ ကျနော်တို့လစာက မများပေမဲ့ တိုးလာတာကိုပဲ ဝမ်းသာနေပါပြီ”ဟု ပြောသည်။

ထို့အပြင်ဎင်းပညာရေးဝန်ထမ်းများသည် ပြည်တွင်းကျောင်းများမှဖြစ်စေ၊ဒုက္ခသည်စခန်းအတွင်းရှိZOA(ဒုက္ခစခန်းများ၏ပညာရေးကို အကူညီပေးနေသည့် အဖွဲ့အစည်း)မှ ပြုလုပ်သည့် သင်တန်းများမှဖြစ်စေ အောင်လက်မှတ်ရှိထားသူများ သို့မဟုတ် ကျောင်းဆရာလုပ်ငန်း သက်တမ်း ၂နှစ်နှင့်အထက်ရှိသူများကို ထိုင်းငွေ၃၀ဘတ်ထပ်မံ တိုးပေးကြောင်း ဆရာမ နော်တဘိုးရာထူးက ပြောသည်။

ယခင်နှစ်များက နယ်စပ်ဒေသရှိဒုက္ခသည်စခန်းများတွင်ZOA အပြင်အခြားအစိုးရမဟုတ်သည့် အဖွဲ့အစည်း(NGO) များဖြစ်သည့် World Vision, TOP စသည်တို့က ပညာရေးကိစ္စတွင် လိုအပ်သလို ကူညီပေးခဲ့ကြောင်း သိရသည်။

သို့သော်လည်း လက်ရှိ အချိန်၌ ZOAတစ်ဖွဲ့သာ ကူညီပံ့ပိုးလျက်ရှိပြီးဒုက္ခသည်စခန်းများမှ ကျောင်းဆရာ/မများအတွက် ဆရာဖြစ်သင်တန်း(Teacher Training)၊ ကျောင်းညွှန်ကြားရေးမှူးသင်တန်း (Director Training) အပါအဝင် ပညာရေးဆိုင်ရာအခြားသင်တန်းများကို နှစ်စဉ်ပို့ချပေးလျက် ရှိသည်။

ထိုင်း–မြန်မာနယ်စပ်ရှိ ကရင်ဒုက္ခသည်စခန်း၇ခုတွင် အထက်တန်းကျောင်း ၂၄ကျောင်း၊ အလယ်တန်း ၁၄ကျောင်းနှင့် မူလတန်းကျောင်း ၂၇ကျောင်းရှိရာ စုစုပေါင်း ကျောင်းဆရာ၊ ဆရာမ ၁,၃၀၆ ဦးရှိကြောင်း သိရသည်။

## လိုင်းရင်းစခန်းရှိ ကချင်ဒုက္ခသည်များ နာမကျန်းဖြစ်သူများလာ

**ဇူလိုင်လ ၁၆ရက်။ ၂၀၁၂ခုနှစ်**
**စောခါးစူးညား (ကေအိုင်စီ)**

ကချင်ပြည်နယ် လွယ်ဂျယ်မြို့နှင့် မျက်နှာချင်းဆိုင် တသုတ်နိုင်ငံအတွင်းရှိ လိုင်းရင်းဒုက္ခသည်စခန်းတွင် နာမကျန်းဖြစ်သူ များပြားလာသည်ဟု လိုင်းရင်းရှိ ကချင်ကယ်ဆယ်ရေးအဖွဲ့-WPNက ကေအိုင်စီသို့ ယနေ့ ပြောဆိုသည်။

“အရင်အပတ်က တစ်ရက်ကိုလူနာတစ်ဆယ်၊နှစ်ဆယ်လောက်ပဲရှိတာ။ ဒီရက်ဆိုရင် ငါးဆယ်ကျော်အထိ ရှိတယ်။ ဆေးခန်းလာပြသူတွေကတော့ တုပ်ကွေး၊ ဖျားနာ၊ နှာစေး၊ ချောင်းဆိုးနဲ့ ဝမ်းလျှောတဲ့သူပါတယ်။”ဟု လိုင်းရင်းစခန်း၌ ဒုက္ခသည်များကို ဆေးကုသနေသည့် WPNမှ ဆရာမဒွဲဇင်က ပြောသည်။

လိုင်းရင်းဆေးခန်းသို့ လာရောက်သူများထဲတွင် လူကြီးများဖြစ်ကြပြီး အများစုမှာ တုပ်ကွေးဖြစ်ပွားသူ အမျိုးသမီးလူနာများ ဖြစ်ကြသည်ဟု သူမက ဆက်ရှင်းပြသည်။

လက်ရှိကာလသည်မိုးရာသီအချိန်ဖြစ်သော်လည်း ပုံမှန် မိုးမရွာဘဲ နေပူတလှည့် မိုးရွာတလှည့်ဖြစ်ခြင်း၊ ယင်းစခန်းတွင် တသုတ်နိုင်ငံအတွင်း မသန့်ရှင်းသည့် အမှိုက်ပုံနေရာဖြစ်ခြင်းနှင့် ဒုက္ခသည်များသည် မြေဩဇာပါသည့် ဟင်းသီးဟင်းရွက်များ စားရခြင်း စသည်တို့ကြောင့် ယခုလို လူနာဦးရေ များပြားလာခြင်းဖြစ်နိုင်ကြောင်း WPNကပြောသည်။




ဆေးကုသမှုခံယူနေသူ လိုင်းရင်းဒုက္ခသည်အမျိုးသမီးတဦးက “ကျမတို့ ဒီမှာနေတာ တင်းတင်းကြပ်ကြပ် နေရတယ်လေ။ လူလည်းများတယ်။ နောက်ရောဂါဖြစ်ရင် ကူးစက်တာ ရှိတယ်။”ဟု ပြောသည်။

မြန်မာအစိုးရတပ်နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့-KIOတို့အကြား ပြီးခဲ့သည့် ၂၀၁၁ခုနှစ်၊ ဇွန်လ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ချိန်မှစ၍ ဒေသခံကချင်လူထုများသည် နေရပ်ဌာနေကို စွန့်ခွါကာ စစ်ပြေးဒုက္ခသည်အဖြစ် လိုင်းရင်းဒုက္ခသည်စခန်းတွင်လာရောက်ခိုလှုံခဲ့ကြရာ ထိုစခန်းတွင် လက်ရှိ စစ်ပြေးဒုက္ခသည်ဦးရေ၂,၀၀၀ကျော်ရှိသည်ဟု WPN က ပြောဆိုထားသည်။

Karen Information Center မှ လစဉ် ထုတ်ဝေဖြန့်ချီသည်။

# တောင်အာဖရိက ခေါင်းဆောင်ဟောင်း မန်ဒဲလား ၉၄နှစ်ပြည့်

၁၈ရက်၊ ဇူလိုင်လ၊ ၂၀၁၂

ဒီကနေ့ ကျရောက်တဲ့ တောင်အာဖရိက နိုင်ငံ့ခေါင်းဆောင်ဟောင်းNelsonMandelaရဲ့ အသက် ၉၄နှစ်ပြည့် မွေးနေ့အတွက် တောင်အာဖရိက ကျောင်းသားကျောင်းသူပေါင်း ၁၂သန်းက မွေးနေ့သီချင်းကို သီဆိုပေးခဲ့ကြပါတယ်။အများပြည်သူနဲ့သက်ဆိုင်တဲ့ ပွဲလမ်းတွေကနေ အနားယူထားတဲ့ Mr. Mandela ကတော့ သူ့ရဲ့ မွေးနေ့ကို အရှေ့တောင်ပိုင်း Qunuမြို့မှာရှိတဲ့ နေအိမ်မှာ မိသားစုနဲ့ပဲ အချိန်ကုန်ဆုံးပါတယ်။ တောင်အာဖရိကမှာ ၆၇နှစ်ကြာ နိုင်ငံရေးလုပ်ခဲ့တဲ့Mr.Mandelaကို ဂုဏ်ပြုတဲ့အနေနဲ့ ကမ္ဘာတဝန်းကလူတွေဟာ ၆၇မိနစ်စီ ပရဟိတအလုပ်တွေမှာလုပ်အားပေးနေကြပါတယ်။ကမ္ဘာတဝန်းကနေလည်းမွေးနေ့ဆုတောင်းတွေ ပေးပို့နေကြတဲ့အထဲမှာ တချိန်တုန်းက Robinကျွန်း အကျဉ်းထောင်မှာ Mr. Mandelaနဲ့ ထောင်ကျဖော်ဖြစ်ခဲ့တဲ့ Ahmed Kathrada က Mr. Mandelaဟာ တကယ့်အထင်ကရနမူနာယူသင့်တဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ တောင်အာဖရိနိုင်ငံမှာ လူဖြူလူမည်း အသားအရောင်ခွဲခြားမှုကို ဦးဆောင်တိုက်ခိုက်ခဲ့သူ Mr. Mandelaဟာ ၂၇နှစ်ကြာ ထောင်ကျခဲ့ပြီးနောက် ၁၉၉၄ခုနှစ်မှာ တောင်အာဖရိကနိုင်ငံရဲ့ ပထမဆုံး လူမည်းသမ္မတ ဖြစ်လာခဲ့ပါတယ်။ Nelson Mandelaရဲ့ ဆောင်ရွက်မှုတွေကို အားကျအတုယူပြီးပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီးတည် ဆောက်ကြဖို့ သူ့ရဲ့ မွေးနေ့ ဂျူလိုင်လ ၁၈ရက်နေ့တိုင်းကို တောင်အာဖရိကမှာ Mandelaနေ့ အဖြစ်သတ်မှတ် ထားပါတယ်။





# အငြင်းပွားရေပိုက်နက်တရုတ်သင်္ဘော တွေကြောင့် ဖိလစ်ပိုင် စိုးရိမ်

၁၈ရက်၊ ဇူလိုင်လ၊ ၂၀၁၂

တောင်တသုတ်ပင်လယ်ပြင်တွင်း ပိုင်ဆိုင်မှုအတွက် အငြင်းပွားနေတဲ့ ကျွန်းတွေအနီး တသုတ်နိုင်ငံက သင်္ဘောအစင်း ၃၀လောက် စေလွှတ်လိုက်တဲ့အတွက် ဖိလစ်ပိုင်နိုင်ငံက စိုးရိမ်မကင်း ဖြစ်နေပါတယ်။ Yongshu ကျောက်တန်းအနီး သွားရောက်တဲ့ ငါးဖမ်းသင်္ဘောတွေကို စောင့်ရှောက်ဖို့ တန်ချိန် ၃ထောင် ရှိတဲ့ သင်္ဘောတစင်းနဲ့ အစိုးရရေယဉ်တွေ လိုက်ပါသွားခဲ့ကြောင်းတသုတ်အစိုးရက ကြေညာထားတာပါ။

ဖိလစ်ပိုင် နိုင်ငံခြားရေးဌာနကတော့တသုတ်သင်္ဘောတွေရောက်ရှိလာတဲ့အပေါ် စိုးရိမ်မကင်း ဖြစ်တဲ့ အကြောင်း ကြေညာချက် ထုတ်ပြန်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံ ရေပိုင်နက်ထဲ ကျူးကျော် ဝင်ရောက်လာတာမျိုး မဖြစ်စေချင်ဘူးလို့လည်း နိုင်ငံခြားရေးဌာန ပြောခွင့်ရသူက ပြောဆိုခဲ့တာပါ။

တသုတ်ငါးဖမ်းသင်္ဘောတွေ ရောက်ရှိလာတဲ့ ကျောက်တန်းဟာ ဖိလစ်ပိုင်နိုင်ငံ Palawanခသိုင် အနောက်ဘက် မိုင် ၃၁၀ အကွာမှာ တည်ရှိတာကြောင့် ကမ်းလွန် မိုင် ၂၃၀ကျော်ရင် နိုင်ငံတကာ ရေပိုင်နက်အဖြစ် သတ်မှတ်လေ့ရှိတဲ့ နယ်မြေကို ကျော်လွန်တဲ့ နေရာမှာ ရှိနေတာဖြစ်ပါတယ်။

တောင်တသုတ်ပင်လယ်ပြင်တွင်း ပိုက်နက်နယ်မြေအတွက် တရုတ်နိုင်ငံနဲ့ အငြင်းပွားနေတဲ့အထဲမှာ အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင် ဖိလစ်ပိုင်သာမက၊ ဗီယက်နမ်၊ မလေးရှား၊ ဘသူနိုင်းစတဲ့ နိုင်ငံတွေလည်း ပါဝင်နေကြတာပါ။ ဒီအတွက်လည်း အာဆီယံ အစည်းအဝေးပွဲတွေ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ကမ္ဘောဒီးယား နိုင်ငံမှာ ကျင်းပစဉ် ဒီကိစ္စကို ဆွေးနွေးခဲ့ကြပေမဲ့ တစုံတရာ သဘောတူညီချက် မရဘဲ အဆုံးသတ်ခဲ့တာလည်း ဖြစ်ပါတယ်။



# ထိုင်းဖွဲ့စည်းပုံ ပြင်ဆင်ရေး

ထိုင်းနိုင်ငံမှာ အစိုးရအနေနဲ့ နိုင်ငံရဲ့အုပ်ချုပ်ပုံအခြေခံဥပဒေကို တရားဝင်ပြောင်းလဲ ပြင်ဆင်ပိုင်ခွင့် ရှိရမယ်ဆိုတဲ့ အချက်အပေါ် အတိုက်အခံဘက်က ခုခံချေပချက် တင်သွင်းထားမှုကို ထိုင်းနိုင်ငံ အခြေခံဥပဒေခုံသုံးက ပယ်ချလိုက်ပါတယ်။

ဒီပြောင်းလဲတဲ့အချက်က ဘုရင်စနစ်ကို ထိခိုက်စေခြင်း မရှိဘူးလို့ထိုင်းတရားသုံးက သောကြာနေ့မှာ အမိန့်ချမှတ်လိုက်ပါတယ်။ ဒါပေမယ့် အစိုးရအနေနဲ့ ပြောင်းလဲမှုတစုံတရာ ပြုလုပ်မယ်ဆိုရင် ပြည်သူလူထုထံက လူထုဆန္ဒသဘောထားကောက်ယူရလိမ့်မယ်လို့ ခုံသုံးရဲ့ဆုံးဖြတ်ချက်မှာ ဖော်ပြထားပါတယ်။

လက်ရှိထိုင်းနိုင်ငံရဲ့ အခြေခံဥပဒေဟာ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ကို ဖြုတ်ချပစ်ခဲ့တဲ့ စစ်အာဏာသိမ်းအဖွဲ့က ရေးဆွဲထားခဲ့တာဖြစ်ပါတယ်။

မစစ္စတာသက်ဆင်ရဲ့ ညီမတော်သူ ဝန်ကြီးချုပ်ယင်းလပ်ရှင်နာဝပ် ဦးဆောင်တဲ့ လက်ရှိအစိုးရက ထိုင်းနိုင်ငံမှာ ဒီမိုကရေစီ ပိုမိုပြည့်ဝစေဖို့အတွက် အခြေခံဥပဒေကို ပြုပြင်ပြောင်းလဲဖို့ လိုအပ်တယ်ဆိုပြီး ပြောဆို ထားပါတယ်။

ဒါပေမယ့် ဒီလို ပြင်ဆင်ပြောင်းလဲမှု ပြုလုပ်တဲ့အတွက် တိုင်းပြည်ရဲ့ရှင်ဘုရင် အခန်းကဏ္ဍကို ခြိမ်းခြောက်မှုဖြစ်စေသလို အဂတိလိုက်စားမှုနဲ့ ထောင်ဒဏ်အပစ်ပေးခံထားရပြီး တိုင်းပြည်ကနေ ထွက်ပြေးတိမ်းရှောင်နေရတဲ့ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ကို ပစ်ဒဏ် အပေးမခံရဘဲ တိုင်းပြည်ကို လွတ်လွတ်လပ်လပ် ပြန်လာနိုင်အောင် ခွင့်ပြုပေးလိုက်တာပဲ ဖြစ်လိမ့်မယ်လို့ အတိုက်အခံ ဒီမိုကရက်ပါတီကတော့ ပြောပါတယ်။

၁၂ရက်၊ ဇူလိုင်လ၊ ၂၀၁၂

နိုင်ငံတကာသတင်းများကို ဗွီအိုအေသတင်းဌာနမှ ကူးယူဖော်ပြခြင်း ဖြစ်ပါသည်၊

# စစ်ဘက် ထိပ်တန်းရာထူး ကင်မ်ဂျုံအွန်း ရရှိ



၁၈ရက်၊ ဇူလိုင်လ၊ ၂၀၁၂

မြောက်ကိုရီးယားနိုင်ငံရဲ့ ခေါင်းဆောင် Kim Jong Unကို နိုင်ငံရဲ့အဆင့်အမြင့်ဆုံး စစ်ရာထူးဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးအဖြစ် ရာထူးတိုးပေးလိုက်တယ်လို့ မြောက်ကိုရီးယားက ပြောလိုက်ပါတယ်။

အခုလို ရာထူးတိုးလိုက်တဲ့ သတင်းကို အထူးသတင်းအဖြစ်နဲ့ အစိုးရပိုင် သတင်းမီဒီယာကနေ ဒီကနေ့ ဗုဒ္ဓဟူးနေ့မှာ သတင်းတိုထုတ်ပြန်ခဲ့တာပါ၊ မြောက်ကိုရီးယားရဲ့ထိပ်တန်း စစ်ခေါင်းဆောင်တယောက်လည်းဖြစ် Kim Jong Unရဲ့ အကြံပေးတယောက်လည်းဖြစ်တဲ့ RiYong Ho ကိုရာထူးကနေ ဖယ်ရှားခဲ့ပြီး နောက်မှာ အခုလို အပြောင်းအလဲ သတင်းကို ထုတ်ပြန်လိုက်တာ ဖြစ်ပါတယ်။

နာမကျန်းဖြစ်နေတဲ့အတွက် Ri Yong Hoကို ရာထူးတာဝန် အားလုံးကနေဖယ်ရှားလိုက်တာဖြစ်တယ်လို့ မြောက်ကိုရီးယားက ပြောပါတယ်။ Kim Jong Unကို တိုးပေးလိုက်တဲ့ ဗိုလ်ချုပ်မှူးကြီး ရာထူးဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာမှာ သေဆုံးသွားသူ သူ့ဖခင် Kim Jong Il ယူခဲ့တဲ့ စစ်ရာထူးလည်း ဖြစ်ပါတယ်။

# ဆီးရီးယား ကာကွယ်ရေးဝန်ကြီး လုပ်ကြံခံရ

၁၈ရက်၊ ဇူလိုင်လ၊ ၂၀၁၂

ဆီးရီးယားနိုင်ငံ Damascus မြို့တော်မှာရှိတဲ့ အမျိုးသားလုံခြုံရေးဌာနအဆောက်အဦးမှာ ဗုံးခွဲမှုတစ်ခုကြောင့် ကာကွယ်ရေးဝန်ကြီး Daoud Rajhaနဲ့ဒုတိယကာကွယ်ရေးဝန်ကြီး Assef Shawkatတို့ သေဆုံးသွားတယ်လို့ ဆီးရီးယားအစိုးရ သုပ်မြင်သံကြားကသတင်းထုတ်ပြန်ပါတယ်။

Shawkatဟာ သမ္မတ Bashar al Assad ရဲ့ ယောက်ဖတော်စပ်သူဖြစ်ပါတယ်။ဒီကနေ့ဗုဒ္ဓဟူးနေ့ ဗုံးကွဲမှုအတွင်း ကာကွယ်ရေး ဝန်ကြီးဟောင်းဗိုလ်ချုပ်ကြီး Hassan Turkmaniလည်း ပါဝင်တယ်လို့ သတင်းတွေကပြောပါတယ်။အဆင့်မြင့်အရာရှိကြီးတွေ အစည်းအဝေးလုပ်နေချိန်မှာ အသေခံဗုံးခွဲမှုကြောင့် အရာရှိတော်တော်များများလည်း အပြင်းအထန် ဒဏ်ရာရသွားကြပါတယ်။ ဒီဗုံးကွဲမှုဖြစ်ပွားခဲ့ပြီးနောက် Damascusမြို့ပေါ်မှာ အစိုးရတပ်တွေနဲ့ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေကြားမှာ တိုက်ပွဲတွေ ပြင်းထန်နေပါတယ်။

အခုလိုဖြစ်ပွားခဲ့တဲ့ ဗုံးခွဲတိုက်ခိုက်မှုကို ကြည့်ရင် ဆီးရီးယားရဲ့ အခြေအနေဟာ ထိန်းမနိုင် သိမ်းမရ အခြေအနေဖြစ်နေပြီလို့ အမေရိကန် ကာကွယ်ရေးဝန်ကြီး Leon Panetta ကပြောပါတယ်၊ Bashar al-Assad အစိုးရဆင်းသွားအောင် နိုင်ငံတကာ အသိုင်းအဝိုင်းက အပြင်းထန်ဆုံး ဖိအားပေးကြဖို့လည်း သူက တောင်းဆိုခဲ့ပါတယ်။Russia နိုင်ငံခြားရေးဝန်ကြီး Sergei Lavrov ကတော့ ဆီးရီးယားအပေါ် အရေးယူဒဏ်ခတ်တဲ့ ကုလသမဂ္ဂဆုံးဖြတ်ချက်ကိုထောက်ခံခဲ့ရင် တော်လှန်ရေး ကို အားပေးရာရောက်သွားမှာဖြစ်လို့ ဒီဆုံးဖြတ်ချက်ကို Russia အစိုးရက လက်မခံနိုင်ဘူးလို့ ပြောပါတယ်။



Karen Information Center မှ လစဉ် ထုတ်ဝေဖြန့်ချီသည်။

# AFFဆူဇူကီးဖလားခြေစစ်ပွဲ ပွဲဦးထွက်အဖြစ် မြန်မာအသင်း ဘရူနိုင်းအသင်းနှင့် ရင်ဆိုင်ရမည်




မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာလ၅ရက်နေ့တွင် AFFဆူဇူကီးဖလား ခြေစစ်ပွဲ ပွဲဦးထွက် ပွဲစဉ်အဖြစ် ဘရူနိုင်းလက်ရွေးစင်အသင်းနှင့်ရင်ဆိုင်ရမည်။

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၂AFFဆူဇူကီးဖလားခြေစစ်ပွဲ ပွဲစဉ်များသို့ အရှေ့တောင်အာရှ၏ အနိမ့်ဆုံး ၅သင်းအဖြစ် သတ်မှတ်ခြင်းခံရသည့် မြန်မာ ကမောဒီးယား၊ လာအို၊ ဘရူနိုင်း၊ အရှေ့တီမောတို့ ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကာ(၅)သင်းအုပ်စုပတ်လည် ကစားရမည် ဖြစ်သည်။ ပွဲစဉ်များအပြီးတွင် အုပ်စု ထိပ်ဆုံးနှစ်သင်း ခြေစစ်ပွဲ အောင်မြင်မည် ဖြစ်ကာ မလေးရှားနှင့် ထိုင်းတို့က နိုဝင်ဘာ ၂၄ရက်နေ့မှ ဒီဇင်ဘာ ၁ရက်နေ့အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အုပ်စုအဆင့် ပွဲစဉ်များသို့ တက်ရောက်နိုင်မည် ဖြစ်သည်။

အုပ်စုအဆင့် မဲခွဲမှုများအား ဇူလိုင်လ ၁၁ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ထိုင်းနိုင်ငံက အိမ်ရှင်လုပ်မည့် အုပ်စု (က)တွင် ထိုင်း၊ ဗီယက်နမ်၊ဖိလစ်ပိုင်နှင့် ခြေစစ်ပွဲအုပ်စု ပထမအသင်းတို့ ပါဝင်မည်ဖြစ်သည်။ မလေးရှားက အိမ်ရှင်လုပ်မည့် အုပ်စု (ခ)တွင်မူ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် ခြေစစ်ပွဲ အုပ်စု ဒုတိယရအသင်းတို့ ပါဝင်မည်ဖြစ်သည်။ ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲစဉ်များကိုမူ အိမ်ကွင်း/ အဝေးကွင်းစနစ်ဖြင့် နှစ်ကျော့စီ ကစားစေမည် ဖြစ်သည်။

ထိုင်းနိုင်ငံက အိမ်ရှင်လုပ်မည့် အုပ်စု(က)တွင် ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် ခြေစစ်ပွဲအုပ်စု ပထမအသင်းတို့ ပါဝင်မည်ဖြစ်သည်။ ခြေစစ်ပွဲစဉ်များနှင့် ပတ်သက်၍ မြန်မာယူ–၂၂အသင်း၏ အုပ်ချုပ်သူဦးသန်းတိုးအောင်က မြန်မာအသင်း ခြေစစ်ပွဲအောင်မြင်ရန် အခိုင်အမာယုံကြည်ကြောင်းဖွင့် ဟပြောကြားခဲ့ သည်။ "မြန်မာသေချာပေါက် ခြေစစ်ပွဲအောင်ပါလိမ့်မယ်။ ပတ်ဆောင်ဟွာကို ကျွန်တော်ယုံပါတယ်"ဟု Soccer Myanmarသို့ဖွင့် ဟပြောကြားခဲ့ သည်။

# ရာသီကြိုခြေစမ်းပွဲ ခရီးစဉ်အတွက် အင်အား တောင့်တင်း သော အသင်းကို မန်ယူရွေးချယ်

မန်ချက်စတာ ယူနိုက်တက်အသင်းသည် ရာသီကြိုခြေစမ်းပွဲအစီအစဉ်များ အတွက် အင်အားတောင့်တင်းသော လူစာရင်းကို အတည်ပြုရွေးချယ်ခဲ့ကြောင်း သိရသည်။

ဒဏ်ရာမှ သက်သာပျောက်ကင်းကာ လေ့ကျင့်ခန်း ပြန်ဆင်းနေသည့် အသင်းခေါင်းဆောင် နီမန်ဗျာဗီဒစ်၊ ဥရောပဖလား ပြိုင်ပွဲဝင် ဝိန်းရွန်နီ၊ အက်ရှ်လေယန်း၊ ဒန်နီဝဲလ်ဘက်နှင့် ဖီးလ်ဂျုံးစ်၊ အိုလံပစ်တွင် ပါဝင်မည့် သိုင်ယန်ဂစ်၊တွမ်ကလီဗာလေတို့မပါဝင်သော်လည်း မန်ယူအသင်းသည် ပေါလ်စခိုးလ်၊ဒီမီတာဘာဘာတော့ဗ်နှင့် ကျန်အဓိက ကစားသမား အများအပြားကို တောင်အာဖရိကသို့ ခေါ်ဆောင်သွားမည် ဖြစ်သည်။ မန်ယူအသင်းက အသစ် ခေါ်ယူထားသည့် ဂျပန်လက်ရွေးစင် ရှင်ဂျီကာဂါဝါသည်လည်း မန်ယူ၏ ရာသီကြိုခြေစမ်း ခရီးစဉ်တွင် အသင်းဖော်သစ်များနှင့် အတူလိုက်ပါလာမည် ဖြစ်သည်။

ကာဂါဝါနှင့် အတူ ယခုနွေရာသီတွင် မန်ယူသို့ ရောက်ရှိလာသည့် ကွင်းလယ် ကစားသမား နစ်ခ်ပါဝဲလ်သည်လည်း အနီရောင် တပ်ဖွဲ့တွင် အမည်စာရင်း ပါဝင်လာသည်။ ဒဏ်ရာရနေသည့် ခရစ်စမောလင်းမှာမူ အသင်းနှင့်အတူ လိုက်ပါနိုင်ခြင်း မရှိပေ။ မန်ယူမှ ထွက်ခွာမည်ဟု သတင်းကြီးနေသော ဘာဘာတော့ဗ်၊ တူရကီတွင် အငှားသွား ကစားရာမှ အိုးလ်ထရက်ဖို့ဒ်သို့ပြန်လည်ရောက်ရှိလာသည့် ဘီဘီတို့မှာမူ မန်ယူအတွက် ပါဝင်လာခဲ့သည်။ မန်ယူတွင် လူငယ် ကစားသမားများနှင့် အတူ မိုက်ကယ်ကာရစ်၊ အန်တိုနီယို ဗလန်စီယာ၊ အန်းဒရက်စ် လင်ဒီဂေါ့ဒ်နှင့် ရီယိုဖာဒီနန်တို့ ကဲ့သို့ ပထမအသင်းကစားသမားများပါ ပါဝင်မည်ဖြစ်သည်။

မန်ယူအသင်း တောင်အာဖရိကတွင် အမာဇူးလူး၊ အေဂျက်စ်ကိပ်တောင်းအသင်းများနှင့် ရင်ဆိုင်မည်ဖြစ်ပြီးထို့နောက်တွင်မူတရုတ်နိုင်ငံသို့ ဦးတည်ကာ ရှန်ဟိုင်းဆင်ဟွာနှင့် ခြေစမ်းရန် စီစဉ်ထားသည်။




ကစားသမားအသစ်များနှင့်အတူ တွေ့ရသော မန်ယူအသင်းနည်းပြ ဖာဂူဆန်

# ငွေကြေးကြောင့် တရုတ်သို့ ပြောင်းရွှေ့လာခြင်း မဟုတ်ဟု ဒရော့ဂ်ဘာဆို




တသုတ်နိုင်ငံသို့ပြောင်းရွှေ့ကစားရန် ရွေးချယ်ခဲ့သည့် ဆုံးဖြတ်ချက်တွင် ငွေကြေးသည် အဓိက မကျကြောင်း ဒီဒီရာဒရော့ဂ်ဘာက ပြောကြားလိုက်သည်။

ချယ် လ် ဆီး တို က် စ စ် မှူး ဟောင်းဖြစ်သည့် ဒီဒီရာဒရော့ဂ်ဘာသည် စနေနေ့က တသုတ်နိုင်ငံသို့ ဆိုက်ရောက်လာခဲ့သည်။ အိုင်ဗရီကို့စ် လက်ရွေးစင် ဒရော့ဂ်ဘာသည် စူပါလိဂ်ပြိုင်ပွဲဝင် ကလပ်အသင်း ရှန်ဟိုင်းဆင်ဟွာနှင့် စာချုပ်ထားပြီး တသုတ်နိုင်ငံ၏ လုပ်ခလစာ အမြင့်မားဆုံး ကစားသမား ဖြစ်လာကြောင်း သတင်းများ ထွက်ပေါ်လျက် ရှိသည်။ သို့သော်လည်း ဥရောပ ဘောလုံးရပ်ဝန်းကို ကျောခိုင်းကာ ရှန်ဟိုင်းကို ရွေးချယ်ခဲ့ခြင်းတွင် ငွေကြေးသည် အဓိက အကျဆုံး အစိတ်အပိုင်း မဟုတ်ဟု အသက်(၃၄)နှစ်ရှိ ဒရော့ဂ်ဘာက မီဒီယာသမားများထံ ပြောဆိုသွားသည်။

"ကျွန်တော် ဥရောပမှာ ဆက်နေဖို့ ဘာမှ မခက်ပါဘူး။ ဒါပေမဲ့ အဲဒီအစား ကျွန်တော် တသုတ်ကို ရွေးလိုက်တယ်။ ငွေကြေးဟာ အရေးအကြီးဆုံး အရာတော့ မဟုတ်ပါဘူး။ ကျွန်တော် ဒီကို လာခဲ့တာဟာ လုံးဝအတွေ့အကြုံသစ် တစ်ခုကို လိုလားလို့လည်း ဖြစ်ပါတယ်။ အသင်းနဲ့အတူ အောင်မြင်မှုတွေ ရယူပြီး ချန်ပီယံဘွဲ့ကိုလိုချင်ပါတယ်။ကစားသမားဘဝကိုအဆုံးသတ်ဖို့တသုတ်ကိုရွေးချယ်ခဲ့တာ မဟုတ်ပါဘူး" ဟုလည်း ဒရော့ဂ်ဘာက ရှင်းလင်းခဲ့သည်။

ဒီဒီရာဒရော့ဂ်ဘာသည် ချယ်လ်ဆီးကို ကလပ်အသင်း သမိုင်းတစ်လျှောက် ပထမဆုံး ချန်ပီယံလိဂ်ဆုဖလား ဆွတ်ခူးနိုင်ရန် အရေးအပါဆုံးနေရာမှ အကူအညီ ပေးခဲ့ပြီးနောက် ရှန်ဟိုင်းနှင့် စာချုပ်ခဲ့ခြင်းဖြစ်သည်။

❖အားကစားသတင်းများကို www.soccermyanmar.com မှ ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။❖

# အသက်(၁၉)နှစ်အောက် ဥရောပ ချန်ပီယံ ဘွဲ့ကို ကာကွယ်ခဲ့သည့် စပိန်အသင်း

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် UEFAအသက်(၁၉)နှစ်အောက် ဥရောပဖလားပြိုင်ပွဲတွင် စပိန်အသင်းက အနိုင်ရဗိုလ်စွဲ သွားခဲ့သည်။

ဥရောပ ဖလားတွင် စပိန်လက်ရွေးစင်အသင်း အနိုင်ရ ဗိုလ်စွဲထားသည့် ခြေလှမ်းအတိုင်း လူငယ်များကလည်း လိုက်လံ လျှောက်လှမ်းကာ နိုင်ငံအတွက် အောင်မြင်မှုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဂရိကို (၁–၀) ဖြင့် အနိုင်ရသော ဗိုလ်လုပွဲတွင် စပိန်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကိုဂျီဆီသိုဒရီဂွတ်ဇ်ကသွင်းယူခဲ့သည်။ ရီးယဲလ် မက်ဒရစ်အသင်းမှ လူငယ်ကစားသမားလေးသည် ပွဲပြီးရန် (၁၀)မိနစ်အလိုတွင် အဖိုးတန်ဂိုးကို ရယူပေးခဲ့ ခြင်း ဖြစ်သည်။ အသက်(၁၉)နှစ်ရှိ ဂျီဆီသည် စုစုပေါင်း(၅)ဂိုးသွင်းကာ ပြိုင်ပွဲ၏ ဂိုးသွင်းဘုရင်လည်း ဖြစ်လာ ခဲ့သည်။

စပိန်အသင်းသည် ပြိုင်ဘက်များကို ဘောလုံးပိုင်ဆိုင်မှု အသာစီးယူကာ ဖိအားပေး ထိုးဖောက်သည့် လက်ရွေးစင်အသင်းကြီး၏ ကစားဟန်အတိုင်း တုပကစားကာ ချန်ပီယံဆု ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ စပိန်အသင်းသည် ပြီးခဲ့သည့် နှစ်ကလည်း ချက်အသင်းကို အနိုင်ရကာ ဗိုလ်စွဲခဲ့သဖြင့် ချန်ပီယံဆုကို အောင်မြင်စွာ ကာကွယ်နိုင်မှု ဖြစ်လာသည်။ စပိန်သည် (၂၀၀၂)ခုနှစ် နောက်ပိုင်းတွင် အသက်(၁၉)နှစ်အောက် ဥရောပဖလား၌ ဗိုလ်လုပွဲကို (၇)ကြိမ် တက်ရောက်ကာ (၆)ကြိမ် ဗိုလ်စွဲနိုင်ခဲ့သည်။ စပိန်နှင့် အင်္ဂလန်တို့သည် အဆိုပါပြိုင်ပွဲတွင် စုစုပေါင်း (၉)ကြိမ်စီ ဗိုလ်စွဲပြီး အအောင်မြင်ဆုံး အသင်းများအဖြစ် ရပ်တည်နေကြောင်းလည်း သိရှိရသည်။



## တောင်ငူရှိ ထုံးဘိုရွာကို စံပြရွာဖြစ်ရေး Asia World ကုမ္ပဏီ ကြိုးစားနေ




သောက်ရေခပ်ချောင်းကို အပေါ်စီးမှ မြင်တွေ့ရပုံ

**ဇူလိုင်လ ၁၉ရက်။ ၂၀၁၂ခုနှစ်**
**နော်ဆဲကလယ် (ကေအိုင်စီ)**

ရေကာတာ တည်ဆောက်သဖြင့် ရွှေ့ပြောင်းရသည့် ပဲခူးတိုင်း၊ တောင်ငူမြို့နှင့် ၁၄မိုင်ဝေးသောထုံးဘိုရွာအား စံပြကျေးရွာတည်ဆောက်ပေးရန်အတွက် တိုင်းဝန်ကြီးချုပ်ထံ စာတင်ထားပြီး တည်ဆောက်ခွင့်ရပါက အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု အဆိုပါစီမံကိန်းကို တာဝန်ယူတည်ဆောက်နေသော Asia World ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ကေအိုင်စီကို ပြောသည်။

ဌင်းင်းတာဝန်ခံ ကိုစည်သူက "ကျနော်တို့ မတ်လကတည်းက စာတင်ထားတာပါ။ နဂါးမောက်ရွာရဲ့ မြောက်ဘက်ကပ်လျက်မှာ ကေ၁၀၀ မြေစာရင်းသုံးကို တောင်းထားပါတယ်။ ကျေးရွာလူထုကိုလည်း နားလည်အောင်ရှင်းပြထားပါတယ်။ အစိုးရဘက်က ခွင့်ပြုချက်ကျလာတာနဲ့ ကျနော်တို့ ချက်ချင်း လုပ်ဆောင်ပေးမှာပါ"ဟု ဆိုသည်။

ပလက်ချောင်းကို အသုံးပြုကာ သောက်ရေခပ်(၁)၊ သောက်ရေခပ်(၂)ဟူ၍ ရေကာတာ နှစ်ခုတည်ဆောက်မည်ဖြစ်ပြီး သောက်ရေခပ်(၂)မှာ တည်ဆောက်ပြီးစီးသော်လည်း လာမည့် နိုဝင်ဘာလကျမှသာ လျှပ်စစ်ဓာတ်အား ၄၀မဂ္ဂါဝပ် ထုတ်လုပ်မည်ဟု သိရသည်။

"Asia World ရဲ့ စီမံကိန်းထဲမှာတော့ လျှပ်စစ်မီးပေးမယ့်အပြင် စာသင်ကျောင်း၊ ဘုရားကျောင်း၊ ရေတွင်းရေကန်၊ ကစားကွင်းနဲ့ အိမ်ယာဆောက်လုပ်ဖို့ ပါတာကို တွေ့ရပါတယ်။ မြေစာရင်းသုံးတင်တဲ့စာရွက်စာတမ်းကအစ ကျနော်တို့ကို သေချာပြပါတယ်။ တကယ်လုပ်ပေးမယ်ဆိုရင်တော့ ကိုယ့်ရပ်ရွာဖွံ့ဖြိုးရေးအတွက် ကျနော်တို့က ကြိုဆိုပါတယ်"ဟု တောင်ငူမြို့ခံတစ်ဦးက ဆိုသည်။

ရေကာတာမှရမည့် လျှပ်စစ်ဓာတ်အားကိုတောင်ငူဓာတ်အားခွဲသို့ ပေးပို့မည်ဖြစ်ပြီး အစိုးရမှ သုံးစွဲသည့် ယူနစ် စုစုပေါင်းကို ကုမ္ပဏီသို့ ပေးချေရမည်ဖြစ်ကြောင်း Asia World(အာရှမြေ ကုမ္ပဏီ)မှ တာဝန်ရှိသူက ပြောကြားခဲ့သည်။

သို့သော် ရွာရွှေ့ပြောင်းခဲ့ရသူ ထုံးဘိုရွာသား စောထူးက "ကျနော်တို့ဒေသကထွက်တဲ့ လျှပ်စစ်ကို ကျနော်တို့ဒေသအကျိုးအတွက် ပြန်လုပ်ပေးမယ်လို့ သိရပါတယ်။ ရွာကိုလည်း စံပြရွာလုပ်ပေးမယ်လို့ ကတိပေးထားပါတယ်။ ရွာကလူတွေကလည်း ကျေနပ်ပါတယ်။ တကယ်လုပ်ပေးမလားဆိုတာကိုတော့ စောင့်ကြည့်နေပါတယ်"ဟု ဆိုသည်။

ထိုရေကာတာစီမံကိန်းသည် ယခင်စစ်အစိုးရလက်ထက် ကတည်းက စတင်ခဲ့ပြီး ဆက်လက် မလုပ်ဆောင်နိုင်ခြင်းကြောင့် Asia World မှ ၂၀၀၇ခုနှစ်၊ နိုဝင်ဘာလက လွှဲပြောင်းယူခဲ့ခြင်းဖြစ်သည်။

"ကျနော်တို့ဒေသကထွက်တဲ့ လျှပ်စစ်ကို ကျနော်တို့ဒေသအကျိုးအတွက် ပြန်လုပ်ပေးမယ်လို့ သိရပါတယ်။ ရွာကိုလည်း စံပြရွာ လုပ်ပေးမယ်လို့ ကတိပေးထားပါတယ်။ ရွာကလူတွေကလည်း ကျေနပ်ပါတယ်။ တကယ်လုပ်ပေးမလားဆိုတာကိုတော့ စောင့်ကြည့်နေပါတယ်။"

တောင်ငူမြို့နယ်ရှိ ထုံးဘို ရွာမှာ ၂၀၀၆ခုနှစ်တွင် အိမ်ထောင်စု ၇၃စုဖြင့် ရွှေ့ပြောင်းခဲ့ရခြင်းဖြစ်ပြီး လက်ရှိအချိန်၌ အိမ်ထောင်စု ၉၃စုရှိသည်ဟု သိရသည်။

## ၆၅နှစ်မြောက် အာဇာနည်နေ့တွင် သံဃာတော်များအား ကရင်ပြည်နယ် အစိုးရ ဆွမ်းကပ်ခဲ့

**ဇူလိုင်လ ၁၉ရက်။ ၂၀၁၂ခုနှစ်၊**
**(ကေအိုင်စီ)**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်နယ်အစိုးရမှ ဦးဆောင်ပြီး ယနေ့ ကျရောက်သော ၆၅ကြိမ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် သံဃာတော် ၁၈ပါးကို ဆွမ်းကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်ရဲမင်းကြီး ဦးသိန်းကြည်က "ဆွမ်းကပ်ပွဲလေး လုပ်ပါတယ်။ ဒါက ပြည်နယ်အစိုးရ အစီအစဉ်နဲ့ပေါ့နော်။ ဌာနဆိုင်ရာတွေ၊ ရပ်မိ ရပ်ဖတွေ၊ ကျောင်းသားပြည်သူတွေလည်း လာကြတယ်လေ။ သံဃာတွေကို ဆွမ်းကပ်တယ်။ လာတဲ့လူတွေကို ကြာဇံချက်ကျွေးတယ်။ အားလုံး အေးအေးဆေးဆေးပါပဲ"ဟု ကေအိုင်စီသို့ ပြောသည်။

ယနေ့နံနက် ၉နာရီ အချိန်မှစ၍ဘားအံမြို့၊အမှတ်(၉)ရပ်ကွက်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင်ပြုလုပ်ခဲ့သည့်ဌင်းင်းဆွမ်းကပ်လှူဒါန်းပွဲသို့ အစိုးရအဖွဲ့၊ ဌာနဆိုင်ရာ အရာရှိများ၊ နိုင်ငံရေးပါတီနှင့် ငြိမ်းချမ်းရေးအဖွဲ့မှ ကိုယ်စားလှယ်များ အပါအဝင် ပရိရတ် ၂၀၀ကျော် သွားရောက်ခဲ့သည်ဟု မြို့ခံတစ်ဦး ပြောသည်။

ကရင်ပြည်နယ် လွှတ်တော်ကော်မရှင်ဒုဥက္ကဌ၏ကိုယ်ရေးအရာရှိက "ဒီမနက်တော့ အာဇာနည်နေ့ အထိမ်းအမှတ်ဆိုပြီး ဆွမ်းကပ်တာတစ်ခုပဲ ဖိတ်တဲ့အတွက် ဆွမ်းကပ်ပွဲပဲ သွားပြီး ပြန်လာပါတယ်။ တခြားဘာ အစီအစဉ်တွေ လုပ်သေးလဲတော့ မသိဘူး"ဟု ကေအိုင်စီသို့ပြောသည်။

ပြီးခဲ့သည့်နှစ်က ကရင်ပြည်နယ် ဘားအံမြို့တွင် အာဇာနည်နေ့ အထိမ်းအမှတ်ကို တစုံတရာ ဆောင်ရွက်ခြင်း မရှိခဲ့သလို ယခုနှစ်တွင်လည်း ဆွမ်းကပ်လှူဒါန်းပွဲမှလွဲ၍ အခမ်းအနားများ၊ ဟောပြောပွဲများ ပြုလုပ်ခြင်းမရှိဟု သိရသည်။

❏❏❏

## ထားဝယ်မြို့နယ်တွင်ကုမ္ပဏီများ ထပ်မံ သစ်ခုတ်မည်ကို ဒေသခံများ စိုးရိမ်နေ

**ဇူလိုင်လ ၁၉ရက်။ ၂၀၁၂ခုနှစ်**
**နော်ဆဲကလယ် (ကေအိုင်စီ)**

တနင်္သာရီတိုင်း၊ ထားဝယ်မြို့နှင့် ၁၃မိုင် ကွာဝေးသော အညာဖျား ကျေးရွာအုပ်စုတွင် လာမည့် နွေရာသီ၌ သစ်ထုတ်လုပ်ရေး ကုမ္ပဏီများက ထပ်မံ၍ သစ်များ လာရောက်ခုတ်ယူမည်ဟု ယခင်လက ပြောဆိုခဲ့သည့်အပေါ် ဒေသခံ ပြည်သူများက စိုးရိမ်လျက်ရှိသည်။

"ကုမ္ပဏီတွေက နွေကျရင် ကျနော်တို့ဘက်က သစ်တွေကို လာခုတ်ယူအုံးမယ်လို့ အရင်လက လာပြောသွားတယ်လေ။ အဲဒါ ဘယ်ကိုတိုင်လို့ တိုင်ရမှန်းလည်း မသိဘူး။ သူတို့က နေပြည်တော်က ပါမစ်ရတယ်ဆိုပြီး လုပ်နေကြတာကိုး"ဟု ဒေသခံ ညောင်ချောင်းရွာသား တစ်ဦးက ကေအိုင်စီသို့ ပြောသည်။

သစ်ကုမ္ပဏီများ ဖြစ်ကြသည့် Delcoနှင့် May Flower ကုမ္ပဏီများမှာ လွန်ခဲ့သည့် ၂နှစ်ခန့်က အညာဖျားကျေးရွာအုပ်စုအနီးရှိ ကျေးရွာလူထုပိုင် ဥယျာဉ်ခြံမြေများကို နေပြည်တော်မှ လုပ်ပိုင်ခွင့်ပါမစ်ဖြင့်ဟုဆိုကာ သိမ်းယူသွားခဲ့ပြီး တန်ဖိုးနည်း လျော်ကြေးများပေးရာ အချို့ခြံပိုင်ရှင်များမှာ လက်မခံသူများလည်း ရှိသည်။

အမည်မဖော်လိုသူ ဒေသခံတစ်ဦးက "အစိုးရပိုင်သစ်တောအပြင် ရွာသား၅ဦးပိုင်တဲ့ ဥယျာဉ်ခြံလည်း ပါပါတယ်။ ၂ဦးကို အလျော်ပေးပါတယ်။ တစ်ဦးကို ၃၅သိန်းနဲ့ပါ။ ကျန် ၃ဦးက မယူဘူး။ ခြံထဲမှာရှိတဲ့ အပင်တွေက ၃၅သိန်းမကဘူးလို့ ပြောပါတယ်။ တိုးတောင်းတာလည်း မပေးဘူး။ တရားစွဲမယ်ဆိုတော့လည်း ဘယ်လိုလုပ်ရမှန်း မသိလို့ အခုလို ကြာနေတာပါ။ နေပြည်တော်က ပါမစ်ရတယ်လို့ ပြောတော့လည်း မတိုင်ရဲတာ ပါပါတယ်"ဟု ဆိုသည်။

ထိုသို့ သစ်ခုတ်ရာတွင် ရရှိသည့်လုပ်ပိုင်ခွင့်(ပါမစ်)မှာ တန် ၁၀၀ ဟု ကုမ္ပဏီ တာဝန်ရှိသူများကဆိုသော်လည်း တစ်ပတ်အတွင်း တန် ၈၀၀ခန့် ခုတ်ယူသွားသည်ကိုတွေ့ရကြောင်း မျက်မြင်သက်သေ ဒေသခံများက ပြောဆိုနေကြသည်။

"ကားတွေနဲ့ တိုက်ချနေတာကို တွေ့တာပေါ့။ ကားတစ်စီးမှာ ဘယ်နှစ်တန်ဆံ့သလဲဆိုတာ ကျနော်တို့လည်း သစ်လုပ်နေတော့ တန်ကို ခန့်မှန်းလို့ရတာပါ။ သစ်တွေကို ထားဝယ်ရေနက်ဆိပ်ကမ်းဘက် သယ်တာတွေ့ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

သိမ်းဆည်းခံလိုက်ရသည့် ဥယျာဉ်ခြံများထဲတွင် အုန်း၊ သရက်၊ ပိန္နဲ၊ အင်၊ ကညင်စသည့် နှစ်ရှည်ခံ သစ်ပင်ကြီးများရှိရာ ထိုသစ်တောများကိုခုတ်လှဲခြင်းမရှိစေရေးအတွက် ကျေးရွာလူထုအနေဖြင့် မည်သူ့ထံသို့ အကူအညီ တောင်းခံရမှန်းမသိ ဖြစ်နေရသည်။

အညာချောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်အောင်မှ သစ်စတင်ခုတ်မည့်အချိန်တွင် ကုမ္ပဏီကို သွားရောက်ပြောဆိုရာ လျော်ကြေးလိုချင်ပါက လက်မှတ်ထိုးနိုင်ပြီး လက်မှတ်မထိုးပါက လျော်ကြေးလုံးဝ မပေးနိုင်ကြောင်းနှင့် အလကား သိမ်းမည်ဖြစ်ကြောင်း ပြောဆိုသည်ဟုသိရသည်။

"ကျနော်တို့ကို နင်တို့ ဒီသစ်တောတွေရှိလို့လည်းဘာထူးမှာလည်းလို့ ပြောပါတယ်။ ရွာကို ဘာလုပ်ပေးမှာလဲဆိုတော့လည်း ဘာမှ မလုပ်ပေးဘူးလို့ ပြောတယ်။ လောလောဆယ်တော့ သစ်တောကို ဖြတ်ဆင်းတဲ့ချောင်းဟာ သစ်တောမရှိတော့တဲ့အတွက် နွေမှာခမ်းလို့ ရွာကလူတွေ ရေခက်ခဲပါတယ်"ဟု အုပ်ချုပ်ရေးမှူးနှင့်အတူလိုက်ပါပြောဆိုသူ ရွာသားတစ်ဦးက ပြောသည်။

## ရေးမြို့နယ်တွင် အာဇာနည်နေ့ ကျင်းပခွင့်မရ

**ဇူလိုင်လ ၁၆ရက်။ ၂၀၁၂ခုနှစ်**
**နန်းယဉ် (ကေအိုင်စီ)**

မွန်ပြည်နယ်၊ရေးမြို့နယ်တွင် လာမည့် ဇူလိုင်၁၉ရက်တွင် ကျရောက်မည့် (၆၅)နှစ်မြောက် အာဇာနည်နေ့ ချီတက်အလေးပြုခြင်းအခမ်းအနား ကျင်းပခြင်းကို အာဏာပိုင်တို့က ခွင့်မပြုကြောင်း သိရသည်။

အာဇာနည်နေ့ ချီတက် အလေးပြုခြင်း အခမ်းအနားအတွက် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်း ပြုလုပ်လိုကြောင်း ရေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့၏ လျှောက်ထားချက်ကို ရေးမြို့နယ် ရဲတပ်ဖွဲ့မှူးသုံးက ဇူလိုင်လ ၁၄ရက်နေ့တွင် ငြင်းပယ်လိုက်ခြင်း ဖြစ်သည်။

"ရေးမြို့နယ်မှာ အာဇာနည်နေ့ ကျင်းပခွင့်မရဘူး။ ရေးမြို့နယ် အုပ်ချုပ်ရေးမှူးအဖွဲ့ကနေ သူတို့ ငြင်းပယ်လိုက်တယ်ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ကျနော်တို့ကို အကြောင်းပြန်ကြားလာတာပါ"ဟု မော်လမြိုင်မှ NLDပြန်ကြားရေး တာဝန်ခံ ကိုကိုဇော်က ပြောသည်။




အခမ်းအနား ကျင်းပသည့်နေရာသည် အထက(၁) ဘောလုံးကွင်းဘေးဖြစ်ပြီး ကလေးသူငယ်များနှင့် အများပြည်သူများ အားကစားပြုလုပ်သည့်နေရာဖြစ်ခြင်း၊ ထိုနေရာကို အာဇာနည်နေ့ အခမ်းအနားပြုလုပ်ရန် မသတ်မှတ်ထားခြင်း၊ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း တည်ရှိပြီး အများပိုင်မြေ အဖြစ် တည်ရှိနေခြင်းကြောင့် မည်သည့်အဖွဲ့အစည်းကိုမျှ ခွင့်ပြု၍ မရဟု ပြန်ကြားခဲ့သည်။

ထို့အပြင် ရန်ကုန်မြို့၊ အာဇာနည်ဗိမာန်တွင် အာဇာနည်နေ့ အခမ်းအနား ပြုလုပ်ရန် ဆောင်ရွက်လျှက်ရှိသဖြင့် ယခု လျှောက်ထားသည့် နေရာသည် လွှမ်းသူပန်းခွေ ချသင့်သည့် နေရာမဟုတ်ကြောင်း စသည့်အကြောင်းပြချက်များနှင့် ငြင်းပယ်ခဲ့သည်ဟုဌင်းင်းကပြောဆိုသည်။

ရေးမြို့နယ်နည်းတူ မွန်ပြည်နယ်၊သံဖြူဇရပ်မြို့နယ်နှင့်ပဲခူးမြို့နယ်၊ ပြည်မြို့နယ်တို့တွင်လည်း အာဇာနည်နေ့ ချီတက်အလေးပြုခြင်း အခမ်းအနား ကျင်းပခွင့်ကို အာဏာပိုင်တို့က ခွင့်မပြုသဖြင့် ကျင်းပခွင့် မရရှိကြောင်း သိရသည်။

သို့သော်လည်းမွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် ပြည်နယ်ဝန်ကြီးချုပ်၏ တရားဝင်ခွင့်ပြုချက်ဖြင့် ဇူလိုင်လ ၁၉ရက်နေ့၌ ကျရောက်သည့် အာဇာနည်နေ့အခမ်းအနား ကျင်းပခွင့်ရရှိထားသည်ဟုလည်း ကိုကိုဇော်က ပြောသည်။

မြန်မာပြည်တွင် ၁၉၄၇ခုနှစ်၊ ဇူလိုင်လ ၁၉ရက်နေ့က ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် မိုင်းပွန်စော်ဘွားစပ်စံထွန်း၊ ဦးဘဝင်း၊ ဒီးဒုတ်ဦးဘချို၊ မန်းဘခိုင်၊ ဦးရာဇတ်၊ အတွင်းဝန်ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့ လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့်နေ့ကိုအစွဲပြု၍ အာဇာနည်နေ့ဟု သတ်မှတ်ခဲ့ကြသည်။

ကရင့်အမျိုးသားနှင့် ပတ်သက်သော လှုပ်ရှားမှုမှတ်တမ်းဓါတ်ပုံ၊ ဆောင်းပါးနှင့် သတင်းများကို ကရင်သတင်းဌာနသို့ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်သည်။



Karen Information Center မှ လစဉ် ထုတ်ဝေဖြန့်ချီသည်။